# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာ သောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၀ ပြည့်နှစ် တပို့တွဲလဆန်း ၇ ရက်၊ တနင်္လာနေ့။ Monday 11 February 2019 ၉၅၅၉


# အမျိုးသားစာဆိုတော်ကြီး မင်းသုဝဏ်၏ နှစ် (၁၁၀) ပြည့် မွေးနေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် သူတို့မြင်သော မင်းသုဝဏ် စာအုပ်မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ




အမျိုးသားစာဆိုတော်ကြီး မင်းသုဝဏ်၏ နှစ် (၁၁၀) ပြည့်မွေးနေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် သူတို့မြင်သော မင်းသုဝဏ် စာအုပ်မိတ်ဆက်ပွဲအခမ်းအနားတွင် ဆရာကြီး မင်းသုဝဏ်၏သား နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော် အမှတ်တရဂုဏ်ပြုစကားပြောကြားစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

အမျိုးသားစာဆိုတော်ကြီး မင်းသုဝဏ်၏ နှစ် (၁၁၀) ပြည့် မွေးနေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် သူတို့မြင်သော မင်းသုဝဏ်စာအုပ် မိတ်ဆက်အခမ်းအနားကို ယနေ့ ညနေ ၄ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်ရှိ သမဝါယမစီးပွားရေးဗဟိုဌာနၵ္ဍ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံမှပေးပို့သည့် အမျိုးသားစာဆိုတော်ကြီး မင်းသုဝဏ်၏ နှစ်(၁၁၀) ပြည့် မွေးနေ့အထိမ်းအမှတ် ဂုဏ်ပြုစကားဗီဒီယိုဖိုင်ကို ပြသသည်။

ထို့နောက် ဆရာကြီးမင်းသုဝဏ်၏ နှစ်(၁၁၀) ပြည့် မွေးနေ့အတွက် ဂုဏ်ပြုသည့်အနေဖြင့် တေးရေး နှလုံးသားက ရေးစပ်သီကုံးပြီး ဂီတမျိုး သျှန်ထွန်း(မြန်မာစာ)က တီးခတ်သည့် "ကမ္ဘာတည်မည့်စာဆို မင်းသုဝဏ်" ဂုဏ်ပြုသီချင်းကို တေးသံရှင်များက သီဆိုကြသည်။

ယင်းနောက် ဆရာကြီးမင်းသုဝဏ်၏ ဒုတိယမြောက်သားဖြစ်သူ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်က အမှတ်တရဂုဏ်ပြုစကားကို ပြောကြားသည်။

ထို့နောက် ဆရာကြီး မင်းသုဝဏ်၏ ဘဝပုံရိပ်လွှာများ စုစည်းထားရှိမှုကို ပြသသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

## မန္တလေးတွင် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော် ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၀

**(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဆင္ဓမအကြိမ် တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော်ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အဆင့်မြင့်အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက် မှ ၁၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။**

မန္တလေးမြို့တွင် အခြေချနေထိုင်ကြသော ကချင်၊ ကရင်၊ ကယန်း၊ ကိုးကန့်၊ ချင်း၊ တောင်ရိုး၊ တအာင်း၊ နာဂ၊ ပအိုဝ်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ရှမ်းနီ၊ အင်းသား၊ ဓနု၊ ယော၊ လီဆူ တိုင်းရင်းသားလူမျိုးစု ၁၈ မျိုး၏ ဒေသထွက်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် စုံစုံလင်လင်ရောင်းချလျက်ရှိကြောင်း သိရသည်။

တိုင်းရင်းသားလူမျိုးစုများဈေးရောင်းပွဲတော်သို့ မည်သူမဆို လာရောက် အားပေးနိုင်ကြောင်း၊ ညပိုင်းများတွင် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု အကအလှဖျော်ဖြေပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း မန္တလေးမြို့အခြေစိုက် တိုင်းရင်းသားလူမျိုးစုများအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးစိုင်းဆိုင်မိုင်းက ပြောသည်။

"တိုင်းရင်းသားတွေရဲ့ အသုံးအဆောင်ပစ္စည်းတွေ၊ ဒေသထွက်ကုန်ပစ္စည်းတွေ

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖**


ကြေးမုံ **သတင်းအညွှန်း**

**စာကြည့်တိုက်မှူးဆု ပထမဆုံးအကြိမ် ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ** စာမျက်နှာ » ၃

**ပြည်ထောင်စုစည်းလုံးညီညွတ်ရေးအုတ်မြစ် ပထမပင်လုံ** စာမျက်နှာ » ၆

**ဗင်နီဇွဲလား နေရပ်စွန့်ခွာသူအရေအတွက် ယခုနှစ်အတွင်း ငါးသန်းခန့် မြင့်တက်ဖွယ်ရှိ** စာမျက်နှာ » ၁၂





# ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ '(၂၁) ရာစုပင်လုံ'မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး 'စည်းလုံးညီညွတ်စွာ' ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သောပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

ကြေးမုံ

## ကြီးကျယ်မြင့်မြတ်သော ကံသတ္တိ

မြန်မာလူမျိုးတို့သည် ကံကံ၏အကျိုးကို ယုံကြည်ကြသည်။ ကံဆိုသည်မှာ ပြုလုပ်သောအမှုဖြစ်သည်။ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုဖြစ်သည်။ ထိုပြုသောကံ၏ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ကြရသည်။ ထိုအကျိုးတရားသည် ကံသတ္တိဖြစ်သည်။

အသီးသီးသောသစ်ပင်မျိုး၌ အသီးသီးစေတတ်သော ဓာတ်သတ္တိ အမြဲပါရှိ၏။ သစ်ပင်ပေါက်ခါစ၌လည်း ပါရှိ၏။ အညွန့်၊ အခက်၊ အရွက် ထွက်သောအခါ ပင်လုံးနှင့်တကွ အသီးအစေ့၌လည်း ပါ၏။ ထိုအစေ့ရင့်၍ မြေချပြီး စိုက်ပျိုးသောအခါ၌လည်း အသီးသီးစေသော ဓာတ်သတ္တိ ပါရှိ၏။ ထိုဓာတ်သတ္တိသည် ဘယ်လိုအရာဟု ခွဲခြားမရသော်လည်း ထိုသစ်ပင်အမျိုးတို့၏ အစဉ်အဆက်မှာ သီးစေတတ်သော ဓာတ်သတ္တိ ဧကန်ပါရှိခဲ့ပေသည်။

လူ့ဘဝသည်လည်း ဤသို့ပင်ဖြစ်သည်။ ယခင်၊ ယခု ပြုလုပ်သမျှသော အမှုတို့၏ ကံသတ္တိအတိုင်းဖြစ်ကြရသည်။ စေတနာကံတရား၏ ကံသတ္တိသည် အမြဲလိုက်ပါအကျိုးပေးလျက်ရှိ၏။ အကျိုးမပေးရသေးသည့်ကံတို့သည်လည်း အစဉ်လိုက်ပါလျက်ရှိ၏။ ထိုကံသတ္တိကို ဗီဇသတ္တိဟုလည်း ဆိုနိုင်၏။ ဗီဇသတ္တိသည် ကံအကြောင်းအတိုင်းဖြစ်သည့် ပြုပြင်ဖန်တီး၍ မရသော ပင်ကိုသတ္တိလည်းဖြစ်သည်။ ဗီဇသတ္တိမှအပ လူသားတစ်ယောက်အား ပြုပြင်ဖန်တီးသော အခြားအကြောင်းအရာဟူသမျှသည် ပတ်ဝန်းကျင် ဖြစ်သည်။

ထို့ကြောင့် ဗီဇသတ္တိသည် ပြုပြင်ဖန်တီး၍မရသော မွေးရာပါအရည်အချင်းဖြစ်ပြီး ပြုပြင်ဖန်တီးပေးနိုင်သည်မှာ ပတ်ဝန်းကျင်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်အဖို့ ပတ်ဝန်းကျင်ကောင်းရှိပြီး ထူးခြားသည့် စွမ်းဆောင်မှုကြောင့် အသိအမှတ်ပြုကြရသည်။ တိုင်းကျော်၊ ပြည်ကျော် အများတကာအသိအမှတ်ပြုကြသော ဗိုလ်ချုပ်အောင်ဆန်း၏အကြောင်း အရာမှန်သမျှတို့သည် ဗိုလ်ချုပ်အောင်ဆန်းအား ကြီးကျယ်မြင့်မြတ်အောင် ဖန်တီးပေးသော ပတ်ဝန်းကျင်အခြေအနေများဖြစ်သည်ဟု ဆိုအပ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ပင်ကိုဗီဇစွမ်းရည်သတ္တိများမှာ အများတကာနှင့်မတူသည့် တစ်မူထူးကဲသော ပုဂ္ဂိုလ်ကြီးဖြစ်သည်ကို မျိုးရိုးဗီဇနှင့် မွေးဖွားစဉ်ကတည်းကစ၍ အစွမ်းသတ္တိများအရ သိရှိလက်ခံထားကြပြီး ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ကြီးကျယ်မြင့်မြတ်သောအကြောင်းအရာများကိုသာ များသောအားဖြင့် သိရှိမှတ်သားကြရပြီး ဗိုလ်ချုပ်အောင်ဆန်းအား ကြီးကျယ်မြင့်မြတ်အောင် ဖန်တီးပေးသောဗီဇသတ္တိကိုလည်း ရှာဖွေလေ့လာကြရမည်ဖြစ်သည်။

"ကျွန်တော်ကား ကြွားရမည်ဆိုလျှင် မျိုးကြီးဆွေကြီးမှ ပေါက်ဖွားသူဖြစ်သည်။ ဂျင်ဂျစ်ခံအမှုးရှိသောတရုတ်တို့ ဝင်ရောက်နှောင့်ယှက်သော အခါတွင် နိုင်ငံခြားသားတို့၏ လက်အောက်တွင်မနေလို၍ လွတ်ရာကျွတ်ရာ ကျွန်တော် မွေးဖွားရာဒေသသို့ စုန်ဆင်းခဲ့သည်ဟု ဦးလေး တစ်ယောက်က ပြောဖူးသည်။ အလောင်းဘုရား တတိယနိုင်ငံတော် ထူထောင်စဉ်အခါက တိုင်းပြည်မှာ ဖရိုဖရဲဖြစ်၍နေရာ ရွှေဘိုမြို့မှ ဦးအောင်ဇေယျထ၍၊ ကျွန်တော်တို့၏အဆက်အနွယ် ပင်းမင်းကြီးဦးမြတ်ဆိုသူမှာလည်း မိမိ နယ်ကို ဦးစီးခေါင်းဆောင်ပြု၍ ဗမာ့ထီးနန်းထူထောင်ရန်ကြံလေသည်။ နောက်မှ အလောင်းမင်းတရားအကြောင်း ကြားသိသည့်အခါ အလောင်းဘုရားထံဝင်ရောက်၍ သက်စွန့်ကြိုးပမ်းအမှုထမ်းသည်ဟုလည်း မှတ်သား ရဖူးလေသည်"ဟု ဗိုလ်ချုပ်အောင်ဆန်းက ၎င်း၏မျိုးရိုးဇာတိဂုဏ်ဒြပ်နှင့်ပတ်သက်၍ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ၌ ဖွင့်ဆိုရေးသားထားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ မြင့်မြတ်သောမျိုးရိုးဗီဇနှင့် ကြိုးပမ်းအားထုတ်ပုံများမှာ အံ့သြမကုန်နိုင်ဖွယ်ဖြစ်သည်။ နှောင်းခေတ်လူတို့အနေဖြင့် ဗိုလ်ချုပ်၏မျိုးရိုးဗီဇနှင့် ပတ်ဝန်းကျင်တို့ကို ဂုဏ်ပြုအသိအမှတ်ပြုကြရမည်ဖြစ်သလို ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံနှင့်လူမျိုးအတွက် အသက်ကိုပဓာနမထားဘဲ ကိုယ်ကျိုးစွန့်လွှတ် အနစ်နာခံပုံများကို အတုယူအားကျ၍ ဗိုလ်ချုပ်စိတ်ထား၊ ကျင့်ကြံအားထုတ်ပုံများနှင့် လမ်းညွှန်မှာကြားချက်များအတိုင်း ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

## အိမ်ခြံမြေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာတော့မည်



ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ အထပ်မြင့်အဆောက်အအုံများအား တွေ့ရစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

အိမ်ခြံမြေဈေးကွက် လည်ပတ်မည့်ကာလဖြစ်သည့် ယခုနှစ်တွင် အိမ်ခြံမြေလုပ်ငန်းများ ပြန်လည်ဦးမော့လာတော့မည်ဖြစ်သောကြောင့် အိမ်ခြံမြေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးတင်မောင်က ပြောသည်။

"အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာ ဥပဒေ ထွက်ပေါ်လာပြီဆိုရင်တော့ နဂိုက ထိုင်းမှိုင်းနေခဲ့တဲ့ အိမ်ခြံမြေအရောင်းအဝယ်တွေက ပိုသွက်လာပါလိမ့်မယ်။ ဈေးကွက်အရွေ့ကတော့ နိုင်ငံစီးပွားရေးနဲ့ ပြည်သူတွေရဲ့ အဓိကဝင်ငွေပိုလျှံမှုနဲ့ သက်ဆိုင်နေတာပါ။ နေရာတစ်ခုမှာ အရင်တုန်းကတော့ လမ်းဖောက်မထားလို့ လမ်းမရှိတော့ အိမ်ခြံမြေဈေးတက်တယ်။ နောက်တစ်ခါ အဝယ်များတဲ့အတွက် ဈေးတက်တယ်။ ဒါပေမယ့် ခုက အဲဒီခေတ်က ကုန်သွားပါပြီ။ နိုင်ငံတော်အစိုးရအနေနဲ့လည်း မြေဈေးနှုန်းမတက်အောင် နေရာအနှံ့မှာ စီမံကိန်းတွေ လုပ်သွားမှာပဲ။ စီမံကိန်းမှာရှိတဲ့ မြေကွက်နဲ့အဆောက်အအုံတွေက သင့်တင့်မျှတတဲ့ ဈေးနှုန်းနဲ့ ဆောက်လုပ်မယ်၊ ရောင်းချမယ်ဆိုရင်တော့ အိမ်ခြံမြေဈေးကွက်က ပိုပြီးသွက်လက်လာနိုင်စရာအကြောင်းရှိပါတယ်"ဟု ၎င်းက ပြောသည်။

ပုံမှန်အားဖြင့် အိမ်ခြံမြေဈေးကွက်မှာ ငါးနှစ်တစ်ကြိမ် ဈေးကွက် ပြန်လည်ဦးမော့တတ်ကြောင်း၊ ၁၉၉၇ ခုနှစ်တွင် ဈေးကွက်တည်ငြိမ်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် ဈေးကွက်ပြန်လည်ဖြစ်ထွန်းခဲ့ကြောင်း၊ ထိုအတိုင်းပင် ၂၀၀၃ ခုနှစ်၊ ၂၀၀၈ ခုနှစ်၊ ၂၀၁၂ ခုနှစ်တွင် ဈေးကွက်လည်ပတ်မှု အားကောင်းခဲ့သောကြောင့် ၂၀၁၉ ခုနှစ်သည် အိမ်ခြံမြေဈေးကွက် လည်ပတ်မည့်ကာလဖြစ်ကြောင်း အိမ်ခြံမြေလုပ်ငန်း လုပ်ကိုင်ကြသူများက ဆိုထားကြသည်။

ထို့အပြင် အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာဥပဒေမှာ နိုင်ငံတော်နှင့် အများပြည်သူအတွက် အမှန်တကယ်လိုအပ်လျက်ရှိပြီး ထိုဥပဒေထွက်ပေါ်လာပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းလုပ်ငန်းများပါ ပိုမိုခိုင်မာ အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အိမ်ခြံမြေလုပ်ငန်း အမှန်တကယ် လုပ်ကိုင်နေကြသူများထံမှ သိရသည်။

**သတင်း - ပွင့်သစ္စာ၊ ဓာတ်ပုံ - စိုးမြင့်အောင်**

## တောင်နဝင်းဆည်တမံအား အချိန်ပြည့်ကြည့်ရှုနိုင်ရန် CCTV များ တပ်ဆင်ပြီးစီး

**ပေါက်ခေါင်း ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ဆည်ကျိုးသည်ဟု ကောလာဟလသတင်းများ ယခုရက်ပိုင်းအတွင်း ထွက်ပေါ်ခဲ့သော တောင်နဝင်းဆည်ကြီးတွင် CCTV ကင်မရာများ တပ်ဆင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

တောင်နဝင်းဆည်တမံအား အချိန်ပြည့်ကြည့်ရှုနိုင်ရန် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် CCTV ရှစ်လုံး တပ်ဆင်လျက်ရှိရာ ညနေပိုင်းတွင် တပ်ဆင်ခြင်း၊ စမ်းသပ်ကြည့်ရှုခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။

အဆိုပါ CCTV တပ်ဆင်ခြင်းအား ပေါက်ခေါင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဌေးက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး CCTV မှ ရရှိသည့် အချက်အလက်များအား ပြည်သူများထံသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝက်ဘ်ဆိုက် (www.bagoregion.gov.mm) နှင့် Facebook Page (Bago Region Government Office)တို့မှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် တောင်နဝင်းဆည်တမံနှင့်ပတ်သက်၍ ကောလာဟလသတင်းများအား မယုံကြည်ကြရန်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ စောင့်ကြည့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၂၇

○ **အမျိုးသားစာဆိုတော်ကြီးမှ**

ယင်းနောက် ဆရာကြီးမင်းသုဝဏ်၏ နှစ် (၁၁၀) ပြည့် မွေးနေ့အား ဂုဏ်ပြုသည့်အနေဖြင့် ဆရာကြီး ဦးခင်အေး(ခေါ်) ဆရာမောင်ခင်မင် (ဓနုဖြူ)၊ ဆရာကြီး ဦးမြဝင်း (ဒဿန)၊ ဆရာကြီး ဦးအောင်မြင့်ဦး၊ ဆရာကြီး ဦးညီမင်းညိုတို့က ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ ဆရာမင်းသုဝဏ်အားဂုဏ်ပြုသည့်အနေဖြင့် ဗျောသံ (ကပွဲ)၊ ကလေးကဗျာ သီဆိုခြင်း၊ ကျေးဇူးမေ့ဒုက္ခတွေ့သူများ တေးဂီတအော်ပရာ ၊ ကဗျာရွတ် သရုပ်ဖော်ခြင်းတို့အပြင် တေးသံရှင် ရဲထိုက်၊ မြို့ရွှေမန်းသားဖိုးချစ် ဦးဆောင်သည့် အနုပညာအဖွဲ့တို့က တေးသီချင်းများ၊ သရုပ်ဖော်မှုများဖြင့် ဂုဏ်ပြုဖျော်ဖြေ တင်ဆက်ကြသည်။ **(ယာပုံ)**

အမျိုးသားစာဆိုတော်ကြီး မင်းသုဝဏ်၏ နှစ် (၁၁၀)ပြည့် မွေးနေ့အခမ်းအနားတွင် ဆရာမင်းသုဝဏ် ရေးသားခဲ့သည့် “သူတို့မြင်သော မင်းသုဝဏ်” စာအုပ်ကို မိတ်ဆက်ဖြန့်ချိခဲ့သည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဆရာကြီးမင်းသုဝဏ်၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပသည်။

**ဗီဇာဖြေလျှော့ပေး**

အစည်းအဝေးတွင် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်း တိုးတက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံအတွင်းသို့ လွယ်ကူအဆင်ပြေစွာ ဝင်ရောက်လည်ပတ်နိုင်ရေးအတွက် ဗီဇာဖြေလျှော့မှုများကို ပြီးခဲ့သည့်နှစ်အတွင်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုထပ်မံ၍ အနောက်နိုင်ငံများမှ ခရီးသွားများအတွက် သင့်လျော်သည့် နိုင်ငံများကိုရွေးချယ်၍ ဗီဇာဖြေလျှော့ပေးခြင်းဖြင့် ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် နိုင်ငံအလိုက်၊ နယ်မြေအလိုက် ခရီးသွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပေးထားပြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရေးရန်ပုံငွေများကို နိုင်ငံတော်မှခွင့်ပြု



ပေးထားကြောင်း၊ လုပ်ငန်းအဖွဲ့များအနေဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအစီအစဉ်များကို စနစ်တကျ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ငွေကြေးသုံးစွဲမှုများတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများအတိုင်း သုံးစွဲဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ-ဂျပန်၊ ကိုရီးယား၊ အာဆီယံ၊ ဥရောပ၊ တရုတ်ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလုပ်ငန်းအဖွဲ့များ၊ ပြည်တွင်းခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးခရီးသွားလုပ်ငန်းအဖွဲ့၊ Digital Marketing အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေးသည်။

**ပြင်ဆင်ဆောင်ရွက်**

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်လမ်းရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် လူဇင်ဘတ်နိုင်ငံ Luxemburg Development အဖွဲ့အစည်းတို့ ပူးပေါင်း၍ ခရီးသွားလုပ်ငန်းနှင့်ဧည့်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချနေသည့် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုဆိုင်ရာသင်တန်းကျောင်း၌ သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် စာသင်ခန်းများ ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

# စာကြည့်တိုက်မှူးဆု ပထမဆုံးအကြိမ် ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

စာကြည့်တိုက်ကို အခြေပြုပြီး ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သည့် စာကြည့်တိုက်မှူးအား ပထမဆုံးအကြိမ်အဖြစ် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ စနေ၊ တနင်္ဂနွေ စာအုပ်ဈေးတန်း၌ Public Librarians Support Group က ကြီးမှူးပြုလုပ်ခဲ့ပြီး စာကြည့်တိုက် ၅၀ အတွက် တစ်တိုက်လျှင် ကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ကျပ်သိန်း ၅၀ ကို Save The Library စာကြည့်တိုက်များ ကွန်ရက်မှ စာအုပ်များ လှူဒါန်းသွားမည်ဖြစ်သည်။

“မြန်မာနိုင်ငံမှာ စာကြည့်တိုက်ဆိုတာ အင်အားနည်းတဲ့ အနေအထားတစ်ခု ဖြစ်နေတယ်။ ဒီထက်အားကောင်းဖို့လိုတယ်။ စာကြည့်တိုက်အားကောင်းလာမှ ပညာသင်တဲ့အခါမှာ ဘဝတစ်လျှောက်လုံး သင်ယူနိုင်ဖို့ စာကြည့်တိုက်တွေကို အသုံးပြုပြီးတော့ လုပ်နိုင်တယ်ဆိုတဲ့ အသိကို ပေးချင်တာဖြစ်တယ်။ အခုနောက်ပိုင်း ကျောင်းစာကြည့်တိုက်တွေ၊ ရပ်ကွက်စာကြည့်တိုက်တွေများလာပြီဆိုရင် လူငယ်တွေအတွက် သွားစရာနေရာတစ်ခု ပိုတိုးလာပြီးတော့ လေ့လာစရာလည်း ရှိလာမယ်။ ဒါတွေကို ဦးဆောင်ပြီး လုပ်ကိုင်နိုင်မယ့် စာကြည့်တိုက်မှူးတွေ ပေါ်လာအောင် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပါတယ်”ဟု စာကြည့်တိုက်များ ကွန်ရက်မှ တာဝန်ရှိသူ ဦးမောင်မောင်စိုးက ပြောသည်။

ဆုချီးမြှင့်ရာတွင် စာကြည့်တိုက်အပေါ်၌ စိတ်ဝင်တစား လုပ်ကိုင်ဆောင်ရွက်နိုင်မှု၊ တိုးတက်မှု၊ စည်းရုံးလှုံ့ဆော်နိုင်မှုနှင့် စာကြည့်တိုက်ကို အခြေပြုပြီး ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မှုစသည့် အချက်များအပေါ် အခြေခံကာ ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ရာ စာကြည့်တိုက်မှူးများ အနေဖြင့် စာအုပ်ငှား၊ စာအုပ်မှတ်ရုံထက် ကျော်လွန်၍ မိမိပတ်ဝန်းကျင်၊ မိမိဒေသအကျိုးအတွက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ပထမဆုံးအကြိမ် ချီးမြှင့်သည့် စာကြည့်တိုက်မှူးဆုကို ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ညီနောင်ရေပူဝကျေးရွာ အမက ကျောင်းမှ မူလတန်းကျောင်းအုပ်ဆရာ ကျောင်းစာကြည့်တိုက်မှူး ဦးလင်းထက်အောင်က ရရှိခဲ့ပြီး ၎င်းအနေဖြင့် အဆိုပါကျောင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့်နှစ်မှ စတင်ကာ ကျောင်းစာကြည့်တိုက်မရှိသည့် အနေအထားတစ်ခုမှ ကျောင်းစာကြည့်တိုက်ဖြစ်မြောက်လာအောင် စွမ်းစွမ်းတမံဆောင်ရွက်ခြင်း၊ စည်းရုံးလှုံ့ဆော်နိုင်ခြင်း၊ ကျောင်းနံရံပန်းချီရေးဆွဲခြင်းနှင့် ကလေးများနှင့် ပတ်သက်သည့် လှုပ်ရှားမှုများ ဆောင်ရွက်နိုင်ခြင်းစသည့် ဆောင်ရွက်ချက်များကြောင့် တစ်နှစ်အတွင်း ကျောင်းစာကြည့်တိုက် ဖြစ်ပေါ်လာကာ ကလေးများအတွက်၊ ဒေသအတွက် အကျိုးပြုနိုင်ခြင်းကြောင့် အဆိုပါဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ၊ ဇာနည်မောင်**





# ရန်ကုန်မြို့ ဆူးလေစေတီတော် ရွှေသားအစစ် ထီးတော်တင်လှူပူဇော်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်မြို့လယ်တွင် တည်ထားကိုးကွယ်ထားသည့် ဆံတော်ရှင်ဆူးလေစေတီတော်၏ ထီးတော်အား ရွှေသားအစစ်ထီးတော်နှင့် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ပွဲကို ၂၀၂၀ ပြည့်နှစ်တွင် တင်လှူပူဇော်နိုင်ရန် စီစဉ်ထားကြောင်း ဆူးလေစေတီတော်နာယကအဖွဲ့ဝင် မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့်ထံမှ သိရသည်။

ရွှေပိဿာချိန် ၃၈ ပိဿာဖြင့် ရွှေထီးတော်တင်လှူမည်ဖြစ်ရာ စေတီတော်ကြံ့ခိုင်မှုကိုစစ်ဆေးပြီး ကြံ့ခိုင်မှုရှိပါက ရွှေပိဿာချိန် ၅၀ ဖြင့် တင်လှူရန် စီစဉ်ထားကြောင်း သိရသည်။ ယခုအခါ ရွှေထီးတော်နှင့်လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန် အလှူရှင်များထံမှ ရွှေ ၁၅ ပိဿာခန့်ရရှိပြီးဖြစ်သည်။ သက်တမ်းနှစ်ပေါင်း ၂၃၄၀ ရှိ ဆူးလေစေတီတော်ကြီး၏ ဘက်စုံပြန်လည်ပြုပြင်မွမ်းမံမှုများကို ငါးနှစ်တစ်ကြိမ် ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၃၂) လမ်း အမှတ် (၁၃၇) နေ ဒေါ်ခင်ကြည် စိန်ကြယ်မိသားစုပုံနှိပ်လုပ်ငန်းက အသက် (၉၀) ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းတွင် ရွှေသားထီးတော်နှင့်လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူရန်အတွက် အလှူငွေ ကျပ် ၄၅ သိန်း လာရောက်လှူဒါန်းရာ ဆူးလေစေတီတော်နာယကနှင့် ဂေါပကအဖွဲ့ခေါင်းဆောင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**အောင်သူရ**

# ၆၆ ကေဗွီ ရာဇဂြိုဟ်-ကလေး-ကလေးဝ ဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ကလေးဝဓာတ်အားခွဲရုံဖွင့်ပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနက အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် ၆၆ ကေဗွီ ရာဇဂြိုဟ်-ကလေး-ကလေးဝ ဓာတ်အားလိုင်း (၄၈ ဒသမ ၉၆) မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ကလေးဝဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ကလေးဝမြို့ရှိ အဆိုပါဓာတ်အားခွဲရုံ၌ ကျင်းပသည်။

**ပိုမိုဖြန့်ဖြူး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုသည် လျှပ်စစ်ဓာတ်အား လုံလုံလောက်လောက်ရရှိမှုနှင့် ပတ်သက်နေသည့်အတွက် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းလုံးသို့ လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ယခင်က ကလေးဝမြို့ပေါ်ရပ်ကွက် (၃) ရပ်ကွက်နှင့် အနီးရှိပတ်ဝန်းကျင် ကျေးရွာနှစ်ရွာရှိ အိမ်ထောင်စု ၁၇၆၁ စုကိုသာ ၈၀၀ ကေဗွီအေ မီးစက်တစ်လုံး၊ (၃၄၀)ကေဗွီအေ မီးစက်တစ်လုံးတို့ဖြင့် တစ်နေ့လျှင် ၄ နာရီခန့်သာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ ရာဇဂြိုဟ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှထွက်ရှိလာမည့် ဓာတ်အားများကို ၂၃၀ ကေဗွီ ကလေးဓာတ်အားခွဲရုံတွင် ရောက်ရှိနေပြီးဖြစ်သည့် နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်ပြီး ကလေးဝမြို့ကို ဆက်လက်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၆၆ ကေဗွီ ရာဇဂြိုဟ်- ကလေး - ကလေးဝ ဓာတ်အားလိုင်း (၄၈ ဒသမ ၉၆) မိုင်နှင့် ကလေးဝမြို့တွင် ၆၆ ကေဗွီ ဓာတ်အားခွဲရုံတစ်ရုံကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ရာဇဂြိုဟ်-ကလေးအပိုင်း (၂၄ ဒသမ ၄)မိုင်ကို ၂၀၁၈ ခုနှစ် ဇွန် ၇ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့ပြီး ၂၃၀ ကေဗွီ ကလေးဓာတ်အားခွဲရုံနှင့် ရာဇဂြိုဟ်ရေအားလျှပ်စစ်စက်ရုံကို ချိတ်ဆက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကလေး - ကလေးဝအပိုင်း (၂၄ ဒသမ ၅၆) မိုင် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်းပြီးစီးရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် တည်ဆောက်ပြီးစီး၍ ၆၆ ကေဗွီ ကလေးဝဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်ခဲ့ပြီးဖြစ်သည့်အတွက် ကလေးဝမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသည် ၂၄ နာရီ ဓာတ်အားရယူသုံးစွဲနိုင်ပြီဖြစ်ပါကြောင်း၊ အဆိုပါ ၆၆ ကေဗွီ ရာဇဂြိုဟ် - ကလေး - ကလေးဝဓာတ်အားလိုင်း (၄၈ ဒသမ ၉၆) မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ကလေးဝဓာတ်အားခွဲရုံ တည်ဆောက်ရေးအတွက် ကျပ်သန်းပေါင်း ၉၉၁၄ ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း ယခင်ကထက် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၅ ခုနှစ်တွင် Residential ၃၈ ဒသမ ၃၇ မဂ္ဂါဝပ်၊ Industrial ၅၂ ဒသမ ၃၃ မဂ္ဂါဝပ် စုစုပေါင်း ၉၀ ဒသမ ၇ မဂ္ဂါဝပ်ခန့်သာ သုံးစွဲနိုင်ခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် Residential ၈၄ ဒသမ ၉၈ မဂ္ဂါဝပ်၊ Industrial ၁၂၃ ဒသမ ၈၂ မဂ္ဂါဝပ် စုစုပေါင်း ၂၀၈ ဒသမ ၈ မဂ္ဂါဝပ်အထိ တိုးတက်သုံးစွဲလာနိုင်ခဲ့ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံအကျဆုံးဖြစ်သည့် လျှပ်စစ်ဓာတ်အားကို ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး ဦးစားပေးဆောင်ရွက်လျက်ရှိသောကြောင့် မိမိတို့ဝန်ကြီးဌာန၏ ဆောင်ရွက်မှုများအပေါ် ပြည်သူတစ်ရပ်လုံးကလည်း အားသွန်ခွန်စိုက် ပူးပေါင်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ပေးခဲ့မှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် ၆၆ ကေဗွီ ရာဇဂြိုဟ်-ကလေး-ကလေးဝ ဓာတ်အားလိုင်း (၄၈ ဒသမ ၉၆) မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ကလေးဝဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်း၊ ကလေးဝမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်းမြင့်နှင့် ကလေးဝမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ယင်းနောက် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ကလေးဝဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ဓာတ်အားထိန်းချုပ်ခန်းနှင့် Switch Yard အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကလေးဝမြို့အား နိုင်ငံတော်ဓာတ်အား စနစ်မှ ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်၍ ဒေသခံပြည်သူများက မီးလင်းအောင်ပွဲ အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ဖျော်ဖြေရေးများ ကျင်းပခြင်းဖြင့် ဝမ်းသာပျော်ရွှင် ကြည်နူးလျက်ရှိကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

**✱ ကျောဖုံးမှ**

ရခိုင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် ရခိုင်တိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ ခေတ္တတိမ်းရှောင်နေရခြင်းများ ဖြစ်ပွားလျက်ရှိရာ ထိုတိုက်ပွဲရှောင်များအတွက် နိုင်ငံတော်အစိုးရက ကူညီထောက်ပံ့မှုများ ပေးအပ်လျက်ရှိသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ တတိယပတ်မှစတင်၍ နှစ်ပတ်စာ ဆန်ရိက္ခာဖိုးငွေများကို ပထမအကြိမ်အဖြစ် ထောက်ပံ့ပေးအပ်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆန်ရိက္ခာဖိုးငွေကျပ် တစ်လစာ၊ အိမ်ထောင်စုများအလိုက် စောင်များ၊ အခင်းများနှင့် တာပေါ်လင်စများကို အိမ်ထောင်စု ၉၇၀၊ လူဦးရေ ၄၄၇၀ အတွက် ပြည်နယ်အစိုးရထံသို့အပ်နှံ၍ လက်ဝယ်အရောက် ဆက်လက်ထောက်ပံ့ရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်ရာ တစ်လခွဲစာရိက္ခာများ ပေးအပ်ပြီးဖြစ်သည်။

**အကူအညီရယူနိုင်**

ယနေ့နံနက်ပိုင်းတွင် ထပ်မံ၍ တိုက်ပွဲရှောင် ရခိုင်တိုင်းရင်းသားများနှင့် တိုက်ပွဲရှောင်ဒေသခံပြည်သူ ၄၇၅၂ ဦးအတွက် ဆန်ရိက္ခာ တစ်လစာထောက်ပံ့ငွေကျပ် ၄၂၇၆၈၀၀၀ ကို ရခိုင်ပြည်နယ် အမ်းမြို့ ရွှေအမ်းတောင်ခန်းမ၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့်အဖွဲ့ထံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပေးအပ်သည်။ ဤထောက်ပံ့ငွေများကို တိုက်ပွဲရှောင်များ လက်ဝယ်အရောက်ခံစားရရှိနိုင်ရေး ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ အစိုးရဌာနများနှင့်ပူးပေါင်းကာ စနစ်တကျစီမံ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ တိုက်ပွဲရှောင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး အလေးထားဆောင်ရွက်မည်ဖြစ်ရာ ထပ်မံလိုအပ်ချက်များရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အရေးပေါ် ၂၄ နာရီ ဝန်ဆောင်မှုရှိသော ဖုန်း ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီရယူနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

---

# ရခိုင်ပြည်နယ် အမ်းမြို့တွင် မိခင်ဝိုင်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့များနှင့် ပရဟိတဂေဟာများအတွက် ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

**ရခိုင်ပြည်နယ် ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့်အတူ အမ်းမြို့ ရွှေအမ်းတောင်ခန်းမ၌ကျင်းပသော ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။**

**ပူးပေါင်းဆောင်ရွက်ကြစေလို**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို လူ့ဘဝစက်ဝန်းအစမှစ၍ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းမဟာဗျူဟာရေးဆွဲ၍ ရှေးဦးအရွယ်ကလေးငယ်များအတွက် မိခင်ဝိုင်းများ၊ နေ့ကလေးထိန်းကျောင်းများနှင့် မူလတန်းကြိုကျောင်းများတွင် စနစ်တကျ ပြုစုလေ့ကျင့်ပေးလျက်ရှိကြောင်း၊ မသန်စွမ်းသူများအတွက် ဥပဒေ၊ နည်းဥပဒေများ ဖော်ဆောင်ပြီးဖြစ်၍ ကနဦးထောက်ပံ့မှုများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ထောက်ပံ့ရာတွင် ပြည်သူ့ဘဏ္ဍာငွေများကို ပြည်သူ့ထံသို့ အလေအလွင့်မရှိအောင် စနစ်တကျ ပြန်လည်ပေးအပ်နေခြင်းဖြစ်ပါကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ကြိုတင်ကာကွယ်ရေးအစီအစဉ်များချမှတ်ခြင်း၊ ဘေးဖြစ်ပွားပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် မူလအခြေအနေထက်ပိုမိုကောင်းမွန်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်ရပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောကြောင့် တည်ငြိမ်အေးချမ်းမှုရရှိရန် ဒေသခံပြည်သူများ၊ အစိုးရနှင့်လူမှုအဖွဲ့အစည်းများအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြို့ဦးကျောင်းလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ထောက်ပံ့ငွေကျပ် ၇၃၅၀၀၀၀၊ အနောက်ပိုင်း(တိုင်းရုံး) ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းနှင့် တပ်တောင်စံပြ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများအတွက် ထောက်ပံ့ငွေကျပ် ၁၄၀၀၀၀၀၊ အနိုင်းမဲ့ကရုဏာရှင် လူမှုကူညီရေးအသင်း၊ မေတ္တာအေးရိပ် နာရေးကူညီရေးအသင်း၊ မြတ်ဒါန သွေးလှူရှင်အသင်း၊ မြင့်မြတ်သော နှလုံးသားသာရေးနာရေးအသင်း၊ အမ်းမြို့နယ် အငြိမ်းစားများလူမှုကူညီရေးအသင်း၊ ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း၊ လူမှုဘက်စုံဖွံ့ဖြိုးရေးအသင်း၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတအသင်းနှင့် အနန္တမေတ္တာလူငယ်များ ပရဟိတအသင်းများအတွက် တစ်သင်းလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀၀နှင့် မိခင်ဝိုင်းသုံးဝိုင်းအတွက် ထောက်ပံ့ငွေကျပ် ၁၈၁၈၁၀၀ တို့ကို အသီးသီးပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့အမ်းမြို့အတွင်း စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မိခင်ဝိုင်းများနှင့် ပရဟိတဂေဟာများအတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၃၂၆၈၁၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## မိုင်းပျဉ်းမြို့နယ်၌ ဘိန်းစိုက်ခင်းများအား ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မိုင်းပျဉ်းမြို့နယ် လွယ်မွန်းကျေးရွာ အနောက်ဘက်၌ ဖေဖော်ဝါရီ ၉ ရက်တွင် အမြင့် နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်းလေးဧကခန့်ကို မိုင်းပျဉ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရန်ကုန်-ပြည်လမ်း (မှော်ဘီ-တိုက်ကြီးလမ်းပိုင်း) ကတ္တရာကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မက်(စ်)ဟိုက်ဝေးကုမ္ပဏီလီမိတက်မှ BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေသည့် ရန်ကုန်-ပြည်လမ်း (မှော်ဘီ-တိုက်ကြီးလမ်းပိုင်း) ၄၈ ပေ လေးလမ်းသွား ကတ္တရာကွန်ကရစ်လမ်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တာခွကျေးရွာအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။ **(ယာပုံ)**



**အကျိုးတူ ပူးပေါင်းဆောင်ရွက်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဝန်ကြီးဌာနအနေဖြင့် လမ်း၊ တံတားလုပ်ငန်းများကို BOT စနစ်ဖြင့် ပြည်တွင်းလုပ်ငန်းရှင်များနှင့်အတူ တိုင်းရင်းသားပြည်သူများ လိုရာခရီးကိုချောမွေ့မြန်ဆန်ပြီး အန္တရာယ်ကင်းစွာ သွားလာနိုင်ရန်အတွက် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်း၊ တံတားလုပ်ငန်းများကို BOT ကုမ္ပဏီများဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ BOT လမ်း၊ တံတားလုပ်ငန်းများတွင် ဘဏ္ဍာငွေစိုက်ထုတ်သုံးစွဲရန်မလိုဘဲ ပြည်သူများ၏ အခြားသော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများတွင် အသုံးပြုခြင်းဖြင့် ကဏ္ဍပေါင်းစုံအကျိုးကျေးဇူးများရရှိလာမည်ဖြစ်ကြောင်း။

**လမ်းအသုံးပြုခများ ရှာဖွေဆန်းစစ်**

မြန်မာနိုင်ငံ၏ လမ်း၊ တံတားလုပ်ငန်းများကို BOT စနစ်ဖြင့် ၁၉၉၆ ခုနှစ်တွင် လားရှိုး-မူဆယ်လမ်းပိုင်းမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုတိုင်းရင်းသား BOT ကုမ္ပဏီပေါင်း ၂၅ ခုမှ လမ်းမိုင်ပေါင်း ၃၂၆၄ မိုင်ကို အဆင့်မြှင့်တင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ BOT ကုမ္ပဏီများ၏ တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်တွက်ချက်ပြီး ပူးပေါင်းဆောင်ရွက်မှသာ PPP ပုံစံဖြင့် အောင်မြင်မှုများရရှိနိုင်မည်ဖြစ်ကြောင်း၊ ခေတ်စနစ်နှင့် မကိုက်ညီသည့် ပဋိညာဉ်စာချုပ်များကို နိုင်ငံတကာစံနှုန်းနှင့် ညီညွတ်သောစာချုပ်များဖြစ်ရန် အာရှဖွံ့ဖြိုးရေးဘဏ်၏ နည်းပညာအထောက်အပံ့ဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေအတိုင်ပင်ခံအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များ၊ BOT ကုမ္ပဏီများပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပခဲ့ပါကြောင်း၊ နိုင်ငံတကာစာချုပ်စာတမ်းစံနှုန်းများနှင့်အညီ BOT ကုမ္ပဏီများ၏ စာချုပ်စာတမ်းများကို ပြန်လည်ပြင်ဆင်ရန် စီစဉ်နေပါကြောင်း၊ ယခုလိုဆောင်ရွက်ခြင်းဖြင့် ခေတ်စနစ်နှင့်လျော်ညီသော စီးပွားရေးအရတွက်ခြေကိုက်ရန် ပြည်သူများမှ ပေးဆောင်ရမည့် လမ်းအသုံးပြုခများကို ရှာဖွေဆန်းစစ်ပြီး ဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး မက်(စ်)ဟိုက်ဝေးကုမ္ပဏီလီမိတက်မှ ရန်ကုန်-ပြည်လမ်း (မှော်ဘီ-တိုက်ကြီးလမ်းပိုင်း) ၄၈ ပေ လေးလမ်းသွား ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ထားရှိမှုကို Video Clip ဖြင့် ပြသသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် Max Myanmar Co.,Ltd. ဥက္ကဋ္ဌ ဦးဇော်ဇော်က BOT စနစ်ဖြင့် ဆောက်ရွက်နေသော လမ်းလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြား၍ မှော်ဘီ-တိုက်ကြီးလမ်းပိုင်း ၄၈ ပေ လေးလမ်းသွားကတ္တရာကွန်ကရစ်လမ်းကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ကိုးကန့်နှစ်သစ်ကူးအထိမ်းအမှတ်ပွဲနှင့် တိုင်းရင်းသားကုန်စည်ပြပွဲ တက်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ကိုးကန့်တိုင်းရင်းသားလူမျိုးများ၏ နှစ်သစ်ကူးအထိမ်းအမှတ်ပွဲတော်ကို ယမန်နေ့ ညပိုင်းတွင် မန္တလေးမြို့ ဗုဒ္ဓဘာသာကိုးကန့်ဓမ္မာရုံ၌ ကျင်းပသည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပိုမိုမြန်ဆန်လာ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသော နိုင်ငံဖြစ်၍ တိုင်းရင်းသားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းသည် အရေးကြီးကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ပြဋ္ဌာန်းပြီး ဥပဒေအရ တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာအရ ဆောင်ရွက်သည့် အခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာကျင်းပခွင့် ရှိလာသည်နှင့်အညီ တိုင်းရင်းသားများ၏ ရိုးရာဓလေ့ပွဲတော်များအား နိုင်ငံတစ်ဝန်းတွင် ကျင်းပဆောင်ရွက်နေကြပြီ ဖြစ်ပါကြောင်း၊ ထိုသို့ ကျင်းပနိုင်ခြင်းဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီး၍ စည်းလုံးညီညွတ်လာပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပိုမိုမြန်ဆန်လာကာ ပြည်သူများ လိုလားတောင့်တနေသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို လျင်မြန်စွာအကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ရိုးရာအကများဖြင့် ဖျော်ဖြေ**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကိုးကန့်တိုင်းရင်းသားလူမျိုးများကိုယ်စား ဦးအောင်ဝင်းခိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်၍ ကိုးကန့်ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း တက်ရောက် ဆွေးနွေးမှာကြားသည်။



ဒုတိယ ဝန်ကြီး ဦးအောင်လှထွန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နှစ်ပတ်လည် လုပ်ငန်း ညှိနှိုင်း အစည်း အဝေးတွင် ဆွေးနွေး မှာကြားစဉ်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက သက်တမ်းအားဖြင့် ၂၈ နှစ် ရှိပြီဖြစ်သော ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(IPRD)သည် နိုင်ငံအတွက် အားကောင်းမောင်းသန်ဌာနတစ်ခုဖြစ်အောင် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည်များကို သုံးသပ်၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဆုံးဖြတ်ချက်များကို မှန်မှန်ကန်ကန် ချမှတ်သွားရန် လိုအပ်ပါကြောင်း၊ ပြောင်းလဲနေသည့် ခေတ်ကာလနှင့်အညီ လိုအပ်ချက်များ ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း။

Community Centre များကို ပြည်သူများအတွက် အမှန်တကယ် အသုံးဝင်သည့် လူထုအခြေပြုဗဟိုဌာနဖြစ်အောင် ဒေသအာဏာပိုင်များ၊ အစိုးရဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် စနစ်တကျချိတ်ဆက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး၊ အခြေအနေပေးခဲ့ပါက အားကစားနှင့် ကိုယ်ကာယကြံ့ခိုင်ရေး အထောက်အကူပြုပစ္စည်းများ တပ်ဆင်ပေးရေး၊ စာကြည့်တိုက်များရှိ စာအုပ်စာစောင်များကို စနစ်တကျထိန်းသိမ်းထားပြီး စာကြည့်တိုက်အသုံးပြုသူ တိုးပွားလာစေရေး၊ ဒေသတွင်းမှ သတင်းများ ရေးသားရာတွင် ပြည်သူများ သိသင့်သိထိုက်သည့် သတင်းများကို မီဒီယာကျင့်ဝတ် နှင့်အညီ စနစ်တကျရေးသားပေးပို့ရေး၊ ပြည်သူ့စကားဝိုင်းများတွင် ပြည်သူများ၏အသံကို ပြန်လည်ဖော်ပြခြင်း၊ ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာ အရည်အသွေးမြှင့်သင်တန်းများ ပို့ချရေး၊ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာပညာရပ် (Media and Information Literacy) ပြန့်ပွားရေးအတွက် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ရေး၊ သင်တန်းတွင် လေ့လာသင်ယူခြင်းတို့နှင့်စပ်လျဉ်း၍ ကြိုးပမ်းအားထုတ်သွားကြရန်မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ တစ်နှစ်တာကာလအတွင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေ၊ အားသာချက်၊ အားနည်းချက်၊ သုံးသပ်အကြံပြုချက်နှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများက ဒေသအလိုက် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် ကန့်သတ်ချက်နှင့် စိန်ခေါ်မှုများကို ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **သတင်းစဉ်**

# ပြည်ထောင်စုစည်းလုံးညီညွတ်ရေးအုတ်မြစ် ပထမပင်လုံ

ကောင်းစျာန်သိမ်း

(ယမန်နေ့မှအဆက်)

**စက္ကူဖြူစီမံကိန်း**

၁၉၄၅ ခုနှစ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသည်နှင့် မြန်မာနိုင်ငံအား အနှေးနှင့်အမြန် လွတ်လပ်ရေး ပေးရတော့မည်။ လွတ်လပ်ရေးပေးရမည့် နယ်ချဲ့အစိုးရသည် စက္ကူဖြူစီမံကိန်းကို အကောင်အထည်ဖော်သည်။ စက္ကူဖြူစီမံကိန်းဆိုသည်မှာ တောင်တန်းနှင့်ပြည်မ ခွဲခြားအုပ်ချုပ်သော အစီအစဉ်ဖြစ်သည်။ ထို့ကြောင့် ပြည်မနှင့်အတူ နယ်စပ်တောင်တန်းဒေသများပါ လွတ်လပ်ရေးတောင်းဆိုရန် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နယ်စပ်ဒေသရှိတိုင်းရင်းသားခေါင်းဆောင်များက စီစဉ်ကြတော့သည်။

ထိုအခါ ပြည်မနှင့် နယ်စပ်ဒေသများအား နိုင်ငံရေးအရ ဆက်သွယ်ခြင်း၊ ပေါင်းစည်းခြင်း မရှိနိုင်စေရန် နယ်ချဲ့အစိုးရသည် အစွမ်းကုန်ဆောင်ရွက်တော့သည်။ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများနှင့် ဗမာလူမျိုးများ သွေးကွဲစေရန် နည်းမျိုးစုံဖြင့် ခြေထိုးခဲ့သည်။

**သွေးစည်းညီညွတ်ရေး**

၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၆ ရက်မှ ၁၈ ရက်အထိ ဖဆပလအဖွဲ့ချုပ်အစည်းအဝေးတွင် တစ်ပြည်လုံးရှိ တိုင်းရင်းသားများအားလုံး ညီညွတ်စွာဖြင့် မြန်မာပြည်လွတ်လပ်ရေးနှင့် ထူထောင်ရေးလုပ်ငန်းများကို အားတက်သရောဆောင်ရွက်ရန် ဆုံးဖြတ်ကြသည်။ ထိုဆုံးဖြတ်ချက်ကို ဩဂုတ်လ ၁၉ ရက်တွင် နေသူရိန် ညီညွတ်ရေးကို ဖော်ညွှန်းလျက်ရှိသည်။ ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ တပေါင်းတစည်းတည်း လွတ်လပ်သော ပြည်ထောင်စုကြီးတည်ဆောက်ရန် ရည်ရွယ်ခဲ့သည်။ ရည်ရွယ်ချက်နှင့်အညီ လန်ဒန်ဆွေးနွေးပွဲတွင် "ကျွန်ုပ်တို့သည် စည်းလုံးညီညွတ်သော မြန်မာပြည်ကြီး ပြန်လည်ထူထောင်လိုကြောင်း၊ ကျွန်ုပ်တို့ သိရသမျှဆိုလျှင် ကျွန်ုပ်တို့နိုင်ငံအတွင်းရှိ တိုင်းရင်းသားများအားလုံးကို လွတ်လပ်ရေးပေးပြီး အပြင်အပနိုင်ငံများ၏ ပယောဂမပါဘဲ တိုင်းရင်းသားအချင်းချင်း လွတ်လပ်စွာတွေ့ဆုံခွင့်ပေးပါမည်ဆိုပါက စည်းလုံးညီညွတ်သော နိုင်ငံတော်ကြီးအဖြစ် ထူထောင်ရန် အခက်အခဲရှိလိမ့်မည်မဟုတ်" ဟု ဗိုလ်ချုပ်အောင်ဆန်းက နန်းရင်းဝန်အက်တလီအား ပြောကြားခဲ့သည်။ ထို့နောက် အောင်ဆန်း-အက်တလီ စာချုပ်ကို ချုပ်ဆိုခဲ့ပြီး စာချုပ်တွင် ဖော်ပြထားသည့် နောက်လဆန်းတွင်ကျင်းပမည့် "ပင်လုံကွန်ဖရင့်" ဟူသည်မှာ ရှမ်းစော်ဘွားများက မြန်မာကိုယ်စားလှယ်များနှင့် တောင်တန်းဒေသမှ တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်သော အစည်းအဝေးကို ရည်ညွှန်းခြင်းဖြစ်သည်။

**ပထမပင်လုံညီလာခံ**

အမြော်အမြင်ကြီးမားသော ရှမ်းစော်ဘွားများသည် နယ်စပ်တောင်တန်းဒေသမှ ခေါင်းဆောင်များနှင့် ပြည်မမှ ခေါင်းဆောင်များ ရှမ်းပြည်နယ်တစ်နေရာတွင် ဆုံစည်း၍



တောင်တန်း၊ ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးအရယူရန် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံနေရာတွင် လူထုစုဝေးကြစဉ်။



အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုရန် လန်ဒန်မြို့ ဒေါင်းနင်းလမ်းတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို တွေ့ရစဉ်။

လူထုအစည်းအဝေးကြီး၌ ထောက်ခံခဲ့သည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယံတွင်ကျင်းပသော နိုင်ငံလုံးဆိုင်ရာညီလာခံသဘင်ကြီးတွင် တိုင်းရင်းသားလူနည်းစုတို့ တိုင်းပြည်လွတ်လပ်ရေးအတွက် အားတက်သရောဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။ ၁၉၄၆ ခုနှစ် မေလ ၁၆ ရက်မှ ၂၃ ရက်အထိကျင်းပသော ဖဆပလ ဒုတိယအကြိမ် အစည်းအဝေးတွင် မြန်မာပြည်ကို အပိုင်းပိုင်းအစိတ်စိတ်ပြုလုပ်မည့် စက္ကူဖြူစီမံကိန်းကို ကန့်ကွက်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် တောင်တန်းဒေသများအားလုံး ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ပါဝင်လာနိုင်ရေး နယ်သူနယ်သားများ၏ဆန္ဒဖြင့် ဆုံးဖြတ်ရန် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**အောင်ဆန်း-အက်တလီ**

လူထုအစည်းအဝေးများ၊ ဦးစီးအဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်များ၊ အဆိုများသည် တိုင်းရင်းသားစည်းလုံးနီးနောဖလှယ်ရန် စီမံခဲ့သည်။ သို့ဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ပထမပင်လုံညီလာခံကြီး ပေါ်ပေါက်လာသည်။ ပင်လုံညီလာခံ မစတင်မီ ပဒေသရာဇ်စော်ဘွားအချို့နှင့် ခေါင်းဆောင်အချို့က ပြည်မနှင့် မပူးပေါင်းရေးကို စည်းရုံးလှုပ်ရှားလျက်ရှိသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့အနီး နမ့်ဖတ်ကာ ကချင်ကျေးရွာ အလယ်တန်းကျောင်းတွင် ခွဲရေး၊ တွဲရေးဆွေးနွေးကြသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်တွင် ဗြိတိသျှ ဒိုမီနီယံဆိုင်ရာ ပါလီမန်အတွင်းဝန် ဘော်တွမ်လေ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်။

ပင်လုံညီလာခံကို ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် စတင်ကျင်းပသည်။ ထိုနေ့တွင် ရှမ်းပြည်စဝ်ဖများ ကောင်စီအဖွဲ့ဝင်စော်ဘွားများနှင့် ပြည်သူတို့၏ကိုယ်စားလှယ်များပါဝင်သော အစည်းအဝေးကျင်းပသည်။ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ရှမ်းနှင့် ကချင်ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးကြသည်။ ထိုနေ့တွင် လောလောဆယ်အခြေအနေသည် သေရေး၊ ရှင်ရေး ဖြစ်နေသဖြင့် မြို့တိုင်း၊ နယ်တိုင်း၊ နေရာတိုင်းတွင် ဗမာ ပြည်မနှင့်ပူးတွဲပြီး လွတ်လပ်ရေးဆန္ဒကို ပြင်းပြင်းထန်ထန် ပြကြရန်ဖြစ်ကြောင်း ပြည်မနှင့်ညီညွတ်စွာလက်တွဲပြီး နယ်ချဲ့သမားကိုတိုက်ဖျက်လျက် တောင်တန်းဒေသ လွတ်လပ်ရေးကို အရယူပေးရမည်ဖြစ်ကြောင်း ကြေညာစာတမ်းထုတ်ပြန်လိုက်သည်။ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ရှမ်းနှင့်ကချင်ကိုယ်စားလှယ်များ ပင်လုံအကြိုဆွေးနွေးပြီး သဘောတူဆုံးဖြတ်ချက်များ ချမှတ်ကြသည်။ ထိုနေ့တွင် ချင်းကိုယ်စားလှယ်များ ရောက်ရှိလာကြသည်။

ချင်းကိုယ်စားလှယ်များသည် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရှမ်းနှင့် ကချင်ကိုယ်စားလှယ်များ ဆွေးနွေးချက်များကို လေ့လာဖြည့်စွက်ပြီး လက်မှတ်ရေးထိုးသည်။ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။ ထိုနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ နယ်ခြားဒေသညွှန်ကြားရေးဝန်က စော်ဘွားများနှင့် ပြည်သူ့ကိုယ်စားလှယ်များ၏ လိုလားချက်ကို ဗြိတိသျှအစိုးရက တင်းမာစွာငြင်းဆိုသောကြောင့် ထိုနေ့ည ၉ နာရီခွဲတွင် လူထု ၂၀၀၀ ကျော်စုရုံး၍ အစည်းအဝေးပြုလုပ်သည်။ ဆုံးဖြတ်ချက်များချမှတ်ပြီး ရန်ကုန်မြို့ရှိ အသံလွှင့်ရုံသို့ ပေးပို့အသံလွှင့်ခဲ့သည်။

**ပြည်ထောင်စုစိတ်ဓာတ်အမြစ်တွယ်**

ပင်လုံညီလာခံကို ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဆက်လက်ကျင်းပသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အဖွဲ့၊ ဘော်တွမ်လေနှင့်အဖွဲ့ ပင်လုံသို့ရောက်ရှိလာသည်။ ဗိုလ်ချုပ်သည် ခရီးရောက်မဆိုက် ည ၈ နာရီခန့်တွင် တိုင်းရင်းသားကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးသည်။ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် တောင်တန်းသားများ ညီညွတ်ရေးကောင်စီအမည်ဖြင့် တောင်းဆိုချက်များပါသည့် စာတမ်းတစ်စောင် တင်သွင်းခဲ့သည်။ တောင်းဆိုချက်များနှင့်ပတ်သက်၍ အပေးအယူလုပ်၍ မရကြောင်း တွေ့ရှိသောအခါ ဗိုလ်ချုပ်အောင်ဆန်းသည် အတော်ပင်စိတ်ပျက်သွားခဲ့သည်။ ပထမပင်လုံညီလာခံကြီးသို့တက်ရောက်ရန် ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ဗမာခေါင်းဆောင်များအား ဖိတ်ကြားစဉ်ကလည်း ရှမ်းပြည်နယ်ရှိ မျက်နှာဖြူအရာရှိများက တားဆီးပိတ်ပင်ရန် ကြိုးစားခဲ့သေးသည်။ မည်သို့ပင် တားဆီးပိတ်ပင်ခြင်း၊ သဘောကွဲလွဲခြင်းများရှိခဲ့သော်လည်း ပထမပင်လုံညီလာခံမှအစပြု၍ မြန်မာတစ်မျိုးသားလုံး ပြည်ထောင်စုစိတ်ဓာတ် အမြစ်တွယ်လာခဲ့သည်။ ॥



ပြည်ထောင်စု၏ သွေးစည်းညီညွတ်မှုကို ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်ပြီး ပင်လုံမြေတွင် ကြိုးပမ်းဆောင်ရွက်နေပုံပန်းချီကား။

> **မည်သို့ပင် တားဆီးပိတ်ပင်ခြင်း၊ သဘောကွဲလွဲခြင်းများ ရှိခဲ့သော်လည်း ပထမပင်လုံညီလာခံမှအစပြု၍ မြန်မာတစ်မျိုးသားလုံး ပြည်ထောင်စုစိတ်ဓာတ် အမြစ်တွယ်လာခဲ့သည်**

# အတုယူလို့ ကြိုးစားစို့

မောင်စိန်လွင်(မင်းကင်း)

ရာသီကား နွေနှောင်းရာသီ။ ရာသီဥတုလေးက အေးမြမြ။ နွေလေရူးတို့က တစ်ချက်တစ်ခါအဝှေ့တွင် ရော်ရွက်ဝါလေးများ လေမှာဝဲ၊ မြေမှာ ကျဲပြန့်နေသည်။ ပတ်ဝန်းကျင်တောရိပ်တစ်ခိုကြည့်လိုက်လျှင် မင်းလွင်မြူခိုးတို့က ဝေစပြုနေပြီ။

အငြိမ်းစားဆရာ ဦးဘမြင့်သည် နံနက်စောစော အိပ်ရာမှထပြီး ညဦးက ကြွေကျနေသော သစ်ရွက်များကို တံမြက်စည်းဖြင့် သိမ်းပြီးနောက် ထမင်းကြော်စားရင်း ရေနွေးသောက် အနားယူနေသည်။

နံနက် ၇ နာရီခွဲခန့်အချိန်တွင် "ဦးဦးနဲ့ တွေ့ပဲ့မလားလို့ သမီးဖြင့် စိတ်ပူပူနဲ့ လာခဲ့ရတာ" ပြောပြောဆိုဆို တူမလေး မေစပယ်ဖြူ ရောက်လာသည်။

မေစပယ်ဖြူသည် ဆရာဦးဘမြင့်၏ ညီမအငယ်ဆုံးက မွေးသောသမီး။ ဘီအီးဒီဆင်း အထက်တန်းပြ။ အသက်က ၂၅ နှစ်။ တာဝန်က မုံရွာမြို့ အထက (၇) မှာဖြစ်သည်။

"ဘာကိစ္စ စိတ်ပူရတာလဲသမီး"

"ဦးဦးရေ ဒီလို။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ ကျရောက်တဲ့ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ (မြန်မာနိုင်ငံကလေးများနေ့)အကြိုဟောပြောပွဲပြောဖို့ သမီးကို ကျောင်းအုပ်ဆရာကြီးက တာဝန်ပေးထားတာ။ ဘယ်လိုပြောရမလဲလို့ ဦးဦးဆီ အကူအညီတောင်းဖို့ လာခဲ့တာပဲ"

"သမီးလည်း ငယ်စဉ်စာသင်တုန်းက ဗိုလ်ချုပ်နဲ့ ပတ်သက်တာတွေ သင်ခဲ့ရမှာပဲ။ မှတ်မိသလောက် ဦးဦးကိုအရင်ပြောပြလေ။ ဦးဦးက လိုတာဖြည့်စွက်ပြောပေးမယ်"

တူမလေး မေစပယ်ဖြူ သူမှတ်မိသမျှ ပြောပြသည်။

"ဗိုလ်ချုပ်ကို မကွေးတိုင်းဒေသကြီး နတ်မောက်မြို့မှာ ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ မွေးဖွားခဲ့တယ်။ မိဘနှစ်ပါးကတော့ ရှေ့နေဦးဖာနဲ့ ဒေါ်စုတို့ဖြစ်တယ်။ မြို့လုလင်သူကြီး ဦးမင်းရောင်ဟာ ဗိုလ်ချုပ်ရဲ့အဘိုးဖြစ်တယ်။ ခုနစ်နှစ်အရွယ်ရောက်တော့ ဘုန်းတော်ကြီး ဦးသောဘိတရဲ့ မြန်မာစာသင်ကျောင်းမှာ ပညာသင်ခဲ့တယ်။ ၁၉၃၂ ခုနှစ်မှာ ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းမှာ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ရောက်ခဲ့တယ်။ ငယ်နာမည်က မောင်ထိန်လင်း ဖြစ်တယ်။ ဒီလောက်ပဲ မှတ်မိတယ် ဦးဦး"

"သမီးက မဆိုးပါဘူး။ တော်တော်လေးမှတ်မိသားပဲ။ ဗိုလ်ချုပ်က ငယ်စဉ်ကစပြီး လိမ်ညာမပြောတတ်ဘူး။ ရိုးသားတယ်။ ဗိုလ်ချုပ်မှာ မွေးချင်းကိုးယောက်ရှိတယ်။ ဗိုလ်ချုပ်အောင်ဆန်းက အငယ်ဆုံးသားထွေး။ ဗိုလ်ချုပ်ရဲ့အစ်ကို ဦးဘဝင်းက တတိယသားကြီးကွဲ့။ အစ်ကိုကြီးအဖရာဆိုတဲ့အတိုင်း တိုင်းပြည်အတွက် မွေးဖွားလာဖို့ ဗိုလ်ချုပ်ကို စနစ်တကျပြုစုပျိုးထောင်ပေးတဲ့သူဟာ ဦးဘဝင်းပဲ"

"ဦးဘဝင်းက အင်္ဂလိပ်စကားပြောအလွန်ကောင်းတယ်လို့ ပြောကြတယ်။ ဟုတ်လား ဦးဦး"

"ဟုတ်တယ်ကွဲ့။ သူက အင်္ဂလိပ်စာကောင်းတော့ သူ့ညီ ကိုအောင်ဆန်းကိုလည်း အင်္ဂလိပ်စာနဲ့အင်္ဂလိပ်စကားပြော လေ့ကျင့်ပေးတယ်။ ကိုအောင်ဆန်းကို တစ်ပတ်တစ်ခါ ရုပ်ရှင်ကြည့်ခွင့်ပေးတယ်။ ကြည့်လာတဲ့ ရုပ်ရှင်ကားကို အင်္ဂလိပ်လိုအရေးခိုင်းသလို အင်္ဂလိပ်လိုလည်း ပြန်ပြောခိုင်းတယ်။ အဲဒီလို လေ့ကျင့်ပေးတဲ့သူ"လို့ပြောပြီး ဦးဘမြင့် ရေနွေးတစ်ခွက် ငှဲ့သောက်လိုက်သည်။

"ဗိုလ်ချုပ်က ဒေါ်ခင်ကြည်နဲ့ အသက်ဘယ်လောက်မှာ လက်ထပ်လိုက်တာလဲ ဦးဦး"

"ဒေါ်ခင်ကြည်က ၁၉၁၂ ခုနှစ် ဧပြီလ ၁၆ ရက်နေ့မှာမွေးတယ်။ ဗိုလ်ချုပ်က ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာမွေးတယ်။ ဒီတော့ ဒေါ်ခင်ကြည်က ဗိုလ်ချုပ်ထက် သုံးနှစ် နှစ်လကျော်ကြီးတယ်။ ဗိုလ်ချုပ်က ၂၇ နှစ်၊ ဒေါ်ခင်ကြည်က အသက် ၃၀ မှာ နတ်မောက်ဇာတိ တောသားလေးနဲ့ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြသူတို့ ၁၉၄၂ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့ မွန်းလွဲ ၂ နာရီအချိန် လက်ထပ်ကြတယ်"

"ကဲ ဘာမေးဦးမလဲသမီး"

တူမလေးမေစပယ်ဖြူ ဘာမေးရမှန်းမသိ၍ ခဏငြိမ်နေပြီးမှ ဆက်ပြောသည်။

"ဦးဦးကောင်းမယ်ထင်တာလေး ပြောပြပေးပါ"

"တက္ကသိုလ်ကျောင်းသားဘဝကနေ ဗိုလ်ချုပ်လုပ်ဆောင်ချက်လေးတွေ အကျဉ်းချုပ်ပြောပြမယ်လေ။ ပြောမယ်ဆိုရင်တော့ မကုန်ပါဘူးကွယ်"

"ဦးနှောက်နဲ့ မှတ်ရင် မှတ်မိမှာမဟုတ်ဘူး။ သမီးလိုက်ရေးမယ်" လို့ ပြောပြီး စာအုပ်နဲ့ ဘောပင်ထုတ်ပြီး လိုက်မှတ်သည်။

"၁၉၃၂ ခုနှစ်မှာ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ဆက်တက်တယ်။ ဗိုလ်ချုပ်ဟာ တက္ကသိုလ်ရောက်တဲ့အခါမှာ ပညာကြိုးစားသလို နိုင်ငံရေးဗဟုသုတကိုလည်း လေ့လာတယ်။ ဗိုလ်ချုပ်က သူငယ်ချင်းတွေနဲ့ စကားပြောတိုင်း ပညာရှိမှ၊ ဗဟုသုတရှိမှ တိုင်းပြည်အကျိုးဆောင်ရွက်နိုင်မယ်လို့ ပြောတယ်။ အင်္ဂလိပ်တွေနဲ့ အပြိုင်အဆိုင် တိုက်ပွဲဝင်ရမှာဖြစ်လို့ အင်္ဂလိပ်စကားပြောများများလေ့ကျင့်ရမယ်လို့လည်း ပြောတယ်။

"ဗိုလ်ချုပ်ဟာ တက္ကသိုလ်ပညာသင်ကြားနေတုန်းမှာပဲ ကျောင်းသားအရေးကိစ္စတွေကို ဦးဆောင်ပြီး ဆောင်ရွက်ပေးတယ်။ တက္ကသိုလ်ကျောင်းသားသမဂ္ဂက ဦးစီးထုတ်ဝေတဲ့ အိုးဝေမဂ္ဂဇင်းမှာ အယ်ဒီတာဖြစ်လာခဲ့တယ်။ ဗိုလ်ချုပ်ရဲ့တည်ကြည်ရိုးသားမှု၊ ဖြောင့်မတ်မှုနဲ့ ဇွဲသတ္တိရှိမှုတို့ကြောင့် မြန်မာပြည်လုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအသင်းကြီးရဲ့ ဥက္ကဋ္ဌတင်မြှောက်ခြင်းခံခဲ့ရတယ်။ ဗိုလ်ချုပ်ဟာ ဘီအေအောင်ပြီးတဲ့နောက် ၁၉၃၈ ခုနှစ်မှာ တို့ဗမာအစည်းအရုံးရဲ့အထွေထွေအတွင်းရေးမှူးဖြစ်လာခဲ့တယ်။ အဲဒီအချိန်ကစပြီး သခင်အောင်ဆန်းရယ်လို့ လူသိများလာခဲ့တာကွဲ့။"

တူမလေးခေါင်းမဖော်နိုင်အောင် လိုက်ရေးနေရလို့ ဦးဘမြင့် ခဏနားပြီး ရေနွေးသောက်နေသည်။

"ကဲ လက်ညောင်းပြေပြီဆိုရင် လိုက်ရေးတော့။ ဗိုလ်ချုပ်ဟာ သဘောထားကြီးတယ်။ သတ္တိလည်း ရှိတယ်။ ရန်ငြိုးလည်း မထားဘူး။ သူလုပ်သမျှအလုပ်တွေအားလုံးဟာ တိုင်းပြည်အတွက်သာဖြစ်တယ်။ ဒုတိယကမ္ဘာစစ်ပြီးခါစ ၁၉၄၅ ခုနှစ် မေလ ၁၅ ရက်နေ့က ဗိုလ်ချုပ်အောင်ဆန်းကို အင်္ဂလိပ်စစ်ဗိုလ်ချုပ် ဝီလျံဆလင်းက နိုင်ငံရေးဆွေးနွေးဖို့ သူတို့ ယာယီစစ်ဌာနချုပ် မိတ္ထီလာကို လာတွေ့ဖို့ ဖိတ်ခေါ်တယ်။ ဆွေးနွေးပြီးရင် ဘာမှအနှောင့်အယှက်မပေးဘဲ ပြန်ပို့ပေးမယ်လို့လည်း ကတိပေးတယ်။



သူတို့နှစ်ယောက်တွေ့တော့ အင်္ဂလိပ်စစ်ဗိုလ်ချုပ်က မျက်နှာထားတင်းတင်းနဲ့ ခင်ဗျားဟာ ရာဇဝတ်မှုကျူးလွန်ခဲ့တဲ့ လူတစ်ယောက်ဖြစ်တယ်။ ဒါကြောင့် ခင်ဗျားကို အခု ကျုပ်ဖမ်းချုပ်နိုင်တယ်ဆိုတာသိရဲ့လားလို့ ဗိုလ်ချုပ်ကိုမေးတယ်။ အဲဒီအခါ ဗိုလ်ချုပ်က သိပါတယ်လို့ အေးအေးဆေးဆေး ပြန်ပြောတယ်။ အဲဒီအခါမှာ အင်္ဂလိပ်စစ်ဗိုလ်ချုပ်က ဒါဖြင့် ခင်ဗျားကို ကျုပ်က ဖမ်းချုပ်ချင် ချုပ်ထားမှာပဲလို့ မစဉ်းစားမိဘူးလားလို့ မေးလိုက်တယ်။ ဗိုလ်ချုပ်က မတွေးမိဘူးလို့ တိုတိုပဲ ပြန်ဖြေလိုက်တယ်။ အင်္ဂလိပ်စစ်ဗိုလ်ချုပ်ဟာ အံ့သြတဲ့မျက်နှာနဲ့ ဘာဖြစ်လို့ မစဉ်းစားမိတာလဲလို့ ပြန်မေးတယ်။ အင်္ဂလိပ်တွေက ကတိတည်တဲ့ လူမျိုးတွေဖြစ်လို့ပဲလို့ အေးအေးဆေးဆေး ဗိုလ်ချုပ်က ပြန်ဖြေတယ်။ အင်္ဂလိပ်စစ်ဗိုလ်ချုပ်ကြီးကရယ်ပြီး ကျုပ်တို့ အင်္ဂလိပ်လူမျိုးများအပေါ်မှာ အခုလိုသဘောထားပါလျက်နဲ့ ဘာဖြစ်လို့ ကျုပ်တို့အင်္ဂလိပ်တွေကို မြန်မာပြည်က မောင်းထုတ်ချင်တာလဲလို့မေးတယ်။ အဲဒီအခါမှာ ဗိုလ်ချုပ်က ကျွန်တော်ဟာ ခင်ဗျားတို့ အင်္ဂလိပ်လူမျိုးတွေကို မမုန်းပါဘူး။ ဒါပေမယ့် အင်္ဂလိပ်ဖြစ်ဖြစ်၊ ဂျပန်ဖြစ်ဖြစ် ဘယ်နိုင်ငံခြားသားပဲဖြစ်ဖြစ် ကျွန်တော်တို့တိုင်းပြည်ကို သခင်လုပ်ပြီး အုပ်ချုပ်နေတာကိုတော့ အလိုမရှိဘူးလို့ ယဉ်ကျေးစွာ ပြန်ပြောသတဲ့"

"သမီးရယ် ဒီအချက်လေးကတော့ ကောင်းတော့။ ဟောပြောတဲ့အခါ သေသေချာချာပြောနော်။ ဆက်ပြောရဦးမလား"

"အတော်လေးများနေပါပြီ ဦးဦးရယ် နိဂုံးချုပ်ပါတော့"

"ဗိုလ်ချုပ်ဟာ ဘယ်သူ့ကိုမဆို မေတ္တာနဲ့ဆက်ဆံတယ်။ သဘောထားကြီးတယ်။ သတ္တိရှိသလို အရည်အချင်းလည်းရှိတယ်။ ဖြောင့်မတ်သလို အကျင့်စာရိတ္တလည်း ကောင်းတယ်။ ဗိုလ်ချုပ်ကို သတိရဂုဏ်ယူနေရုံနဲ့မပြီးဘူး၊ ဗိုလ်ချုပ်ရဲ့အရည်အချင်းတွေကို အတုယူပြီး ကြိုးစားကြရမယ်လို့ ကလေးတွေကို ပြောရမယ်နော်။ ဒါ့အပြင် တိုင်းပြည်အတွက် လွတ်လပ်ရေးရအောင် အသက်နဲ့လဲပြီး ကြိုးစားသွားတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကျေးဇူးကို ပြန်ဆပ်ချင်ရင် သူ့လိုအကျင့်ကောင်းပြီး အရည်အချင်းရှိအောင် ကြိုးစားကြရမယ်။

ပျောက်သောသူ ရှာရင်တွေ့၊ သေသောသူ ကြာရင်မေ့ဆိုပေမယ့် ဗိုလ်ချုပ်သေသွားပေမယ့် နာမည်က ဘယ်တော့မှ မသေဘူးကွဲ့။ ဗိုလ်ချုပ်ကို လေးစားဂုဏ်ပြုတဲ့အနေနဲ့ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ ဗိုလ်ချုပ်မွေးနေ့ကို မြန်မာနိုင်ငံကလေးများနေ့အဖြစ် သတ်မှတ်ပေးခဲ့တာကြောင့် ဗိုလ်ချုပ်ကို ကမ္ဘာတည်သရွေ့ အစဉ်သတိရနေမည်မှာမလွဲဧကန်ပါပဲ"

"ဦးဦး ပြီးပြီလား"

"ပြီးတယ်လို့တော့ ဘယ်ဟုတ်မလဲ။ ဗိုလ်ချုပ်အကြောင်း ပြောလို့မကုန်နိုင်ဘူး။ ခုလောက်ပြောရင်လည်း သမီးအတွက် အဆင်ပြေမှာပါ။ သမီးပြန်ချင်ရင်လည်း ပြန်လို့ရပါပြီ"

တူမလေး မေစပယ်ဖြူ သူ့ဆန္ဒပြည့်ဝသွားလို့ အပြုံးပီတိများနှင့် ပြန်သွားလေသည်။ ။

**ဗိုလ်ချုပ်ဟာ ဘယ်သူ့ကိုမဆို မေတ္တာနဲ့ဆက်ဆံတယ်။ သဘောထားကြီးတယ်။ သတ္တိရှိသလို အရည်အချင်းလည်း ရှိတယ်။ ဖြောင့်မတ်သလို အကျင့်စာရိတ္တလည်း ကောင်းတယ်။**

## မန္တလေး၌ ကိုယ်ပိုင်မူလတန်းကြိုကျောင်းများမှ ကလေးများ အားကစားပြိုင်ပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်မူလတန်းကြိုကျောင်းမှ ကလေးများ အားကစားပြိုင်ပွဲကို ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ဘောလုံးကွင်း၌ ယနေ့ နံနက် ၈ နာရီက ကျင်းပသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ တာဝန်ရှိသူတစ်ဦးက ကျောင်းအုပ်ကြီးကိုယ်စား အဖွင့်အမှာစကားပြောကြားပြီး မူကြိုကျောင်း ခြောက်ကျောင်းကိုယ်စား ဆရာမတစ်ဦးက ပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မူကြိုကျောင်းများမှ ကလေးငယ်များက အကအလှများဖြင့်ဖျော်ဖြေခဲ့ကြပြီး ဂိမ်းကစားခြင်း အစီအစဉ်များလည်း ကျင်းပခဲ့သည်။

ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကျောင်းခြောက်ကျောင်းမှ ပြိုင်ပွဲဝင်ကလေး စုစုပေါင်း ၂၅၀ ကျော်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ချိုင်းအော့ ဘေဘီဒိုက်ဘာ၊ Mega Kid Morinaga နို့မှုန့်နှင့် Lin Htet Promotional Uniform၊ Alphat ပညာရေးသင်ထောက်ကူပစ္စည်းဖြန့်ချိရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့က တာဝန်ယူစီစဉ်ဆောင်ရွက်ပေးကာ ဆုရကလေးငယ်များအား တစ်ဦးချင်း ဆုတံဆိပ်များကို ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)မှ တာဝန်ရှိသူများ၊ ကိုယ်ပိုင်မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီးများ၊ ပြိုင်ပွဲ စီစဉ်ကျင်းပပေးသူများနှင့် လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် ပြိုင်ပွဲဝင်ကလေးငယ်များ တက်ရောက်အားပေးကြသည်။

**တင်မောင် (မန်းကိုယ်ပွား)**



# အလင်းမဲ့သူများ စုဝေးနေထိုင်သော အလင်းရှိရာ အရပ်သို့

ဖြူ၍သွယ်လျသော လက်ချောင်းလေးများက ကွန်ပျူတာကီးဘုတ်ပေါ်ရှိ ခလုတ်များထံ တစ်ချက်ချင်းပြေးလွှားနေသည်။ သူထိတွေ့လိုက်သည့် ခလုတ်များအတိုင်း အိုင်၊ အယ်လ်စသည်ဖြင့် စပီကာမှ အသံထွက်ပေါ်နေသည်။

သူနှင့် မျက်နှာချင်းဆိုင်ရှိ ကွန်ပျူတာ မော်နီတာပေါ်တွင်မူ သူပုံဖော်ထိတွေ့လိုက်သည့်အတိုင်း စကားလုံးစာသားများ၏ အဓိပ္ပာယ် ပေါ်လာသည်...။

"အိုင် အယ်လ်အိုဗွီအီး ဝိုင်အိုယူ အေအယ်လ် အယ်လ်.... I LOVE YOU ALL"

သူရိုက်နှိပ်လိုက်သည့် စာသားများ၏ အဓိပ္ပာယ်ကို သူပြည့်ပြည့်ဝဝ သိနားလည်ထားသော်လည်း မြင်နိုင်စွမ်းဌာ မတတ်နိုင်ခဲ့ပေ။

အသက်ကိုးနှစ်အရွယ်ကတည်းက ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)သို့ ရောက်ရှိခဲ့သည့် မွန်တိုင်းရင်းသူ မပြည့်ဖြိုးကြွယ်က သူ၏အကြားအာရုံဖြင့် ကွန်ပျူတာပေါ်တွင် "မင်းတို့အားလုံးကိုငါချစ်တယ်"ဟု အဓိပ္ပာယ်ရသည့် စာသားကို စမ်းသပ်ရိုက်ပြနေခြင်းပင်ဖြစ်သည်။

မော်လမြိုင် ကျိုက်ထိုဇာတိ မွန်တိုင်းရင်းသူ မပြည့်ဖြိုးကြွယ် တစ်ယောက် ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)သို့ ရောက်ရှိနေသည်မှာ ဆယ်စုနှစ်နှစ်စုနီးပါးပင် ရှိနေပြီဖြစ်သလို ၁၉၇၅ ခုနှစ် ဩဂုတ် ၄ ရက်တွင် စတင်တည်ထောင်ခဲ့သည့် ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)သည်ပင် ရာစုနှစ် ထက်ဝက်နီးပါးပင် ရှိနေချေပြီ...။

ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)သည် စတင်တည်ထောင်ခဲ့စဉ်က ခရစ်ယာန် သာသနာပြု အဖွဲ့အစည်းက တည်ထောင်ခဲ့သောကြောင့် ခရစ်ယာန် သာသနာပြုကျောင်း အမည်တွင်နေသော်လည်း မျက်မမြင်များ ပညာသင်ကြားနိုင်ရန် ရည်ရွယ်၍ တည်ထောင်ခဲ့ခြင်းကြောင့် ဘာသာမရွေး၊ လူမျိုးမရွေး တန်းတူလက်ခံ သင်ကြားပေးထားကြောင်း ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)၏ တွဲဖက်အထွေထွေ အတွင်းရေးမှူး စောသောင်းကြည်က ရှင်းပြသည်။

"ဒီကျောင်းကို ခရစ်ယာန်တွေက စတင်တည်ထောင်ခဲ့တာမို့လို့ ခရစ်ယာန်သာသနာ့ အဖွဲ့အစည်းဆိုပြီး ဖြစ်နေတာ။ ဗုဒ္ဓဘာသာလည်းရှိတယ်။ အစ္စလာမ်လည်းရှိတယ်။ နောက် အခြား နတ်ကိုးကွယ်တဲ့ ဘာသာတွေလည်း ရှိပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ မျက်မမြင်တွေ ပညာသင်ကြားနိုင်ဖို့ ရည်ရွယ်တာဖြစ်တဲ့အတွက် ဘာသာခွဲခြားမှု မရှိပါဘူး။ ဒါကြောင့် ဘယ်ဘာသာဖြစ်ဖြစ် ဆင်းရဲချမ်းသာမရွေး မျက်မမြင်ဆို အားလုံးကျွန်တော်တို့ လက်ခံပါတယ်"ဟု ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)၏ တွဲဖက်အထွေထွေ အတွင်းရေးမှူး စောသောင်းကြည်ကပြောသည်။

အဆိုပါ ကျောင်းသည် ၁၉၇၅ ခုနှစ်မှ ယခုအချိန်အထိ ဘွဲ့ရမျက်မမြင် ၅၀ ကျော်၊ တက္ကသိုလ်ဝင်တန်းအောင် ၉၀ နီးပါးနှင့် မျက်မမြင် ၁၀၀၀ ကျော် ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ၅၁ သန်းကျော်ရှိသည့် မြန်မာနိုင်ငံရှိ လူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းမှာ မသန်စွမ်းသူများ ဖြစ်ကြသည်။ အဆိုပါ မသန်စွမ်းသူများအနက် ၅၄ ရာခိုင်နှုန်းမှာ အမြင်အာရုံ ချို့တဲ့သူများဖြစ်သောကြောင့် မြန်မာနိုင်ငံတွင် မျက်မမြင်ဦးရေ ၁၂ သိန်း ၄ သောင်းဝန်းကျင်ခန့် ရှိနေသည်။

အသက် ၁၈ နှစ်အရွယ် ၁၉၈၄ ခုနှစ် ကတည်းက ခဝဲခြံမျက်မမြင်ကျောင်းသို့ ရောက်ရှိခဲ့သည့် မိုးကုတ်မြို့ ကြပ်ပြင်ဇာတိ တရုတ်လူမျိုး ဦးမောင်မောင်သန်း ကတော့ "The Blind Realty" တေးဂီတအဖွဲ့၏ ဘေ့စ်ဂီတသမားတစ်ဦးအဖြစ် ရပ်တည်ကာ အသက်မွေးဝမ်းကျောင်းပြုလျက်ရှိနေသည်။

"ကျွန်တော်ဆို တရုတ်လူမျိုး ၊ ဒရမ်မာဝါတားဆို လီဆူလူမျိုး၊ ကီးဘုတ်ကျန်ဇီး လီဆူလူမျိုး၊ လိဒ့်ဂစ်တာတီးတဲ့ ဂီတမှူးဘရန်အောင်ဆို ကချင်လူမျိုးပါ" ဟု ဦးမောင်မောင်သန်းက ပြောပြသည်။

အလင်းမဲ့ ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)သည် ဖြစ်တည်မှု မတူညီသည့် တိုင်းရင်းသားပေါင်းစုံတို့၏ ယုံကြည်ကိုးကွယ်မှု၊ မတူညီသော ယဉ်ကျေးမှုများနှင့် ခံယူတယ်။ သဘောထားကြီးပြီး မေတ္တာရှိဖို့တော့လိုတယ်။ ကိုယ့်လူမျိုးပဲကောင်းတယ်၊ ကိုယ့်ဘာသာပဲကောင်းတယ်။ အဲဒီလို အယူအဆနဲ့ဆို သိပ်အဆင်မပြေဘူး။ ကိုယ့်ဘာသာ၊ လူမျိုးလည်းတန်ဖိုးထား၊ သူ့ဘာသာလူမျိုးလည်း လေးစားတန်ဖိုးထားကြလို့ ကျွန်တော်တို့ အဆင်ပြေပြေ နေနိုင်တာလို့ယုံကြည်ပါတယ်" ဟုဦးမောင်မောင်သန်းက ပြောပြသည်။

အဆိုပါ ခရစ်ယာန်မျက်မမြင်ကျောင်းတွင် ဘဝတူမျက်မမြင်ကလေးငယ်များကို ပညာတတ်ဖြစ်စေချင်သည့် ဆန္ဒတစ်ခုတည်းဖြင့် စာသင်ကြားပေးနေသော ဗုဒ္ဓဘာသာဝင် မျက်မမြင်အမျိုးသမီး တစ်ဦးရှိသည်။

ကိုးနှစ်သမီးအရွယ်ကတည်းက မျက်မမြင်ကျောင်းသို့ ရောက်ရှိခဲ့သည့် ဒေါ်မာလာတင်တစ်ယောက် မျက်မမြင်ကလေးငယ်များကို စာသင်ကြားပေးနေသည်မှာ အနှစ် ၂၀ နီးပါးပင်ရှိနေပေပြီ...။

"ခရစ်ယာန်ကျောင်းဖြစ်ပေမယ့် ဘာသာရေးနဲ့ပတ်သက်ပြီး ဆွဲဆောင်တာတွေ၊ ခွဲခြားတာတွေမရှိဘူး။ ကျွန်မဆိုရင် ဗုဒ္ဓဘာသာကို ကိုယ့်ဘာသာကိုယ် ကြီးလာတဲ့အခါမှာ လေ့လာတယ်။ အဖေနဲ့အမေကတော့ ဘာသာရေးနဲ့ ပတ်သက်ပြီး သွန်သင်ပါတယ်" ဟု ဒေါ်မာလာတင်က ပြောသည်။


မျက်မမြင်စာဖြင့် ဂဏန်းသင်္ချာတွက်နေသော စတုတ္ထတန်းကျောင်းသားလေးများကို တွေ့ရစဉ်။

ထုံမွမ်းနေသော အလင်းရောင်များတည်ရှိရာ အရပ်ဖြစ်နေပေသည်။

ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)တွင် မတူညီသော်လည်း တူညီစွာနေထိုင်နိုင်ခြင်းကို "မတူညီတဲ့လူမျိုး၊ ဘာသာတရားတွေ ရှိကြပေမယ့် အဓိကက ချစ်ခြင်းမေတ္တာပါ။ မတူညီပေမယ့် လက်ခံနိုင်တဲ့ သဘောထားရှိရင် အဆင်ပြေပါတယ်။ မေတ္တာထားမယ်။ ကိုယ်နဲ့မတူပေမယ့် လက်ခံနိုင်ရမယ်။ ကိုယ်နဲ့မတူလို့ ကိုယ့်ရန်သူလို့ သဘောထားနေရင်ဘယ်ဖြစ်မလဲ။ အားလုံးအတူတူလို့သာ သဘောထားရင် အတူတူနေထိုင်နိုင်တယ်လို့ ကျွန်တော့်အနေနဲ့

ဒေါ်မာလာတင်သည် မျက်မမြင်ကျောင်းတွင်ပင် တွေ့ရှိခဲ့သည့် ဘဝတူ အမြင်အာရုံချို့တဲ့သည့် အမျိုးသားတစ်ဦးနှင့် အိမ်ထောင်ပြုခဲ့ပြီး သူ၏သမီးလေးပင် အသက်နှစ်နှစ် အရွယ်ရှိနေပြီဖြစ်သည်။

ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)သည် အမြင်အာရုံချို့ယွင်းသည့် ဘာသာစုံ၊ လူမျိုးစုံကို လက်ခံသင်ကြားပေးပြီး ယင်းသို့လက်ခံခြင်းဖြင့် ဘာသာအရ၊ လူမျိုးအရ ကွဲပြားမှု အရာများနည်းပါးသွားကာ မျက်မမြင်များသည် တွေးခေါ်နိုင်မှု၊ စဉ်းစားနိုင်မှုစွမ်းအားများ တိုးလာ၍ ပညာတတ်များ ဖြစ်လာနိုင်မည်ဟု ရန်ကုန်မျက်မမြင်

## ဆောင်းပါး..ရဲခေါင်ညွန့်
## ဓာတ်ပုံ..နော်ဘတ်တီဟန်

ကျောင်းခဝဲခြံ၏ တွဲဖက်အထွေထွေအတွင်းရေးမှူး စောသောင်းကြည်က ပြောသည်။

ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် လက်မှုပညာသင်ကြားသည့် ကျောင်းသားကျောင်းသူ ၁၅၀ ကျော်ရှိပြီး တက္ကသိုလ်ဝင်တန်းဖြေကြားမည့် ကျောင်းသား ကျောင်းသူငါးဦးရှိကာ ဖြေကြားရန်အတွက်လည်း အဆင်သင့် ဖြစ်နေကြပေပြီ။

မိုးကုတ်ဇာတိ လီဆူလူမျိုး မအားမီစာက "သူငယ်တန်းကတည်းက ဒီကိုရောက်တာ။ သူငယ်ချင်းတွေ အများကြီးပဲ။ ကရင်၊ ကချင်၊ မွန်၊ ရှမ်း၊ ဗမာ၊ ပအိုဝ်း၊ လားဟူ ၊ ချင်း ရှိပါတယ်။ သမိုင်းဘာသာရပ်ကို စိတ်ဝင်စားတယ်။ ဖြေနိုင်မယ်လို့လည်း ယုံကြည်ပါတယ်" ဟု ပြောလာသည်။

ရန်ကုန် မျက်မမြင်ကျောင်းမှနေ၍ တက္ကသိုလ်ဝင်တန်း ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသည် ရည်ရွယ်ချက်၊ ရည်မှန်းချက် အသီးသီးရှိနေကြပြီး မမြင်သော်လည်း တစ်ဦးနှင့်တစ်ဦး ဖေးမလျက် လျှောက်လှမ်း နေကြပေသည်။

"ကျွန်တော်က ဗမာပါ။ ရွှေပြည်သာမှာနေတာ။ ၁၀ တန်းအောင်ရင် အသံဖမ်း အင်ဂျင်နီယာတစ်ယောက်ဖြစ်ချင်တယ်။ ဒီက သူငယ်ချင်းတွေနဲ့ နေထိုင်ရတာ အဆင်ပြေတယ်။ ခင်လည်းခင်တယ်။ ကူညီကြတယ်။ ကချင် ၊ ကယား ၊ ကချင် ၊ ရခိုင်နည်းနည်းစီ အစုံရှိတယ်" ဟု ၂၀၀၇ ခုနှစ်ကတည်းက ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ) သို့ ရောက်ရှိကာ ပညာသင်ကြားနေသည့် မောင်သွန်းနေစိုးက ပြောသည်။

ရန်ကုန် မျက်မမြင်ကျောင်း (ခဝဲခြံ)သို့ ရောက်ရှိနေကြသူများ၏ တူညီသည့်အချက်မှာ အမြင်အာရုံ ချို့ယွင်းသူများ အတူတူရှိနေခြင်းဖြစ်သည်။ မတူညီသည့်အချက်မှာ လူမျိုး၊ ကိုးကွယ်မှု၊ ဘာသာစကားနှင့် လာရောက်ကြသည့် ဒေသအသီးသီး မတူညီကြခြင်းပင်ဖြစ်သည်။

အတန်းပညာ၊ စာပေဗဟုသုတ၊ သက်မွေးပညာသင်ကြားမှု၊ ကလေးငယ်များ ပျော်ရွှင်စွာ ဆော့ကစားနိုင်သည့်ပန်းခြံ၊ သုတေသနခန်း၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်း စသည်တို့ဖြင့် စနစ်တကျ တည်ဖွဲ့ထားရာ အရပ်သည် မတူညီသော ကိုးကွယ်မှု၊ ဘာသာအသီးသီး၊ မတူညီသော နေရာဒေသ အသီးသီးတို့မှ မပြည့်ဖြိုးကြွယ်တို့လို ဦးမောင်မောင်သန်းတို့လို၊ ဒေါ်မာလာတင်တို့လို အလင်းရောင် မဲ့နေကြသူများ ကွန်းခိုရာဖြစ်သည်။

မပြည့်ဖြိုးကြွယ် ပြောခဲ့သည့် "မင်းတို့ အားလုံးကိုငါချစ်တယ်"ဟူသော စကားအတိုင်း အဆိုပါနေရာသည် အလင်းမဲ့သူများ စုဝေးနေထိုင်သော အလင်းရောင်ရှိရာ အရပ်ဖြစ်သည်။

# မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း ရန်ပုံငွေဂီတဖျော်ဖြေပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း၏ အသင်းဝင် မသန်စွမ်းသူ ၁၁၁၃ ဦးကို ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးတို့အတွက် ရန်ပုံငွေဂီတဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၆ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ တတိယအကြိမ်မြောက် ကျင်းပမည်ဖြစ်သည်။

**ထောက်ပံ့မှုတွေပေးနိုင်ဖို့ ကျင်းပခြင်းဖြစ်**

ရန်ပုံငွေပွဲနှင့်ပတ်သက်၍ မြန်မာနိုင်ငံကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်းမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကိုကိုဦးက "ဒီပွဲက ကိုယ်အင်္ဂါမသန်စွမ်းသူတွေရဲ့ ရန်ပုံငွေပွဲပါ။ ဒီကရတဲ့ငွေတွေကို ကျွန်တော်တို့က ကိုယ်အင်္ဂါ မသန်စွမ်းသူတွေဖြစ်ပေမယ့် ကျန်တဲ့မသန်စွမ်းတွေကိုလည်း ထောက်ပံ့ပေးပါတယ်။ ပညာသင်စရိတ်၊ ကျန်းမာရေး၊ အလုပ်အကိုင် အခွင့်အလမ်း၊ လူမှုရေး စတာတွေကို ထောက်ပံ့ပေးပါတယ်။ အထောက်အကူပြုပစ္စည်းတွေ ပေးတဲ့အခါမှာလည်း လူဦးရေကန့်သတ်ထားတာ မရှိပါဘူး။ ပေးနိုင်တဲ့အတိုင်းအတာထိ ပေးပါတယ်။ လူဦးရေများတဲ့အခါကျတော့ ဗိုးချဲတွေဆိုရင် တန်းစီဇယားနဲ့ တန်းစီထားရတယ်။ စီနီယာအလိုက်ကို ထောက်ပံ့ပေးလျက်ရှိပါတယ်။ ဒီလိုထောက်ပံ့မှုတွေ ပေးနိုင်ဖို့အတွက် ဒီပွဲကိုကျင်းပရခြင်း ဖြစ်ပါတယ်"ဟု ပြောသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

မြန်မာနိုင်ငံတွင် ကိုယ်အင်္ဂါမသန်စွမ်းသူ၊ အကြားအာရုံမသန်စွမ်းသူ၊ အမြင်အာရုံမသန်စွမ်းသူနှင့် ဉာဏ်ရည်မသန်စွမ်းသူဟူ၍ မသန်စွမ်းသူ အမျိုးအစား လေးမျိုးရှိပြီး မသန်စွမ်းသူပေါင်း ၂ ဒသမ ၃ သန်း ရာခိုင်နှုန်းရှိရာ ကိုယ်အင်္ဂါမသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး စသည့်လိုအပ်ချက်များကို မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းက ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ စတင်တည်ထောင်ကာ ယခုဆိုလျှင် နိုင်ငံတစ်ဝန်း အသင်းရုံးခွဲပေါင်း ၃၄ ရုံး ဖွင့်လှစ်၍ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ထို့အတူ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ၄၃ ကျိုက်လတ်လမ်းတွင်လည်း မသန်စွမ်းသူများအတွက် အထောက်အကူဖြစ်စေရန်မသန်စွမ်းသုံး အထောက်အကူပြု ပစ္စည်းအလုပ်ရုံကို တည်ထောင်ထားကြောင်း သိရသည်။

**ဆက်သွယ်ဝယ်ယူနိုင်**

ရန်ပုံငွေ ဂီတဖျော်ဖြေပွဲတွင် တင်ဦးလေး၊ သန်းမြတ်စိုး၊ မောင်မောင်ထိပ်၊ မိုးထက်မြင့်၊ ဆန်ဖရန်စစ္စကို ဦးစိန်လှိုင်(ပဲခူး)၊ ပီတာလွင်၊ ကြည်စိုး၊ ချိုပြုံး၊ တက္ကသိုလ်လဲ့လဲ့၊ သီသီမာ၊ သွန်း၊ ဖြူဖြူလှိုင်၊ ဂျေညီညီ၊ ဘိုကျော်၊ ညီထွဋ်ခေါင်၊ ကိုကိုထွေး၊ ချမ်းချမ်း၊ အိုင်းရင်းဇင်မာမြင့်၊




ဆုထက်လှိုင်၊ ပွင့်၊ တေးဂီတမှူး နိုင်ဇော် (Lazy Club) Art Robots Music Band နှင့် အမေရိကန်နိုင်ငံတောင်ပိုင်း ကယ်လီဖိုးနီးယားမှ ဂီတမှူး ဒေါက်တာခိုင်မြင့် (Key Board)တို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး လက်မှတ်များကို မြန်မာနိုင်ငံ ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်းနှင့် မန်းသီရိတေးသံသွင်း ဖုန်း-၀၁-၅၁၈၄၁၀ ၊ ၅၁၁၆၈၅ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ၊ ဇာနည်မောင်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားလူမျိုးစုများဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနား တက်ရောက်

**မန္တလေး ဖေဖော်ဝါရီ ၁၀**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အဌမ အကြိမ် တိုင်းရင်းသားလူမျိုးစုများဈေးရောင်းပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော်ကို မန္တလေးမြို့၌ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ကိုးကန့်၊ တအာင်း စသည့် လူမျိုးရှစ်မျိုးဖြင့် စတင် ကျင်းပခဲ့ပြီး ယခုနှစ်တွင် ထူးခြားမှုအနေဖြင့် ယခင် လူမျိုးစု ရှစ်စုအပြင် ဗမာ၊ ကယန်း၊ တောင်ရိုး၊ နာဂ၊ ပအိုဝ်း၊ ရှမ်းနီ၊ အင်းသား၊ ဓနု၊ ယော၊ လီဆူစသည့် တိုင်းရင်းသား ၁၀ မျိုး ထပ်တိုးလာပါကြောင်း။

### ချစ်ကြည်မှုများ ရရှိလာနိုင်

မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစုများပါဝင်သည့်ပွဲသို့ တက်ရောက်ခွင့်ရသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း၊ တိုင်းရင်းသားပေါင်းစုံပါဝင်သည့် ဈေးရောင်းပွဲတော်ကျင်းပခြင်းကြောင့် တိုင်းရင်းသားများအချင်းချင်း တစ်ဦးနှင့် တစ်ဦး မတူကွဲပြားသည့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုသိရှိနားလည်လာကြပြီး ရင်းနှီးချစ်ကြည်မှုများ ရရှိလာနိုင်ကြမည့်အပြင် ရင်းနှီးချစ်ကြည်မှုမှတစ်ဆင့် တစ်ဦးအပေါ် တစ်ဦး ချစ်ခင်ယုံကြည်မှုများ တိုးပွားရရှိလာမည်ဖြစ်ပါကြောင်း၊ ယခုဈေးရောင်းပွဲတော်မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးသည့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ပြီး တရားမျှတ၍ တန်းတူညီမျှမှုရှိသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို အမြန်ဆုံး တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးအတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တိုင်းရင်းသားလူမျိုးစုများ၏ ဈေးရောင်းပွဲတော်ဆိုသည်မှာ လူမျိုးစုတစ်စုချင်းစီ၏ ဓလေ့ထုံးတမ်းစဉ်လာများကို မြင်တွေ့ခွင့်ရရှိအောင် ထုတ်ဖော်ပြသသည့် ပြပွဲတစ်ခုအဖြစ်ခံယူပါကြောင်း၊ တိုင်းဒေသကြီးတွင် တိုင်းရင်းသားလူမျိုးအစုအဖွဲ့ ၁၈ ခုအထိ အခြေစိုက်နေထိုင်ကြသည့်အတွက် တစ်နိုင်ငံလုံးထက် ချစ်ခင်ရင်းနှီးမှု ပိုမို သာလွန်မည်ဖြစ်ပြီး ဧရာဝတီ၊ သံလွင်နှင့် စစ်တောင်း မြစ်ကြီးများနှင့်အတူ အမြဲထာဝရတည်ရှိနေမည်ဟု မန္တလေးသူ၊ မန္တလေးသားတို့က ယုံကြည်ပါကြောင်း ပြောကြားသည်။

### ကြည့်ရှုအားပေး

ယင်းနောက် မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးစုများဈေးရောင်းပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးနိုင်မောင်မြင့်က ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဈေးရောင်းပွဲတော်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် တိုင်းရင်းသားတို့၏ ဒေသထွက်ကုန်များ၊ ရိုးရာအသုံးအဆောင်နှင့် အစားအစာအရောင်းဆိုင်ခန်းများကို ကြည့်ရှုအားပေးကြသည်။

မန္တလေးမြို့တွင် အခြေချနေထိုင်ကြသော တိုင်းရင်းသားလူမှုရေးအသင်းအဖွဲ့များမှ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် အဌမအကြိမ် တိုင်းရင်းသားလူမျိုးစုများဈေးရောင်းပွဲတော်ကို မန္တလာသီရိအားကစားကွင်းတွင် ဖေဖော်ဝါရီ ၁၂ ရက်အထိ တိုင်းရင်းသားလူမျိုးစုများ၏ ဒေသထွက်ကုန်နှင့် ရိုးရာအသုံးအဆောင် ဆိုင်ခန်းပေါင်း ၁၈ ခန်းနှင့် ရိုးရာအစားအစာဆိုင်ခန်းပေါင်း ၁၈ ခန်းအပြင် ဌာနဆိုင်ရာပြခန်းများ၊ စာအုပ်အရောင်းဆိုင်များပါဝင်ပြသ ရောင်းချသွားမည်ဖြစ်ပြီး နံနက် ၉ နာရီမှ ည ၁၁ နာရီအထိ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအကပဒေသာဖျော်ဖြေမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (၃)နှစ်မြောက်နှစ်ပတ်လည်အခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (၃)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ယနေ့ ညနေ ၆ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမတွင် ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်(၃)နှစ်မြောက် သီချင်းကိုသီဆိုပြီး အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လွှတ်တော်(၃)နှစ်မြောက်ဂုဏ်ပြုအမှတ်တရစကားပြောကြားရာတွင် လွှတ်တော်သည် ဒီမိုကရေစီ၏ အသက်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီ၏ ပန်းတိုင်ဖြစ်ပါကြောင်း၊ လွှတ်တော်အရည်အသွေး မြင့်မားလာသည်နှင့်အမျှ နိုင်ငံကိုဦးဆောင်မှုပေးနိုင်သည့် အခန်းကဏ္ဍတစ်ရပ် ပိုမိုမြင့်မားလာမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကချမှတ်လိုက်သည့် ဥပဒေများသည် နိုင်ငံတော်တည်ဆောက်ရန်အတွက် ဌာနဆိုင်ရာ အသီးသီးလိုက်နာကျင့်သုံး ဆောင်ရွက်ရမည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို တည့်မတ်ဆောင်ရွက်ပေးနိုင်သည့် အခြေအနေတစ်ခုဖြစ်သကဲ့သို့ လူမှုဘဝကိုမြှင့်တင်နိုင်ရန်အတွက်လည်း မူဝါဒချမှတ်ပေးနိုင်မည့် အခြေအနေတစ်ခုဖြစ်ပါကြောင်း၊ သို့ပါ၍ လွှတ်တော်၏ အခန်းကဏ္ဍမြင့်မားလာရေးသည် ဒီမိုကရေစီစနစ်တွင် အရေးအကြီးဆုံးကဏ္ဍတွင် ရှိနေသည်ကို အားလုံးသတိချပ်ရန် လိုအပ်ပါကြောင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက လွှတ်တော်(၃)နှစ်မြောက် ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် မြို့တော်ဝန် ဦးမောင်မောင်စိုးတို့က လွှတ်တော်ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲတွင် ပထမဆုရ မြောက်ပိုင်းခရိုင်အသင်း၊ ဒုတိယဆုရ တောင်ပိုင်းခရိုင်အသင်း၊ ပူးတွဲတတိယဆုရ အရှေ့ပိုင်းခရိုင်အသင်းနှင့် အနောက်ပိုင်းခရိုင်အသင်းတို့အား ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

**သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ရဲထွဋ်**

❖ **ရှေ့ဖုံးမှ**

တစ်နေရာတည်းမှာ စုံစုံလင်လင်ရောင်းချနေတာတွေ့ရတာ အလွန်ကောင်းပါတယ်။ လေ့လာလို့လည်း ရတယ်။ ဝယ်ယူအားပေးရတာလည်း အဆင်ပြေတယ်။ ကျွန်မကတော့ ချင်းရိုးရာ လည်ဆွဲ၊ လက်ကောက်၊ ဆံထိုးနဲ့ ရှမ်းရိုးရာ အလှဆင်ခါးပတ်တွေ ဝယ်ယူခဲ့ပါတယ်။ တိုင်းရင်းသားလူမျိုးတွေရဲ့အသုံးအဆောင်ပစ္စည်းတွေ၊ ဒေသထွက်ကုန်တွေ၊ ရိုးရာအစားအစာတွေ တော်တော်များများ စုံစုံလင်လင် တွေ့ရပါတယ်။ ရိုးရာအစားအစာတွေကိုလည်း ဝယ်ယူအားပေးခဲ့ပါတယ်”ဟု မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်(ဃ)ရပ်ကွက်မှ လာရောက်ဝယ်ယူသူတစ်ဦးက ပြောသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**






နေပြည်တော် ဇေယျာသီရိမြို့နယ် သာစည်အုပ်စု အောင်သာကျေးရွာ၌ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းတွင် ရွှေတွင်းကုန်းမြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး အောင်ဇော်ထွန်းသည် ကျေးရွာရာအိမ်မှူးနှင့်အတူ ရွာသူရွာသားများအား မူခင်းအသိပညာပေး ဟောပြောစဉ်။

**ခွန်းဆက်နေ**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း စီမံကိန်း ၇၉ ခု ၂၀၁၉ ခုနှစ်တွင် အကောင်အထည်ဖော်မည်

(ယမန်နေ့မှအဆက်)

**ကရင်တိုင်းရင်းသားများအတွက် စာပေယဉ်ကျေးမှု ဆောင်ရွက်ချက်**

**မေး။ ။ ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီးတစ်ယောက်ဖြစ်နေတော့ ကရင်တိုင်းသားတွေရဲ့စာပေယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်ပေးနေသလဲဆိုတာကို ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** ။ ကရင်တိုင်းရင်းသားစာပေနဲ့ ပတ်သက်ရင်တော့ လက်ရှိ အခြေခံပညာကျောင်းတွေမှာ ကရင်စာပေကိုသင်နေတဲ့ ဆရာ၊ ဆရာမတွေကို ကျွန်မတို့ တောင်းဆိုတဲ့အတွက် ပညာရေးဝန်ကြီးဌာနက ဘတ်ဂျက်ထုတ်ပေးနေသလို ခွင့်ပြုချက်လည်းရတယ်။ ရန်ကုန်တိုင်းဒေသကြီးထဲမှာ သင်ထောက်ကူဆရာ၊ ဆရာမ (Teacher Assistant) တွေ ခန့်အပ်တာ ၁၇၀ ကျော်ရှိတယ်။ ပညာအရည်အချင်းက ကိုးတန်းနဲ့ အထက်ပဲရှိတယ်။ ကရင်ဘာသာစကားတစ်ခုပဲ သင်တယ်။ အဲဒီဆရာမ ၃၀၀ နီးပါးရှိတယ်။ ကရင်စာလည်း တတ်တယ်။ အခြားသော ဘာသာရပ်တွေကိုလည်း ကလေးတွေကို သင်ပေးနိုင်တယ်ဆိုတဲ့ Teacher Assistant အဆင့်ဆိုပြီး နှစ်ခုလုပ်ထားပေးတယ်။ နောက်ဘာသာစကားတွေ တည်တံ့ခိုင်မြဲရေးအတွက်ဆိုပြီး ကရင်အဘိဓာန်စာအုပ်ကို ကျွန်မလုပ်နေတယ်။

ကရင်မှာက အရှေ့ပိုး၊ အနောက်ပိုး၊ စကော သုံးမျိုးရှိတဲ့အတွက်ကြောင့် အခုလောလောဆယ်တော့ စကော-မြန်မာ-အင်္ဂလိပ် အဘိဓာန်ကတော့ ၁၀၀ ရာခိုင်နှုန်းပြီးပြီ။ ဒုတိယအကြိမ်းလည်း စိစစ်ပြီးပြီဆိုတော့ စာအုပ်ကထွက်ပြီ။ အနောက်ပိုးကတော့ ကျွန်မတို့လုပ်နေဆဲဖြစ်တယ်။ ၆၀ ရာခိုင်နှုန်းလောက်တော့ ပြီးပြီ။ အရှေ့ပိုးကတော့ အားနည်းသေးတယ်။ ၃၀ ရာခိုင်နှုန်းလောက်ပဲ လုပ်နိုင်သေးတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ ရန်ကုန်တိုင်းထဲမှာက စကောကရင်လူမျိုးက အများဆုံးဖြစ်တယ်၊ ၈၀ ရာခိုင်နှုန်းလောက်ရှိတယ်။ အနောက်ပိုးကရင်က ၂၀ ရာခိုင်နှုန်း လောက်ရှိတယ်။ အရှေ့ပိုးကတော့ မရှိသလောက်နည်းတယ်။ အရှေ့ပိုးက ကရင်ပြည်နယ်မှာ နေထိုင်ကြတဲ့ ကရင်တိုင်းရင်းသားတွေ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဘက်သိပ်မလာကြဘူး။ ဒီဘက်မှာက ဧရာဝတီတိုင်းဒေသကြီးက ကရင်အများစု ဖြစ်ပါတယ်။ ဒါက စာပေဆိုင်ရာပါ။

**မေး။ ။ ယဉ်ကျေးမှုအပိုင်း ဆောင်ရွက်ချက်ကို ပြောပြပေးပါခင်ဗျာ။**

**ဖြေ။** ။ ယဉ်ကျေးမှုအပိုင်းဆိုရင် အရင်က ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ခြောက်နေရာလောက်ပဲ ကျင်းပတယ်။ မနှစ်ကဆိုရင် ၁၃ နေရာ၊ ဒီနှစ်ဆိုရင် ၁၅ နေရာလောက်အထိ ကျင်းပနိုင်တယ်။ ပိုပိုပြီးစည်လာတယ်။ နောက်ကရင်လူမျိုးတွေက ကရင်အမျိုးသားဝတ်စုံကို ပိုပြီးတော့ ဝတ်ဆင်လာကြတယ်။ ဒါဟာ ပြောင်းလဲမှုတစ်ခုပါ။ နောက်တစ်ခုက ကျွန်မတို့ ကရင်ရိုးရာချည်ဖြူဖွဲ့ပွဲတော်။ ကရင်တိုင်းရင်းသားမှန်ရင် ကျွန်မတို့က ရိုးရာချည်ဖြူဖွဲ့ပွဲတော်မှာ လက်ချည်ကြရတယ်။ ဒါဟာ ကရင်တိုင်းရင်းသားတွေရဲ့စည်းလုံးညီညွတ်မှုကို ပြတယ်။ ကရင်တွေ အချင်းချင်းထဲမှာ ဗုဒ္ဓဘာသာကိုးကွယ်သည်ဖြစ်စေ၊ ခရစ်ယာန်ဘာသာကိုးကွယ်သည်ဖြစ်စေ၊ အရှေ့ပိုး၊ အနောက်ပိုး၊ စကောဖြစ်စေ ငါတို့အားလုံးဟာ ကရင်ပဲဆိုတဲ့ အသိတစ်ခုနဲ့ လက်ကိုချည်တဲ့ချည်ဖြူဖွဲ့ပွဲတော်လုပ်ကြတယ်။ အဲဒီပွဲတော်ကြီး နှစ်ခုကိုတော့ ကျွန်မကစီစဉ်ပြီး ဆောင်ရွက်ပေးနိုင်ခဲ့တယ်။

နောက်ကရင်သမိုင်းပါ။ ကျွန်မတို့ ကရင်လူမျိုးတွေဟာ မြန်မာနိုင်ငံကို လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀၀ ကျော်လောက်ကတည်းက ရောက်လာအခြေချ နေထိုင်လာကြတဲ့ ကရင်တိုင်းရင်းသားတွေ ဖြစ်တယ်။ ခေတ်သုံးခေတ်ပေါ့၊ ပုဂံမတိုင်ခင်၊ ပုဂံခေတ်ကနေ ဒုတိယကမ္ဘာစစ်ဖြစ်တဲ့အချိန် ဗြိတိသျှကိုလိုနီလက်ထက်အထိ တစ်ခေတ်၊ နောက် လွတ်လပ်ရေးရပြီး နောက်ပိုင်း မဆလလက်ထက်၊ တပ်မတော်အစိုးရလက်ထက်၊ ပြီးတော့ ဒီမိုကရေစီအစိုးရလက်ထက်ခေတ်တွေ ခေတ်အလိုက်မှာ ကျွန်မတို့ ကရင်




လူမျိုးတွေက ဘယ်နေရာ ဘယ်ဒေသတွေမှာ ဘယ်လိုနေထိုင်ကြသလဲ၊ ဘယ်လိုစီးပွားရေးတွေ လုပ်ကြသလဲ၊ ယဉ်ကျေးမှုတွေ ဘယ်လိုပြောင်းလဲလာသလဲ၊ social economic နဲ့ ပတ်သက်ပြီး ဘာတွေပြောင်းလဲလာသလဲဆိုတာတွေ အကုန်လုံးကို သုတေသနပြုပြီးတော့ စာအုပ်ထုတ်ဖို့အတွက် သမိုင်းပညာရှင် ဒေါက်တာနန်းလှိုင်ကို ကျွန်မတို့ တိုင်းဒေသကြီးအစိုးရက ပံ့ပိုးမှုတွေပေးပြီးတော့ စာအုပ်ထုတ်ဖို့လုပ်တယ်။ အဲဒါက အခုဆိုရင် ၈၀ ရာခိုင်နှုန်းလောက်ပြီးစီးနေပြီ။ ဒီနှစ် ကုန်လောက်မှာတော့ ကျွန်မတို့ မြန်မာနိုင်ငံမှာ ပြီးပြည့်စုံသော ကရင့်သမိုင်းစာအုပ်တစ်အုပ်ထွက်လာမှာ ဖြစ်ပါတယ်။ ဒီသမိုင်းစာအုပ်က တက္ကသိုလ်များ စာကြည့်တိုက်မှာဆိုရင် သမိုင်းသုတေသနဌာနများရဲ့ ကိုးကားစရာ စာအုပ်ကောင်းတစ်အုပ်ဖြစ်သွားလိမ့်မယ်။ အခြားသော တိုင်းရင်းသားတွေကလည်း ကရင်လူမျိုးသမိုင်းကြောင်း သိချင်ရင် ဒီအထဲမှာရှာဖတ်လိုက်ရင် ကရင်လူမျိုးအကြောင်း ပြည့်စုံစွာ သိနိုင်တဲ့ စာအုပ်တစ်အုပ်ထွက်လာလိမ့်မယ်လို့ ကျွန်မအနေနဲ့ မျှော်မှန်းတယ်။ ဒါတွေက ကျွန်မ တာဝန်ယူစဉ်အတွင်းမှာ လုပ်ဆောင်ခဲ့တဲ့ ဆောင်ရွက်ချက်တွေပါ။

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ဟိုတယ်ခရီးလုပ်ငန်း ဆောင်ရွက်မှု**

**မေး။ ။ ဝန်ကြီးက ရန်ကုန်မြို့ရဲ့ ဟိုတယ်ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်ပြီး တာဝန်ယူထားသူဆိုတော့ ဘာတွေများ ဆောင်ရွက်ထားသလဲဆိုတာလဲ ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။** ။ ဟိုတယ်ခရီးနဲ့ ပတ်သက်ရင် ကျွန်မ တာဝန်ယူစဉ်က ဟိုတယ်အခန်းပေါင်း ၁၈၀၀၀ လောက်ပဲ ရှိတယ်။ အခုဆိုရင် ၂၂၀၀၀ ကျော်ဖြစ်သွားပြီ။ ဟိုတယ် အခန်းပေါင်း ၄၀၀၀ ကျော် တိုးတက်ခဲ့တယ်။ ဟိုတယ်ခရီးနဲ့ ပတ်သက်ရင် လူတွေက စီးပွားရေးရင်းနှီးမြှုပ်နှံမှုတစ်ခုအနေနဲ့ မြှုပ်နှံလာတဲ့အပိုင်းတွေရှိတယ်။ အဲဒီမှာ ဟိုတယ်လုပ်ငန်းရဲ့ဝန်ဆောင်မှုတွေကို ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှုအတိုင်း ကျွန်မကိုယ်တိုင် စိစစ်ရတယ်။ ဝန်ဆောင်မှုဆိုတာ လာတဲ့ဧည့်သည်အပေါ်မှာ စိတ်ကျေနပ်သွားဖို့အတွက် သန့်ပြန့်မှု၊ သန့်ရှင်းမှု၊ စနစ်ကျမှု၊ လုံခြုံမှုတွေအပေါ်မှာ မူတည်ပြီးတော့ ဆောင်ရွက်ရမှာ ဖြစ်တာကြောင့် ဟိုတယ်ရာနဲ့ချီပြီး ကျွန်မ စစ်ဆေးခဲ့တယ်။

ဒီလိုခေတ်ကာလမှာ ခရီးအများဆုံးသွားတဲ့ မျိုးဆက်တွေကို ပြန်လေ့လာတဲ့ အခါမှာ X generation၊ Y generation နဲ့ Z generation ဆိုတာရှိတယ်။ ၁၉၈၀ က မွေးတဲ့သူ၊ ၁၉၉၀ ကမွေးတဲ့သူနဲ့ ၂၀၀၀ ပြည့်နှစ်မှာ မွေးတဲ့လူငယ်တွေက ခရီးအများဆုံးသွားကြတယ်။ လူငယ်တွေက ဘယ်လိုပုံစံကြိုက်ကြလဲဆိုတော့ မိသားစုနဲ့ သွားရင် တကယ့် Luxury ဟိုတယ်မှာ တည်းကြလိမ့်မယ်။ ဒါပေမယ့် သူတို့တစ်ဦး တစ်ယောက်တည်း ခရီးသွားတယ်၊ လေ့လာကြတယ်ဆိုရင်တော့ ကျောပိုးအိတ်နဲ့ ခရီးသွားတဲ့ ပုံစံမျိုးလာကြတယ်။ နိုင်ငံတကာမှာရှိတဲ့ လူငယ်တွေကလည်း ခရီးသွားလာကြမယ်ဆိုရင် ကျောပိုးအိတ်နဲ့ ခရီးသွားတာတွေ ရှိလာတယ်။ ဟိုတုန်းကတော့ ဟိုတယ်၊ မိုတယ်၊ အင်းနဲ့ တည်းခိုခန်းပေါ့။

တည်းခိုခန်းဆိုရင်လည်း နိုင်ငံခြားသားတည်းလို့ရတဲ့ တည်းခိုခန်းဆိုပြီး ရှိတယ်။ ပြည်တွင်းခရီးသွား ဘုရားဖူးတွေသာ တည်းလို့ရတဲ့ တည်းခိုခန်းဆိုရင်တော့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လိုင်စင်ပေးတယ်။ နိုင်ငံခြားသားပါတည်းလို့ရတဲ့ တည်းခိုခန်း၊ ဟိုတယ်၊ မိုတယ်၊ အင်း တို့ဆိုရင်တော့ ဟိုတယ်ခရီးကနေ လိုင်စင်ပေးတယ်။ ဒါပေမယ့် ဒီနှစ်ခုလုံးကို ကျွန်မစိစစ်တယ်။ စိစစ်တဲ့အခါမှာ အချို့ကကြတော့ ဟိုတယ်ခရီးကနေ စီမံအုပ်ချုပ်တာမဟုတ်ဘဲ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကပဲ ပေးထားတဲ့ တည်းခိုခန်းအဆင့်တွေ ရှိတယ်။ ဒါပေမယ့် အဲဒီတည်းခိုခန်းတွေမှာ နိုင်ငံခြားသားဧည့်သည်တည်းလို့မရဘူး။ ပြည်တွင်းဧည့်သည်သာ တည်းလို့ရမယ်လို့ ဆုံးဖြတ်ထားပေမယ့် လုပ်ငန်းရှင်တော်တော်များများက နိုင်ငံခြားသားတွေကိုပါ ပေးပြီး တည်းခိုနေတာ တွေ့ရတယ်။

**မေး။ ။ အဲဒီအတွက် ခရီးသွားလုပ်ငန်းမှာ ဥပဒေနဲ့ အညီ တန်ဖိုးနည်းနည်းနဲ့ တည်းခိုနိုင်အောင် ဘယ်လို စီစဉ်ဆောင်ရွက်ခဲ့ပါသလဲ။**

**ဖြေ။** ။ ဒါတွေကို စိစစ်တဲ့အခါ မြို့ထဲမှာ လုပ်ကိုင်နေတဲ့ လုပ်ငန်းရှင် ဦးရေ ၄၀ ကျော်လောက်ရှိတယ်။ ဒီထက်မက ထပ်တိုးလာနိုင်တဲ့ အခြေအနေလည်းရှိတယ်။ ဘာကြောင့် ရှိသလဲ ပြန်စိစစ်ကြည့်လိုက်တော့ နိုင်ငံခြားသားတွေက အဆင့်မြင့်တဲ့ ဟိုတယ်မှာ မဟုတ်ဘဲ ဒီလိုမျိုးအဆင်ပြေပြီးတော့ ငွေကြေးချွေတာတဲ့ ဟိုတယ်တွေမှာပဲ တည်းနေသလဲဆိုတော့ ဒါသည်နိုင်ငံတကာခရီးသွားကြတဲ့ လူငယ်တွေရဲ့ ဦးတည်ချက်ဖြစ်နေတယ်။ ဒါကြောင့် အိမ်နီးချင်းနိုင်ငံတွေကို ကျွန်မသွားတဲ့အခါ ကျောပိုးအိတ်နဲ့ ခရီးသွားသူတွေအတွက်ရော ဘယ်လိုလုပ်ဆောင်သလဲဆိုတာ လေ့လာကြည့်တော့ ထိုင်းနိုင်ငံမှာဆိုရင်လည်း ရှိတယ်။ သူ့ Level အလိုက် ဝင်လာကြတယ်။ ဟောင်ကောင်တို့ စင်ကာပူတို့မှာလည်း တစ်ညအိပ် ၁၀ ဒေါ်လာ၊ ၁၅ ဒေါ်လာ စသည်ဖြင့် ဈေးသင့်တော်တာတွေ တွေ့ရတယ်။

အခုရန်ကုန်မြို့ထဲမှာဆို အဲဒီလို အခန်းတွေက အများကြီးဖြစ်နေတော့ စည်းမဲ့ ကမ်းမဲ့ထားနေတာ ခွင့်မပြုဘဲ ဥပဒေဘောင်ကိုကျော်ပြီး ခိုးလုပ်နေတာတွေထက်စာရင် တရားဝင်ပေးလုပ်လိုက်ရင် နိုင်ငံတော်လည်း ဘတ်ဂျက်တိုးမယ်။ သူတို့ကိုလည်း စည်းကမ်းဘောင်တစ်ခု သတ်မှတ်ပေးလိုက်ရင် ချောင်ချောင်လည်လည်နဲ့ အလုပ်လုပ်နိုင်မယ်။ ကျွန်မတို့ဆီကို ခရီးသွားတွေ ပိုဝင်လာရင် အဆင်ပြေမယ်ဆိုပြီးတော့ ကျွန်မတို့က ပြည်ထောင်စုဝန်ကြီးဆီကို ပြန်လည်တင်ပြပါတယ်။ ခရီးဆောင်အိတ်တစ်လုံးနဲ့လာတဲ့ နိုင်ငံခြားသားတွေ တည်းခိုခန်းတွေမှာ တည်းခိုမယ်ဆိုရင် ဘယ်လို Safety တွေပါရမလဲ။ အခန်းအကျယ်အဝန်း၊ အထဲမှာနေမယ့် ခုတင်အရေအတွက် ဘယ်လောက်အထိထားရမလဲ၊ မီးရေးထင်းရေးဆိုရင်လည်း မီးငြှိမ်းသတ်မယ့်ပစ္စည်းတွေ အလွယ်တကူရရှိအောင် ဘယ်လိုထားရမယ်။ ဒီလိုမျိုး ပြန်စိစစ်ပြီးတော့ စည်းကမ်းဥပဒေနဲ့ညီတဲ့ အခန်းတွေကိုဆိုရင် နိုင်ငံခြားသားပါ တည်းခိုနိုင်မယ့် လိုင်စင်ထုတ်ပေးခဲ့တယ်။ ဒါက ရှေးယခင်က မရှိသေးတဲ့ အရာတွေပါ။ အဲဒီအခါ hostel ရဲ့လုပ်ထုံးလုပ်နည်းဥပဒေဆိုတာ တစ်ခုသပ်သပ်ထွက်လာတယ်။ ဒါကိုလည်း ပြည်ထောင်စုရဲ့လုပ်ပိုင်ခွင့် မဟုတ်တော့ဘဲ ရန်ကုန်တိုင်းဒေသကြီးအစိုးရရဲ့ လုပ်ပိုင်ခွင့်အဖြစ် သတ်မှတ်ပေးတယ်။ ဒါကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကပဲ hostel ဆိုပြီး ပြန်လည်ချပေးခဲ့တယ်။

ဒီနေရာမှာမှ ဝန်ကြီးချုပ်ရဲ့ပေါ်လစီအရ ဈေးတို့ ဘာတို့မှာတော့ ဒီလို hostel မျိုးဖွင့်တာကို ခွင့်မပြုဖို့ စီစဉ်နေတာရှိတယ်။ ဈေးဆိုတာက မီးလောင်တတ်တယ်။ တည်းခိုခန်းဆိုတာက ၂၄ နာရီ ဖွင့်ထားရတာ။ ဒါကြောင့် စိတ်မချရဘူးဆိုတဲ့ အရာမျိုးတော့ သတ်မှတ်ချက်ချထားလိုက်တယ်။ ဥပဒေအရ ချက်ချင်းပြင်ချင်ပေမယ့် ချက်ချင်းပြင်လို့မရတာတွေရှိတယ်။ လောလောဆယ်တော့ လိုင်စင်သက်တမ်းပြည့်တဲ့အထိ ခွင့်ပြုထားရတာတော့ ရှိပါတယ်။

**Yangon Digital Government**

**မေး။ ။ ရန်ကုန်မြို့မှာရှိတဲ့ ပြည်သူတွေအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့လုပ်ဆောင်ချက်တွေကို သိဖို့လုပ်နေတဲ့ Yangon Digital Government အကြောင်းလေးသိချင်ပါတယ်။**

**ဖြေ။** ။ Yangon Digital Government အခြေအနေက ရန်ကုန်တိုင်းဝက်ဘ်ဆိုက်ထဲမှာ ကျွန်မတို့ကို မေးခွန်းအနေနဲ့ မေးလို့ရတဲ့ အရာရှိပါတယ်။ ကျွန်မတို့က အလိုအလျောက် ပြန်လည်ဖြေကြားပေးတဲ့ Software နဲ့ ပြန်လည်ဖြေကြားပေးတယ်။ ဥပမာ- ဘယ်ဌာနရဲ့ဖုန်းနံပါတ်ကို သိချင်တယ်။ ဆက်သွယ်ချင်တဲ့ လိပ်စာသိချင်တယ်ဆိုရင် ပြန်လည်ဖြေကြားပေးပါတယ်။ နောင်များဆိုရင် ကျွန်မတို့ တိုင်ကြားစာဌာနနဲ့ တွဲမယ်။ ပြည်သူလူထုက စနစ်တကျ တိုင်လိုက်တယ်။ တိုင်လိုက်တဲ့အရာကို ကျွန်မတို့က Print ထုတ်ပြီးတော့ သက်ဆိုင်ရာဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဆီကို ဖြေရှင်းဖို့နဲ့ ပြန်လည်အကြောင်းကြားဖို့ ပို့လိုက်မယ်။ အဲဒီလို စီစဉ်နေတယ်။

**ကျောက်တံတားရှေ့ပြေးစီမံချက်**

**မေး။ ။ ဝန်ကြီးအနေနဲ့ ဘာများဖြည့်စွက် ပြောကြားလိုပါသလဲ ခင်ဗျာ။**

**ဖြေ။** ။ ၂၀၁၉ ခုနှစ်ထဲမှာ ကျွန်မတာဝန်ယူနေရတဲ့ အပိုင်းကတော့ စက်မှုဇုန် ၁၁ ဇုန်ကို ရင်းနှီးမြှုပ်နှံသူတွေလာရင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးဖို့၊ တိုင်းရင်းသားစာပေယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ဖို့ရော ကျွန်မတို့ ကရင်တိုင်းရင်းသားတွေရဲ့စီးပွားရေးကဏ္ဍ ဆောင်ရွက်ပေးဖို့ပါ။ ကျွန်မတို့ ကရင်တိုင်းရင်းသားတွေက အဓိက ငါးကန်တွေလုပ်တယ်။ ဝါးခြံတွေ ရှိတယ်။ စပါးစိုက်ကြတယ်။ ငွေရေးကြေးရေးကဏ္ဍ ထောက်ပံ့မှုရဖို့၊ နည်းပညာ ထောက်ပံ့မှုရဖို့၊ ဈေးကွက်ရဖို့ ဒီကဏ္ဍသုံးခုကို ကရင်တိုင်းရင်းသားတွေ စီးပွားရေးဖွံ့ဖြိုးမှုရရှိဖို့ ပိုပြီးအာရုံစိုက် ဆောင်ရွက်သွားမယ်။

နောက်တစ်ခုက e-government နဲ့ ပတ်သက်ရင် ပြည်သူလူထုအတွက် ကျောက်တံတားမှာ Pilot Project စဖို့လုပ်နေတယ်။ ဥပမာ- ပြည်သူလူထုကနေပြီးတော့ အမှိုက်ပုံနေတာတို့၊ ရေပိုက်ပျက်ပြီး လျှံနေတာတို့၊ လျှပ်စစ်ဓါယာကြိုးတွေ ပျက်နေရင်တို့၊ ယာဉ်အိုယာဉ်ဟောင်းတွေ လမ်းဘေးမှာရှိနေရင် ဓာတ်ပုံရိုက်ပြီး အကြောင်းကြားနိုင်အောင် စီစဉ်နေတယ်။ ပြည်သူက တိုင်ကြားပြီဆိုတာနဲ့ ချက်ချင်း တုံ့ပြန်ဆောင်ရွက်နိုင်ဖို့ အခုလောလောဆယ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှာ သင်တန်းတွေပေးပြီးပြီ။ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်စလုံးကို လုပ်ပေးချင်ပေမယ့်ကျောက်တံတားမြို့နယ်မှာ ရှေ့ပြေးအနေနဲ့ အရင်စလုပ်ဖို့စီစဉ်နေပါတယ်။ နောက် e-government နဲ့ ပတ်သက်ပြီး ကျန်းမာရေးကဏ္ဍ၊ နောက်စက်မှုဇုန်တွေမှာရှိတဲ့ အလုပ်သမားတွေအတွက် **စာမျက်နှာ ၁၁ သို့ »»»**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မင်းဘူးရွှေစက်တော် အပန်းဖြေဆင်စခန်းဖွင့်ပွဲတက်ရောက်၊ သစ်တောစိုက်ခင်းများ ကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယမန်နေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်ရှိ ရွှေစက်တော် မန်းချောင်း ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြုအပန်းဖြေဆင်စခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ဖွင့်လှစ်ပေးသည်။

**ဖွင့်လှစ်ခဲ့**

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ဆင်များကို ရှေးဘုရင်မင်းများလက်ထက်ကစ၍ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပြီး ဘာသာရေးအခမ်းအနား၊ မင်္ဂလာပွဲအခမ်းအနား၊ ကာကွယ်ရေး၊ တိုက်ခိုက်ရေး၊ သယ်ယူပို့ဆောင်ရေးအပြင် စီးပွားရေးအရသစ်ထုတ်ခြင်းလုပ်ငန်းများတွင်ပါ အသုံးပြုခဲ့ကြပါကြောင်း၊ ဆင်နှင့်သစ်ထုတ်ခြင်းမှာ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု အနည်းဆုံးဟု နိုင်ငံတကာကလည်း အသိအမှတ်ပြုလက်ခံပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သစ်တောသယံဇာတအစဉ်တည်တံ့စေရန်နှင့် ဂေဟစနစ်များ ညီညွတ်မျှတစေရန်အတွက် သစ်ထုတ်လုပ်မှုကို ယခင်ကထက် များစွာလျှော့ချပြီးဆောင်ရွက်လျက်ရှိရာ မြန်မာ့သစ်လုပ်ငန်းပိုင် ဆင်များ အကျိုးရှိရှိအသုံးချနိုင်ရေး၊ ဆင်ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် ပြည်သူလူထု ပူးပေါင်းပါဝင်မှုအခြေခံသော Community Based Elephant Tourism လုပ်ငန်းများ ပေါ်ထွန်းလာပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိသည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းဖြင့် နိုင်ငံတော်၏ဝင်ငွေ တိုးတက်ရရှိစေရေးတို့အတွက် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြုခရီးသွားလုပ်ငန်း စခန်းများကို ဖွင့်လှစ်ခဲ့ပါကြောင်း၊ ယခုဖွင့်လှစ်သည့် ၁၉ ခုမြောက်ဆင်စခန်းကို မကွေးတိုင်းဒေသကြီး မင်းဘူးသစ်ထုတ်ရေးဒေသမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး လိုအပ်သော လုပ်ငန်းရန်ပုံငွေများကို ပံ့ပိုးပေးခဲ့သော တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကားပြောကြားခဲ့ပြီး ဆင်စခန်းအား တက်ရောက်လာသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆင်စခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆင်စခန်း စိမ်းလန်းစိုပြည်ရေး၊ ဆင်များအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ဆင်ဝန်ထမ်းမိသားစုများ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးတို့အတွက် တတ်နိုင်သမျှ ပံ့ပိုးကူညီပေးရေး၊ လာရောက်လည်ပတ်သည့်ဧည့်သည်များ အဆင်ပြေစိတ်ချမ်းမြေ့စေရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး၊ စည်းကမ်းတကျ အမှိုက်စွန့်ပစ်ရေး၊ နောင်တွင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကို လက်ခံကျင်းပနိုင်သည်အထိ တိုးချဲ့ဆောင်ရွက်ရန် အကြံပြုတိုက်တွန်းသည်။

အဆိုပါ ဆင်စခန်းတွင် ဆင်စာကျွေးခြင်း၊ ဆင်စီးခြင်းတို့အတွက် ဆင်ကြီးငါးကောင်၊ ဝန်တင်ဆင်ကိုးကောင်နှင့် အမိနောက်လိုက်ဆင်တစ်ကောင် စုစုပေါင်း ၁၅ ကောင် ထားရှိထားပြီး ဆင်စာကျွေးခြင်း၊ ဆင်စီးခြင်းများအပြင် ညအိပ်တည်းခိုနိုင်ရန်အတွက် အိပ်ဆောင် ၁၄ ဆောင် ဆောက်လုပ်ထားကြောင်း သိရသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မင်းဘူးမြို့နယ် သံပရာကိုင်းဒေသ ပဒေါင်း-ပျော်ဘွယ် ကြိုးပြင်ကာကွယ်တောအတွင်းရှိ မြင့်မြတ်ချမ်းအေး ကုမ္ပဏီ၏ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသော ကျောက်မီးသွေးအကြီးစား ထုတ်လုပ်မှုလုပ်ကွက်၌ ကျောက်မီးသွေးတူးဖော်ထုတ်လုပ်သည့် မြေအောက်မိုင်းကို စစ်ဆေးကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်းရှိ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန အမှတ်(၂၅) သစ်စက်သို့ ရောက်ရှိခဲ့ပြီး လေလံတင်ရောင်းချမည့် ရွေးကျန်သစ်ခွဲသားများနှင့် အတိုအစသစ်ခွဲသားများ လပ်ပုံပြင်ဆင်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်းဘူးမြို့နယ် သီးကုန်း-ကျွန်းဖျား ကျေးလက်လမ်း မိုင်တိုင်အမှတ်(၂/၄)အနီးရှိ (၁/၂၀၁၈) ကျေးရွာထင်းစိုက်ခင်း ဧက ၃၀ သို့ ရောက်ရှိပြီး စိုက်ခင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ဖြစ်နိုင်မှုဆန်းစစ်လေ့လာ**

ယင်းနောက် စိုက်ခင်းအနီးရှိ အကေးရှားစပ်မျိုး စမ်းသပ်စိုက်ကွက်ကို ကြည့်ရှုစစ်ဆေးပြီး သီးကုန်းကျေးရွာမှ စိုက်ခင်းထိန်းသိမ်းပြုစုစောင့်ရှောက်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်သည့် ဒေသခံကျေးရွာသားများနှင့် တွေ့ဆုံ၍ စိုက်ခင်းရည်ရွယ်ချက် အောင်မြင်ရေးပူးပေါင်းပါဝင်ဆောင်ရွက်ရန် ပြောကြားခဲ့သည်။ စိုက်ခင်းအနီး လျှပ်စစ်မီးခြစ်တိုက်တစ်ခု တည်ဆောက်ပေးနိုင်ရေး ဒေသခံများ တင်ပြမှုအပေါ် ဖြစ်နိုင်မှုဆန်းစစ်လေ့လာပြီး ပြန်လည်တင်ပြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ မင်းဘူးမြို့နယ် ဆင်ခေါင်း-ဇီအိုင် ကြိုးပြင်ကာကွယ်တောအတွင်း စိုက်ပျိုးတည်ထောင်ထားသည့် ၁/၂၀၁၈ တောင်တန်းစိုက်ခင်းဧက ၁၀၀ အား လည်းကောင်း၊ တစ်အုပ်တစ်မစိုက်ခင်းတမာပင် ၂၅၀၀ စိုက်ပျိုးတည်ထောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်းဘူးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ရွှေတပင်(အမြဲတမ်း)ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်-ကံပြားလမ်း မိုင်တိုင်အမှတ် (၂၆) အနီး ငမင်သစ်တောကြိုးဝိုင်း အကွက်အမှတ်(၂၁၈) အတွင်းရှိ သစ်တောဦးစီးဌာနမှ စိုက်ပျိုးတည်ထောင်ထားသော သစ်မျိုးစုံစိုက်ခင်း ၅၅ ဧကအားလည်းကောင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မြို့သစ်ကြိုးဝိုင်း အကွက်အမှတ်(၅)အတွင်း စိုက်ပျိုးတည်ထောင်ထားသော (၁/၂၀၁၇) ရေဝေရေလဲ ထိန်းသိမ်းရေးစိုက်ခင်း ဧက ၁၅၀ အားလည်းကောင်း၊ ၂၀၁၇ ခုနှစ် မိုးရာသီတွင် စမ်းသပ်စိုက်ပျိုးထားသော အကေးရှားစပ်မျိုးစမ်းသပ်စိုက်ကွက်အားလည်းကောင်း၊ ၂၀၁၉ မိုးရာသီတွင် စိုက်ပျိုးမည့် တစ်အုပ်တစ်မစိုက်ခင်းအပင် ၅၀၀ စိုက်ပျိုးရန် ကျင်းတူးထားမှုများအားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စာအုပ်ညဈေးတန်းပွဲတော် တစ်လကြာဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA)နှင့် House of Orchid တို့ပူးပေါင်းကျင်းပသည့် စာအုပ်ညဈေးတန်းပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက် ညနေ ၅ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ House of Orchid ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ဖွင့်လှစ်ပေးသည်။

"ကျွန်တော်တို့ ဒီဈေးတန်းက အမြတ်မျှော်ကိုးပြီး လုပ်တဲ့လုပ်ရပ်မဟုတ်ပါ။ အဓိကလူတွေလက်ထဲ စာအုပ်အလွယ်တကူ ရောက်စေချင်တယ်။ (၅၂)လမ်း ညဈေးက ဒီနေရာအနီးမှာရှိနေတယ်။ ညပိုင်းဆို လူသွားလူလာတွေ များတယ်။ ဖြတ်သွားရင် အလွယ်တကူ စာအုပ်တွေ့ပြီး ဝယ်ဖတ်နိုင်ဖို့ရည်ရွယ်ပါတယ်။ လူကြီးတွေလာရင် ကလေးတွေပါလာမယ်။ ဒီကလေးတွေက သူတို့လိုချင်တဲ့ စာအုပ်လေးတွေပူဆာရင် ဝယ်ပေးကြမယ်။ ဒီလိုနဲ့ စာအုပ်ဖတ်တဲ့ယဉ်ကျေးမှု ပိုပြီးထွန်းကားလာစေချင်လို့ ဒီပွဲတော်ပြုလုပ်ရခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးမြတ်ခိုင်က ပြောသည်။

စာအုပ်ညဈေးတန်းပွဲတော်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသိန်းအေး၊ House of Orchid မှ MD ဦးဌေးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြို့တော်ဝန် ဦးမောင်မောင်စိုး၊ House of Orchid MD ဦးဌေးအောင်တို့က မှဒိတာစကားပြောကြားရာ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးမြတ်ခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

စာအုပ် ညဈေးတန်းကို ဖေဖော်ဝါရီ ၉ ရက်မှ စတင်၍ မတ် ၉ ရက်အထိ တစ်လကြာနေ့စဉ် မွန်းလွဲ ၃ နာရီမှ ည ၁၀ နာရီအထိ ရန်ကုန်မြို့ အနော်ရထာလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းရှိ House of Orchid ဥပစာနေရာများတွင် ခင်းကျင်းရောင်းချပေးသွားမည် ဖြစ်သည်။

ဆိုင်ခန်းများ ခင်းကျင်းမှုကို နေ့စဉ်ဖြုတ်သိမ်းပေးနိုင်ရေးအတွက် စာအုပ်များသိမ်းဆည်းရန်နေရာ၊ ဆိုင်ခန်းများအတွက် လျှပ်စစ်မီးလင်းရေးတို့ပါစီစဉ်ထားရှိပြီး ညစဉ် ရေးသူ၊ ဖတ်သူဆွေးနွေးပွဲများ၊ အမှတ်တရ လက်မှတ်ရေးထိုးရောင်းချပွဲများပါ ထည့်သွင်းပြုလုပ်နိုင်ရန် စီစဉ်ထားသည်။



စာအုပ်ညဈေးတန်းတွင် သုတရသ စာအုပ်မျိုးစုံကို ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိပြီး မည်သူမဆို လွတ်လပ်စွာဝယ်ယူနိုင်ကြောင်းသိရသည်။

**သူဇာနွယ်(ဖျာပုံ)**

»» စာမျက်နှာ ၁၀ မှ

စက်မှုဇုန်မှာရှိနေတဲ့ အလုပ်ရှင်တွေရဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနဲ့ပတ်သက်ပြီး အချက်အလက်တွေ စုဆောင်းပြီး Data Center တစ်ခုလုပ်ဖို့ရှိတယ်။

**လူငယ်များအတွက်**
**Yangon Innovation Center**

ဖေဖော်ဝါရီလကုန်လောက်မှာ လူငယ်တွေအတွက် Yangon Innovation Center (YIC) ဖွင့်လှစ်သွားဖို့ ရှိတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ လူငယ်တွေအနေနဲ့ အကြံဉာဏ်ကောင်းတွေနဲ့ လာရောက်ယှဉ်ပြိုင်နိုင်ပါတယ်။ လူငယ်တွေကို smart ဖြစ်သွားအောင် ထိန်းပြီးတော့ Seedstars အကယ်ဒမီကျောင်း ဖွင့်သွားဖို့ရှိတယ်။ နိုင်ငံတကာပြိုင်ပွဲတွေ၊ စက်ရုပ်ပြိုင်ပွဲတွေ၊ နည်းပညာနဲ့ပတ်သက်တဲ့ ပြိုင်ပွဲတွေအကုန်လုံးကို Yangon Innovation Center မှာ ကျင်းပသွားမယ်။ အခြားနိုင်ငံတွေမှာရှိပြီးပြီ။ လူငယ်တွေအနေနဲ့ Seedstars အကယ်ဒမီကနေဆင်းသွားရင် ကိုယ်ပိုင်စီးပွားရေးကို လုပ်တတ်သွားမယ်။ ကိုယ်ပိုင်စီးပွားရေးကို လုပ်တတ်သွားရင် သူတို့ရဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအသစ်တွေ ထွက်လာမယ်။ အဲဒီအတွက် လိုအပ်တဲ့ငွေကြေးအထောက်အပံ့တွေကို ကျွန်မတို့ Yangon Innovation Center ကနေပြီးတော့ နိုင်ငံတကာနည်းပညာကုမ္ပဏီတွေကနေ အရင်းအနှီးထုတ်ပေးတာမျိုး၊ ချိတ်ဆက်ပေးတာမျိုးကို ဆောင်ရွက်သွားမယ်။ ဒါကြောင့် ၂၀၁၉ ထဲမှာ လူငယ်တွေအတွက် Yangon Innovation Center ပေါ်လာမယ်။

**ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုးတက်လာသည့်**
**ဟိုတယ်လုပ်ငန်း**

Hostel ကဏ္ဍဖွံ့ဖြိုးတိုးတက်လာတယ်။ နောက်ဟိုတယ်ခရီးနဲ့ ပတ်သက်ပြီး Hotel Guest List Management ထွက်လာတယ်။ အဲဒါကြောင့် နှစ်စဉ် သိန်းလေးသောင်းလောက် ဟိုတယ်လုပ်ငန်းလုပ်နေတဲ့သူတွေ သက်သာသွားတယ်။ အရင်တုန်းကဆို ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ဟိုတယ်တွေက ဌာနကြီး ကိုးခုကို မိတ္တူကိုးစုံဆွဲပြီး လူကိုယ်တိုင်လိုက်တွေ့ရတယ်။ အခုကျတော့ ည ၁၁ နာရီလောက်ဆို ပို့လိုက်ရင် အကုန်ရောက်သွားရော။ နောက် လိုင်စင်သက်တမ်းကိုလည်း QR ကုတ် system လုပ်လိုက်တယ်။ သက်တမ်းပြည့်သွားရင် အလိုလိုသိတယ်ပေါ့။ ဒါတွေက e-government နဲ့ ပတ်သက်ပြီး ဆောင်ရွက်ခဲ့တာတွေပါ။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုလာဘ်ကောင်**

အခုရန်ကုန်တိုင်းဒေသကြီးအတွက် ကိုယ်စားပြုလာဘ်ကောင် (Yangon Mascots) ထွက်လာပြီ။ ဒါကို မြင်လိုက်တာနဲ့ ဒီချစ်စရာအရုပ်ကလေးတွေဟာ ရန်ကုန်ရဲ့ နှလုံးသားလာဘ်ကောင်လို့ သိသွားမယ်။ မြို့တော်ခန်းမရှေ့နဲ့ အခြားထင်ရှားတဲ့နေရာတွေမှာ အဲဒီအရုပ်လေးတွေ ထောင်သွားမယ်။ ။

❍ (၇၂)နှစ်မြောက်မှ
မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ အားကစားဝါသနာရှင် အရာထမ်း၊ အမှုထမ်းများ လာရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ လွန်ဆွဲ(အမျိုးသား)ပြိုင်ပွဲများခုံရုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်သူ့လွှတ်တော် အသင်းက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအသင်းကို နှစ်ပွဲ၊ တစ်ပွဲဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအသင်းက လာရောက်ယှဉ်ပြိုင်ခြင်းမရှိသဖြင့် နေပြည်တော်စည်ပင်အသင်းကလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အသင်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနအသင်းနှင့် ပြည်သူ့လွှတ်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အသင်းက ပြည်သူ့လွှတ်တော်အသင်းအား နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။

ဆက်လက်၍ လွန်ဆွဲ(အမျိုးသမီး)ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုရာထူးဝန်အသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ထုပ်ဆီးတိုး(အမျိုးသမီး) ပြိုင်ပွဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအသင်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအသင်းက အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ဘုန်းမောက်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး အမှတ်ပေးဇယားထိပ်ဆုံးမှာ လီဗာပူးအသင်း ဦးဆောင်နိုင်ခဲ့

လီဗာပူးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၂၆ မှာ ဘုန်းမောက်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယားရဲ့ထိပ်ဆုံးနေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

လီဗာပူးအသင်းနဲ့ ဘုန်းမောက်အသင်းတို့ရဲ့ပွဲစဉ်မှာ လီဗာပူးအသင်းက ပွဲကစားချိန် ၂၄ မိနစ်မှာ မာနေး၊ ၃၄ မိနစ်မှာ ဝစ်နယ်ဒန်နဲ့ ၄၈ မိနစ်မှာ ဆာလာတို့ သွင်းယူပေးခဲ့တဲ့သွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ဘုန်းမောက်အသင်းနဲ့ ထိပ်တိုက်ဆုံတွေ့ခဲ့တဲ့ ပွဲစဉ် ၁၅ ပွဲမှာ တစ်ပွဲသာ ရှုံးပွဲကြုံခဲ့တာဖြစ်ပြီး ၁၁ ပွဲအနိုင်ရရှိကာ သုံးပွဲ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ လက်ရှိမှာ ရမှတ် ၆၅ မှတ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းက ရမှတ် ၆၂ မှတ်နဲ့ အဆင့် ၂ မှာ ရပ်တည်ထားတာဖြစ်ပါတယ်။

# အာရှချန်ပီယံလိဂ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ရန်ကုန်အသင်း ထိုင်း၌ စတင်လေ့ကျင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**
ရန်ကုန်ယူနိုက်တက်အသင်းသည် ၂၀၁၉ ရာသီ အာရှချန်ပီယံလိဂ်ပြိုင်ပွဲ အကြိုခြေစစ်ပွဲ ဒုတိယအဆင့် ယှဉ်ပြိုင်ရန် ဖေဖော်ဝါရီ ၁၀ ရက် ညနေပိုင်းမှစ၍ ထိုင်းနိုင်ငံ ချင်းရိုင်မြို့၌ စတင်လေ့ကျင့်လျက်ရှိသည်။

ချင်းရိုင်ယူနိုက်တက်နှင့် ရန်ကုန်အသင်းပွဲကို ဖေဖော်ဝါရီ ၁၂ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် အကြိုခြေစစ်ပွဲ ပထမအဆင့်တွင် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းကို အဝေးကွင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ချင်းရိုင်ယူနိုက်တက်နှင့်ပွဲကိုလည်း အဝေးကွင်းတွင်သာ ထပ်မံယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် မြန်မာကလပ်အသင်းများအနက် ပထမဆုံး အနိုင်ရသည့်အသင်းဖြစ်ပြီး Play-off အဆင့်သို့ တက်ရောက်နိုင်ပါက မှတ်တမ်းကောင်းတစ်ခု ထပ်မံပိုင်ဆိုင်မည်ဖြစ်သည်။

ရန်ကုန်အသင်းတွင် အဖွဲ့ခေါင်းဆောင်-ဦးနိုင်ဇော်မင်း၊ အုပ်ချုပ်သူ-ဦးမြင့်သိန်း၊ နည်းပြချုပ်-ဦးမျိုးမင်းထွန်း၊ နည်းစနစ်ဒါရိုက်တာ- ဦးဉာဏ်ဝင်း၊ ဂိုးနည်းပြ-ဦးဝင်းနိုင်၊ ကြံ့ခိုင်ရေးနည်းပြ-ဦးမျိုးလှိုင်ဦး၊ ကစားသမားများအဖြစ် **ဂိုး**-ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်၊ **နောက်တန်း**-မင်းကိုသူ၊ ပြည့်ဖြိုးဇော်၊ ထူးခန့်လွင်၊ သူရိန်စိုး၊ ဇာနည်ထက်၊ မင်းကျော်ခန့်၊ **အလယ်တန်း**-ရန်အောင်ကျော်၊ ရန်လင်းအောင်၊ သက်ပိုင်စိုး၊ ကောင်းထက်စိုး၊ မောင်မောင်လွင်၊ ပြည့်ဖြိုးအောင်၊ ယာမာဇာကီ၊ **ရှေ့တန်း**- ဆယ်လာ၊ မီလာ၊ သန်းပိုင်တို့ ပါဝင်ကြသည်။

**ရှိုင်းထက်ဇော်**

# ဖူလ်ဟမ်ကစားသမား ဆက်ဆက်နွှန်အား ပေါင် သန်း ၅၀ နဲ့ မန်ယူအသင်း ခေါ်ယူမည်ဟုဆို

မန်ယူအသင်းဟာ ဖူလ်ဟမ်အသင်းရဲ့ အားထားရတဲ့ကစားသမား တစ်ဦးဖြစ်တဲ့ ဆက်ဆက်နွှန်အား ခေါ်ယူဖို့စီစဉ်နေတယ်လို့ သိရပါတယ်။




ဆက်ဆက်နွှန်ရဲ့ လက်ရှိစာချုပ်သက်တမ်းဟာ ၁၈ လကျန်ရှိနေတာဖြစ်ပြီး အသင်းရဲ့ ဘယ်နောက်ခံလူနေရာမှာ အားဖြည့်ဖို့အတွက် မန်ယူအသင်းက စိတ်ဝင်စားနေတာဖြစ်ပါတယ်။

နောက်တန်းကစားသမား ဆက်ဆက်နွှန်ဟာ ၂၀၀၈ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ ဖူလ်ဟမ်လူငယ်အသင်းမှာ ပါဝင်ကစားခဲ့တာဖြစ်ပြီး ၂၀၁၆ ခုနှစ်ကနေ လက်ရှိအချိန်အထိလည်း ဖူလ်ဟမ်ပထမအသင်းမှာ ပါဝင်ကစားနေခဲ့တာဖြစ်ပါတယ်။

အဲဒီလို ကစားခဲ့ရာမှာလည်း ဆက်ဆက်နွှန်ဟာ ပွဲစဉ်စုစုပေါင်း ၉၄ ပွဲမှာ ၂၂ ဂိုးအထိသွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# မီးငြိမ်းသတ်နည်းပညာရပ်များ စာတွေ့လက်တွေ့သင်ကြား

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**
မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအပြင် အခြေခံမီးငြိမ်းသတ်ရေးစွမ်းရည်ပြလေ့ကျင့်မှုများကို မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက တညင်းကုန်း ဟင်းသီးဟင်းရွက် သစ်သီးဝလံပန်းမန် အဆင့်မြင့်လက်ကားဈေးသစ်ကြီး၏ လုံခြုံရေးဝန်ထမ်းများအား ဖေဖော်ဝါရီ ၄ ရက်မှစတင်ကာ စာတွေ့လက်တွေ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



မီးဘေးအန္တရာယ်ကျရောက်ပါက နေအိမ်တိုက်တာ အဆောက်အအုံ မိမိတို့စည်းစိမ်ဥစ္စာများသာမက အသက်အန္တရာယ်များပင် ထိခိုက်နစ်နာရှုံးဆုံးကြရမည် ဖြစ်ကြောင်း၊ မီးဘေးဒုက္ခသည်များဘဝဖြင့် ရင်ဆိုင်မကြုံတွေ့ရစေရန် မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်ဖြစ်ပြီး မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုရေးသင်ခန်းစာများ သိရှိနားလည်လိုက်နာကြစေရန် ရည်ရွယ် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**

ဂုဏ်ရည်ဆေးတိုက်
ဂုဏ်ရည် ® အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်- တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃
ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊ အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊ အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။
ဈ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။
အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



# မလေးရှားနိုင်ငံသို့ တရားမဝင်ထွက်ခွာမည့်သူ ၁၄ ဦးနှင့် ပို့ဆောင်သူအမျိုးသားနှစ်ဦးအား ဖမ်းဆီးရမိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

စစ်တွေမြို့နယ် သဲချောင်းကျေးရွာ အနောက်ဘက် သုံးမိုင်ခန့်အကွာ ပင်လယ်ပြင်၌ ဖေဖော်ဝါရီ ၆ ရက်တွင် လှည့်ကင်းဆောင်ရွက်နေသည့် စစ်ရေယာဉ်က မလေးရှားနိုင်ငံသို့ တရားမဝင်ထွက်ခွာမည့်သူ ၁၄ ဦးနှင့် ပို့ဆောင်သူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၆ ရက် ညနေ ၅ နာရီခွဲခန့်တွင် စစ်တွေမြို့နယ် သဲချောင်းကျေးရွာအနောက်ဘက်သုံးမိုင်ခန့်အကွာ ပင်လယ်ပြင်၌ စစ်ရေယာဉ်တစ်စင်း လှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာဖွယ်ရာစက်လှေတစ်စင်းအား တွေ့ရှိ၍ အချက်ပြခေါ်ယူရာ လာရောက်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ကျော့သောင်းမြို့ ရွှေဟသာ်ရပ်ကွက်နေ ပဲ့နင်းဝင်းဇော်နှင့် ဘီးလင်းမြို့နယ် နှင်းပုလဲကျေးရွာနေ စိုးတင့် (ခ)စိုးဝင်းတို့နှင့်အတူ စက်လှေပေါ်တွင် စစ်တွေမြို့နယ် ဒါးပိုင်ကျေးရွာနေ ကာမာ (၁၅)နှစ် အပါအဝင် အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး ခုနစ်ဦး တို့အား တွေ့ရှိခဲ့ကြောင်း သိရသည်။

စစ်ဆေးချက်အရ ၎င်းတို့အား တစ်ဦးလျှင် ငွေကျပ် သိန်း ၃၀ ရယူ၍ မလေးရှားနိုင်ငံသို့ ပို့ဆောင်ရန် ကျော့သောင်းမြို့ ရွှေဟသာ်ရပ်ကွက်နေ လှေပိုင်ရှင် ဦးငြိမ်းက ဖမ်းဆီးရမိစက်လှေအား စေလွှတ်ခေါ်ယူပြီး စစ်တွေမြို့ ခတင်ပိုက်ကျေးရွာနေ မောင်မောင်ခိုင် (၂၅)နှစ်က ဆက်သွယ်စုဆောင်းပေးကာ ရေချမ်းပြင်ဆိပ်ကမ်းအနီး၌ တင်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရ၍ ဖမ်းဆီးရမိသည့် ပို့ဆောင်သူ ဝင်းဇော်ပါ နှစ်ဦးနှင့် တိမ်းရှောင်လျက်ရှိသည့် ဆက်သွယ်စုဆောင်းသူ ဦးငြိမ်းပါ နှစ်ဦးတို့အား စစ်တွေမြို့မရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်လျက်ရှိပြီး မလေးရှားနိုင်ငံသို့ တရားမဝင်ထွက်ခွာမည့်သူ ၁၄ ဦးကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ငဖဲမြို့နယ်၌ တရားမဝင်ဝင်ရောက်သူ ခြောက်ဦးနှင့် ပို့ဆောင်သူ နှစ်ဦးအား ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ငဖဲမြို့နယ် စစ်တွေ-အမ်း-ပဒါန်းကားလမ်းရှိ ပျဉ်းဝပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဖေဖော်ဝါရီ ၉ ရက် ညနေ ၅ နာရီခွဲခန့်တွင် စစ်တွေမှ ရန်ကုန်သို့ မောင်းနှင်လာသော 2H/---- ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်းမှာ ထွက်ပြေးသွားခဲ့ပြီး ယာဉ်ပေါ်မှ တရားမဝင် ဝင်ရောက်လာသူ ခြောက်ဦးနှင့် ပို့ဆောင်သူ နှစ်ဦးတို့အား ဖမ်းဆီးရမိကြောင်း သိရသည်။




အဆိုပါယာဉ်ပေါ်မှ ယာဉ်မောင်းအကူ ဟန်ဝင်းအောင် မရိုးခုံကျေးရွာ ရေတာရှည်မြို့နယ်နေသူနှင့် ညီညီထွန်း မင်းဂံရပ်ကွက် စစ်တွေမြို့နေသူတို့နှစ်ဦးအား စစ်တွေမြို့နယ် ခေါင်းတုတ်ကျေးရွာနေ ဟူဆောင်းနာမောက် အပါအဝင် အမျိုးသားနှစ်ဦး၊ အမျိုးသမီး လေးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အခကြေးငွေရယူပြီး တရားမဝင်တင်ဆောင်လာသူ ဟန်ဝင်းအောင်ပါ နှစ်ဦးနှင့် တိမ်းရှောင် တရားခံယာဉ်မောင်း ကျော်စိုးတို့အား ပဒါန်းနယ်မြေရဲစခန်း၌ အမှုဖွင့်ထားပြီး တရားမဝင် ဝင်ရောက်သူ ခြောက်ဦးအား မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက စစ်ဆေး၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ပုဏ္ဏားကျွန်းမြို့၌ အမျိုးသားတစ်ဦးအား မတရားအသင်းအက်ဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**



ပုဏ္ဏားကျွန်းမြို့၌ ရဲတပ်ဖွဲ့ဝင်များ၏ လှုပ်ရှားသွားလာမှုအား လုံခြုံရေးကျိုးပေါက်စေရန်အကြံဖြင့်လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်း(သို့)မတရားအသင်းအဖွဲ့အစည်း တစ်ခုခုအား သိရှိနိုင်စေရန် ရည်ရွယ်၍လည်းကောင်း လူမှုကွန်ရက်တွင် ရေးသားဖော်ပြသူ အကောင့်ပိုင်ရှင်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖေဖော်ဝါရီ ၇ ရက် ည ၈ နာရီခွဲခန့်တွင် ဇော်ဝင်းနိုင် ရွာဟောင်းရပ်ကွက် ပုဏ္ဏားကျွန်းမြို့နေသူက Ko Zaw Win Naing အကောင့်အမည်ဖြင့် ၎င်း၏လူမှုကွန်ရက်၌ စစ်တွေမှ မြောက်ဦးဘက်သို့ ထွက်ခွာလာသော ရဲတပ်ဖွဲ့၏ လုံခြုံရေးယာဉ်တန်းအား ဗီဒီယိုမှတ်တမ်းရိုက်ကူး၍ 'စစ်တွေဘက်မှ ရဲကားအစီး ၂၀ ဝန်းကျင် ကျောက်တော်ဘက်သို့လာခဲ့ပါရေ၊ ကားတင်လက်နက်အပြည့်အစုံနဲ့ ဖြစ်ပါရေ-အရေးကြီးပါရေ' ဟု ရေးသားဖော်ပြခဲ့မှုအပေါ် တပ်ဖွဲ့ဝင်များ၏လှုပ်ရှားသွားလာမှုအား လုံခြုံရေးကျိုးပေါက်စေရန်အကြံဖြင့်လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်း(သို့) မတရားအသင်းအဖွဲ့အစည်းတစ်ခုခုအား သိရှိနိုင်စေရန်ရည်ရွယ်၍လည်းကောင်း ရေးသားဖော်ပြခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဇော်ဝင်းနိုင်အား ပုဏ္ဏားကျွန်းမြို့မရဲစခန်းက မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇(၁) ဖြင့်အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မန်းကန်တော်ကြီး ကန်ပတ်လမ်းတွင် ဓားထောက်၍ လုယက်သူများ ဖော်ထုတ်ဖမ်းဆီး

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင်ရပ်ကွက် ကန်တော်ကြီး ကန်ပတ်လမ်းတောင်ဘက်အခြမ်းအမှောင်ရိပ်တွင် ဇန်နဝါရီ ၁၅ ရက်ခန့်က စုံတွဲတစ်တွဲထံမှ ဓားထောက်၍ လုယက်သူများဖြစ်သည့် ဟိန်းထက်အောင်(ခ)တာပူ၊ မျိုးကိုကိုနိုင်နှင့် မင်းဟိန်းဇော်(ခ) ဂျက်ဂျက်တို့ သုံးဦးကို အမှတ်(၆) နယ်မြေရဲစခန်းမှ တာဝန်ရှိသူများက အမှုကွင်းဆက်လိုက်ရာမှ အမှုမှန်ပေါ်ပေါက်သဖြင့် ဖေဖော်ဝါရီ ၈ ရက်တွင် အမှတ် (၁၀) မြို့မရဲစခန်း၌ ၎င်းတို့သုံးဦးအား အမှုဖွင့်အရေးယူလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**



# မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခ) တန်ဖိုးဖြတ်အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃၂။ အစိုးရဝန်ထမ်းမဟုတ်သော တန်ဖိုးဖြတ်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၃၃။ တန်ဖိုးဖြတ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၂၁ ပုဒ်မခွဲ (ဂ) အရ မိမိထံပြသသော ကျောက်မျက်ရတနာအရိုင်းများ၏ အရည်အသွေး၊ အရေအတွက်၊ အလေးချိန်နှင့်အရွယ်အစားတို့ကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ထားရှိခြင်း၊

(ခ) မှတ်ပုံတင်ထားပြီးသော ကျောက်မျက်ရတနာအရိုင်းကို သတ်မှတ်ချက်များနှင့်အညီ တန်ဖိုးသတ်မှတ်ခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) အရ တန်ဖိုးသတ်မှတ်ချက်အပေါ် တွင်းဝခွန်ကောက်ခံနိုင်ရန် သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ရရှိသူက တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းများကို တန်ဖိုးဖြတ်အဖွဲ့သို့ ပြသမှတ်ပုံတင်ခြင်း မပြုဘဲ မသမာမှုပြုကြောင်း သတင်းရရှိပါက ဤဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန်သက်ဆိုင်ရာသို့ တင်ပြခြင်း၊

(င) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့ကအခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၉)**

**တွင်းဝခွန်၊ ရတနာခွန်နှင့် ဝန်ဆောင်ခပေးဆောင်ခြင်း**

၃၄။ ခွင့်ပြုမိန့်ရရှိသူသည် တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်ပြီးနောက် တန်ဖိုးဖြတ်အဖွဲ့က ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) အရ သတ်မှတ်သော တန်ဖိုးအပေါ်အခြေပြု၍ အောက်ပါရာခိုင်နှုန်းအတိုင်း မြန်မာကျပ်ငွေဖြင့် တွင်းဝခွန် ပေးဆောင်ရမည်-

(က) ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန်ဖြစ်ပါက ၁၀ ရာခိုင်နှုန်း၊

(ခ) ပုဒ်မခွဲ (က) ပါ ကျောက်မျက်ရတနာများမှအပ အခြားကျောက်မျက်ရတနာဖြစ်ပါက ငါးရာခိုင်နှုန်း။

၃၅။ ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၃၄ အရ တွင်းဝခွန်ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာအရိုင်းကို ဝန်ဆောင်ခပေးဆောင်ရမည့်နေရာတွင် ရောင်းချပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုး၏ သုံးရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ် ပေးဆောင်ရမည်။

၃၆။ ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၃၄ အရ တွင်းဝခွန်ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာ အရိုင်းကိုပြုလုပ်သော ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ကျောက်မျက်ရတနာဖြင့်ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ဝန်ဆောင်ခပေးဆောင်ရမည့်နေရာတွင်ရောင်းချပါက အမှန်တကယ် ရောင်းချသည့်တန်ဖိုး၏ တစ်ရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ် ပေးဆောင်ရမည်။

၃၇။ လိုင်စင်ရရှိသူသည် ဤဥပဒေအရ တွင်းဝခွန်နှင့် ရတနာခွန် ပေးဆောင်ပြီးသော -

(က) ကျောက်မျက်ရတနာအရိုင်းကို ဝန်ဆောင်ခပေးဆောင်ရမည့်နေရာတွင် ရောင်းချပါက အမှန်တကယ်ရောင်းချသည့်တန်ဖိုး၏ သုံးရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ် ပေးဆောင်ရမည်။

(ခ) ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ဝန်ဆောင်ခပေးဆောင်ရမည့် နေရာတွင် ရောင်းချပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုး၏ တစ်ရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ် ပေးဆောင်ရမည်။

၃၈။ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူသည် ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့်ပြုလုပ်သောပစ္စည်းကိုဖြစ်စေ ရောင်းချပါက အမှန်တကယ် ရောင်းချသည့် တန်ဖိုးအပေါ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ သတ်မှတ်သည့်နှုန်းများအတိုင်း ရတနာခွန်ကို ပေးဆောင်ရမည်။

**အခန်း(၁၀)**

**ကျောက်မျက်ရတနာကြီးကြပ်ရေးဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၃၉။ ဝန်ကြီးဌာနသည် -

(က) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျောက်မျက်ရတနာဆိုင်ရာပညာရှင်များ၊ ကျွမ်းကျင်သူများ၊ အသင်းချုပ်မှ ကိုယ်စားလှယ်များပါဝင်သည့် ကျောက်မျက်ရတနာ ကြီးကြပ်ရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄၀။ အစိုးရဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်သည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၄၁။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်မှထွက်ရှိသော ကျောက်မျက်ရတနာများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာဈေးကွက် ရာခိုင်နှုန်းပြည့် ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဆောင်ရွက်သင့်သည်များကို ဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ခ) ရတနာနယ်မြေသတ်မှတ်ခြင်း၊ ကျောက်မျက်ရတနာလုပ်ကွက် အမျိုးအစားသတ်မှတ်ခြင်း၊ အတည်ပြုဈေးနှုန်းသတ်မှတ်ခြင်း၊ ပုဒ်မ ၁၉ အရ အများသုံး မြေစာပစ်ရန် နေရာသတ်မှတ်ခြင်း၊ ပုဒ်မ ၂၀ ပါ လုပ်ငန်းသုံးနေရာအတွက် မြေအသုံးပြုခွင့်ပြုမိန့် ထုတ်ပေးခြင်း၊ မြေအသုံးပြုခွင့်ပြုမိန့်အတွက် မြေငှားရမ်းခ သတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဂ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများ ချောမွေ့အောင်မြင်စေရန်အတွက် အစိုးရက ပံ့ပိုးကူညီသင့်သည်များကို ဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဃ) ကျောက်မျက်ရတနာ အမျိုးအစားအလိုက် ရတနာခွန်စည်းကြပ်ခြင်းနှင့်စပ်လျဉ်း၍ အခါအားလျော်စွာ သတ်မှတ်သင့်သော ရာခိုင်နှုန်းကို ဝန်ကြီးဌာနသို့ ထောက်ခံတင်ပြခြင်း၊

(င) တွင်းဝခွန်စည်းကြပ်ရန်အလို့ငှာ တန်ဖိုးဖြတ်အဖွဲ့က ကျောက်မျက်ရတနာတန်ဖိုးသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ မကျေနပ်သူက ပြင်ဆင်ပေးရန် တင်ပြချက်အပေါ် အပြီးသတ် အဆုံးအဖြတ်ပေးခြင်း၊

(စ) တန်ဖိုးဖြတ်အဖွဲ့က ကျောက်မျက်ရတနာတန်ဖိုးကို အမှန်တကယ် ဖြစ်ထိုက်သည့်တန်ဖိုးထက် လျော့နည်း၍လည်းကောင်း၊ ပိုမို၍လည်းကောင်း သတ်မှတ်ထားကြောင်း သိရှိရပါက လိုအပ်သလို ပြင်ဆင်သတ်မှတ်ခြင်း၊

(ဆ) ကျောက်မျက်ရတနာများကို ပြည်တွင်း၌ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ တူးဖော်ထုတ်လုပ်ခြင်း၊ ပြည်ပသို့ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းများကို ကာကွယ်တားဆီးရေး နည်းလမ်းများအား ဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဇ) နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာ၊ ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာဈေးကွက် ရာခိုင်နှုန်းပြည့် ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ရတနာခွန်များ အပြည့်အဝပေးဆောင်စေရန် အထောက်အကူပြုစေရေးတို့အတွက် ကျောက်မျက်ရတနာပြပွဲများကို ကျင်းပခြင်းနှင့် ဝန်ကြီးဌာနက ခွင့်ပြုသည့်ဒေသများတွင် ကျင်းပခွင့်ပြုခြင်း၊

(ဈ) ကျောက်မျက်ရတနာထွက်ရှိပြီး ဈေးကွက်ဖွံ့ဖြိုးနိုင်သော နေရာဒေသများတွင်ဖြစ်စေ၊ ကျောက်မျက်ရတနာ ထွက်ရှိမှု မရှိသော်လည်း ဈေးကွက်ဖွံ့ဖြိုးနိုင်ဖွယ်ရှိသော နေရာဒေသများတွင်ဖြစ်စေ ကျောက်မျက်ရတနာ အရောင်းအဝယ်ပြုလုပ်ရာ နေရာများအား ကျောက်မျက်ရတနာဈေးအဖြစ် သတ်မှတ်ပေးနိုင်ရန် ဝန်ကြီးဌာနသို့ အဆိုပြုတင်ပြခြင်း၊

(ည) ကျောက်မျက်နည်းပညာနှင့် ပတ်သက်သော သင်တန်းကျောင်းများ၊ နိုင်ငံတကာအဆင့်မီ ကျောက်မျက်ရတနာဈေးများ၊ ကျောက်မျက်ရတနာပြတိုက်များအား ဖွင့်လှစ်စေခြင်း၊

(ဋ) ကျောက်မျက်ရတနာဈေးကွက် ကျယ်ပြန့်ဖြစ်ထွန်းစေရန် ပုဂ္ဂလိက ကျောက်မျက်ရတနာပြပွဲများကို ကျင်းပရန် တင်ပြခြင်းနှင့် ပြည်တွင်းလုပ်ငန်းရှင်များမှ ပြည်ပတွင် ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာပြပွဲများ ကျင်းပခြင်းကို အားပေးကူညီခြင်း၊

(ဌ) ကျောက်မျက်ရတနာဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် စံချိန်စံညွှန်းမီ ဓာတ်ခွဲခန်းများ ဖွံ့ဖြိုးတိုးတက်ရန် အားပေးကူညီခြင်း။

**အခန်း(၁၁)**

**စစ်ဆေးခြင်း**

၄၂။ ဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအလို့ငှာ စစ်ဆေးရေး အရာရှိချုပ်ဖြစ်သည်။

၄၃။ စစ်ဆေးရေးအဖွဲ့ကိုစစ်ဆေးရေးအရာရှိချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဝန်ကြီးဌာနကတာဝန်ပေးအပ်သော အရာရှိသုံးဦးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက အဆိုပြုသော ပုဂ္ဂိုလ်တစ်ဦးတို့ဖြင့် ဖွဲ့စည်းရမည်။

၄၄။ စစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့် စည်းကမ်းများကိုလည်းကောင်း၊ ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြု ခွင့်ပြုမိန့်ရရှိသူက လိုက်နာခြင်း ရှိ-မရှိ စစ်ဆေးခြင်း၊

(ခ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း၊

(ဃ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(င) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၄၅။ စစ်ဆေးရေးအဖွဲ့သည် -

(က) ဝန်ကြီးဌာနလက်အောက်ရှိ သတ္တုတွင်းဦးစီးဌာန သို့မဟုတ် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတစ်ခုခုမှ သင့်လျော်သော အရာရှိများကို ဤဥပဒေ အလို့ငှာ စစ်ဆေးရေးအရာရှိများအဖြစ် တာဝန်ပေးအပ်နိုင်သည်။

(ခ) မိမိလုပ်ပိုင်ခွင့်များကို စစ်ဆေးရေးအရာရှိများအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

**အခန်း(၁၂)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၄၆။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ လိုင်စင်ရရှိသူကဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူ၏ကိုယ်စား စီမံအုပ်ချုပ်သူတစ်ဦးဦးကဖြစ်စေ၊ မြေအသုံးပြုခွင့်ပြုမိန့် ရရှိသူကဖြစ်စေ၊ လက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခွင့်အတွက် မှတ်ပုံတင်ထားသူကဖြစ်စေ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ ခွင့်ပြုမိန့်၊ လိုင်စင်၊ မြေအသုံးပြုခွင့်ပြုမိန့် သို့မဟုတ် လက်လုပ်လက်စား မှတ်ပုံတင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းပြုလျှင် အလတ်စား တူးဖော်ထုတ်လုပ်ခြင်းအတွက် ဝန်ကြီးဌာနကလည်းကောင်း၊ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရကလည်းကောင်း အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ဒဏ်ကြေးပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ခ) ခွင့်ပြုမိန့်၊ လိုင်စင်၊ လက်လုပ်လက်စား မှတ်ပုံတင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) ခွင့်ပြုမိန့်၊ လိုင်စင်၊ လက်လုပ်လက်စားမှတ်ပုံတင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

**အခန်း(၁၃)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၄၇။ မည်သူမဆို ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ ပြည်ပသို့ သယ်ဆောင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငါးနှစ်မှ အများဆုံး တစ်ဆယ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)

# 'ထ' ထမနဲ၊ တပို့တွဲ

**ဆူးငှက်**



**သာစွလေ၊ နေလည်းချမ်းမြ၊ လလည်းနှင်းရီ၊**
**ပီပီမထွန်း၊**
**တောင်ထက်ဝန်းလည်း၊ ဆူးပန်းလဲပေါက်၊**
**ဝင်းဝင်းတောက်လျှက်**
**ကမ်းလျှောက်ရေးရေး၊ သဲဖြူဖွေးနှင့်၊**
**ငှက်ကျေးပျံကြွ၊**
**ကောင်းကင်လဝယ်၊ မာဃယှဉ်မှီ၊ ကုံရာသီဟု၊**
**အညီခေါ်မြ၊ တပို့တွဲမှု ... ။**
**(ဟံသာဝတီရောက်မင်း .. ဆို)**

## နှာရည်ယိုရွဲ တပို့တွဲ

တပို့တွဲတဲ့။ ငယ်ငယ်ကတော့ နှာရည်ယိုရွဲတပို့တွဲ ဟုအော်ဟစ်သီဆိုခဲ့ရ၏။ ကျောင်းရောက်တော့ 'ထ' ထမနဲ၊ တပို့တွဲဟု သင်အံခဲ့ရသေးသည်။ ဟုတ်သည်။ တပို့တွဲလကအေးမြနေသည်။ နှင်းတို့တဖွဲဖွဲကျ၏။ မနက်စောစော ဖလန်နယ်အနွေးထည် အထပ်ထပ်ဝတ်ပြီး လက်ကလေးနှစ်ဖက်ပိုက်၍ တုန်ခိုက်ကာချမ်းလိုက်တာဟုပြောလျှင် ဦးကြီးက ချမ်းတာမဟုတ်ဘူး၊ အေးတာကွဟုဆိုလျှင် ဦးကြီးနှယ် ကတ်သီးကတ်သတ်နိုင်ရန်ကော ချမ်းတာနဲ့အေးတာ အတူတူပဲမဟုတ်ဘူးလားဟု စောဒကတက်မိသည်။ အခုမှပဲ ချမ်းတာနှင့်အေးတာကွဲပြားသည်ကို သိရတော့၏။ ချမ်းတာက ကိုယ်ရေးကိုယ်တာ၊ အေးတာက ဥတုရာသီဆိုင်ရာ။ သည်လိုပဲအကြမ်းသဘောမှတ်ထားပါ၏။

## သစ်သားယောက်မကြီးတွေ

မည်သို့ဆိုစေ ... တပို့တွဲလက အေးမြလှချည့်။ ထို့ကြောင့် ခိုက်ခိုက်တုန်မျှ ချမ်းသည်။ နတ်တော်၊ ပြာသို၊ တပို့တွဲဟူသော ဆောင်းရာသီ၏ ဇာတ်လိုက်သုံးလထဲတွင် တပို့တွဲကိုဖြင့် စွဲမြဲမှတ်ထင် သတိရနေသည်။ သို့မဟုတ် လွမ်းဆွတ်နေသည်။ တပို့တွဲလပြည့်နားနီးလျှင် အမေက ကောက်ညှင်းဆန်သန့်သန့်လေးကို ပြည်ခြင်ဖြင့် သေချာဝယ်ထားသည်။ ထို့နောက်နယ်ရှိ ရွာဆွေရွာမျိုးတွေကပေးသော မြေပဲဆန်တွေ၊ နှမ်းတွေကို ရွေးတန်ရွေး၊ ပြာတန်ပြာ၊ နေပြတန်ပြထားသည်။ အုန်းသီးကိုတော့ ဘုန်းကြီးကျောင်းက စွန့်ထားလို့ ရေအိုးစင်ဘေးမှာအဆင်သင့်ရှိနေ၏။ "ဟဲ့ ... နင်အားရင် အုန်းသီးလေးအခွံနွှာပြီးထားလိုက်ဦး" ဟု အမေက ဦးလေးကို လောဆော်နေပြီ။ ဆီကတော့ ကိစ္စမရှိ။ နယ်ကပို့လိုက်သော မြေပဲဆုံဆီစစ်စစ်လေးကို ပီသာဝင်စဉ့်အိုးလေးထဲထည့်ပြီး အဖုံးကို နွားချေးမံ၊ သရွတ်ကျံထား၏။ အဖေကတော့ သဘော်ဝါး ကျပ်ခိုးစင်ပေါ် မနှစ်တပို့တွဲကတည်းက သိမ်းဆည်းထားသော သစ်သားယောက်မကြီးတွေကို အောက်ချကာ ဆေးကြောသန့်စင်နေပြီ။ "ညနေစောင်းရင် နင့်မောင်တွေအပြင်မထွက်ခင် ဓမ္မာရုံက မိုးဖြဲဒယ်ကြီး သွားသယ်ခိုင်းထားဦး" ဟုလည်း အမေ့ကို မှာနေ၏။



## ယောက်ျားဘသား ကြိတ်လိုက်စမ်း

တပို့တွဲလဆန်း ၁၄ ရက်၊ အဖိတ်နေ့ရောက်တော့ အိမ်ရှေ့ကွက်လပ်တလင်းမှာ မီးဖိုကျင်းတူးပြီး အုတ်ခဲတွေဖြင့် ဖိုခနောက်ဆိုင်သည်။ အစ်မတွေက အုန်းသီးခြစ်၏။ ချင်းထောင်း၏။ ဦးလေးတွေက မီးမွှေးပြီ။ အမေက ကောက်ညှင်းဆန်၊ မြေပဲဆန်နှင့် နှမ်းတွေကို ဇလုံတွေထဲထည့်ပြီး အသင့်ပြင်ထားပြီ။ ကျွန်တော်ကဖြင့် ထင်းသယ်ရတာဖတ်ဖတ်မော။ အိမ်နီးချင်းတွေကလည်းအဲဒီဒယ်၊ အဲဒီမီးဖိုမှာပဲလာပြီး ထမနဲထိုးကြမည်။ ညနေ နေဝင်ရီကတည်းက ပြင်ဆင်ကာ ထမနဲထိုးကြတာက ညရှစ်နာရီဝန်းကျင် ရေဒီယိုက သတင်းမလာမီမှာပဲ ပြီးစီး၏။ တပို့တွဲ၏ အအေးဓာတ်က ခါးတောင်းမြောင်အောင်ကျိုက်ပြီး သစ်သားယောက်မကိုယ်စီဖြင့် အားကျိုးခနဲ 'ယောက်ျားဘသား ကြိတ်လိုက်စမ်း' ဟူသော ထမနဲဝိုင်းတော်သားတွေထံမှာ အရှုံးပေးအလံဖြူတင်သွား၏။ ထင်းမီးဖိုကြီးရဲရဲမှာ အဖေလည်းချွေးတလုံးလုံး၊ အမေလည်းချွေးတလုံးလုံး၊ ဦးလေးတွေ၊ အစ်မတွေလည်း ချွေးတလုံးလုံး။ အရာမရောက်သည့် ရှစ်နှစ်သားအရွယ် ကျွန်တော်သည်ပင် ပြေးလွှားရလို့ ချွေးတလုံးလုံး။

## ဘုရားဆွမ်းတော်တင်ဖို့

ဒယ်ပေါ်မှချပြီးစ ကောက်ညှင်းရနံ့၊ မြေပဲရနံ့၊ ချင်းရနံ့၊ အုန်းသီးစိတ်ဖွေးဖွေးရနံ့တို့ဖြင့် သင်းမြနေသောထမနဲတွေကို အမေက ဘုရားဆွမ်းတော်တင်ဖို့၊ ဘုန်းကြီးကျောင်းပို့ဖို့၊ ဆွမ်းလောင်းဖို့ အသီးသီးခွဲဝေသည်။ ပြီးတော့ အိမ်နီးချင်းတွေနှင့်လည်း အချင်းချင်းလဲလှယ်ပေးကမ်းဖို့တဲ့။ ပန်းကန်အသီးသီးနှင့် ခွဲသည်။ ကျွန်တော်က အနားမှာထိုင်ပြီး တံတွေးတွေမျိုချနေရ၏။ ထမနဲရနံ့က မွှေးလှချည့်။ အဖေက ယောက်မကြီးတွေမှာကပ်နေသော ထမနဲတွေကိုသံယောက်မနှင့် ခြစ်ချပြီး ဇလုံလေးထဲထည့်ကာ ကျွန်တော့်ကိုပေးသည်။ ကျွန်တော်က အမေမသိအောင်ဖွက်ပြီး အိမ်ထောင့်ပိတောက်ပင်အောက်မှာ ပုန်းပြီးစားသည်။ အကြောင်းသိသော အစ်မက လိုက်လာကာ ဟိတ် ... ငါ့ဖို့ချန်ဦးတဲ့။ နောက်ရက်တွေမှာဖြင့် ထမင်းပင် မစားဖြစ်တော့။ အိမ်မှာထမနဲတွေ အလျှံပယ်။ အမေက နောက်ရက်တွေအတွက် ထမနဲတွေကို ကျွတ်နေအောင် ကြော်ပေးပြန်သေးသည်။ တပို့တွဲတစ်လလုံး ထမနဲချည်းပဲလေ။

## စည်းလုံးညီညွတ်ခြင်းရဲ့ပြယုဂ်

အသက်ကြီးလာလို့ စာတွေပေတွေထဲဖတ်ရတာကတော့ ထမနဲကစည်းလုံးညီညွတ်ခြင်းရဲ့ ပြယုဂ်တဲ့။ ကောက်ညှင်း၊ ဆီ၊ မြေပဲ၊ နှမ်း၊ ချင်း၊ ဆား၊ အုန်းသီးကအစ သူ့အရသာ၊ သူ့ကောင်းကွက်၊ အသုံးကျမှုတွေရှိပြီးသားတဲ့။ ကောက်ညှင်းက ဟိုးတောင်ပေါ်ဒေသက၊ ဆီကမြေပြန့်မြေလတ်၊ ဆားက မြစ်ဝကျွန်းပေါ်က၊ အုန်းသီးကလည်း ကမ်းခြေကမ်းစပ်ကတဲ့။ အဲလို မြန်မာတစ်ပြည်လုံးနေရာအနှံ့ကနေ စုစည်းညီညွတ်ပြီး တလုံးတစည်းထဲ ပေါင်းစည်းမိတဲ့ ထမနဲတဲ့။ ညီညွတ်အေးချမ်းမှုတခြင်းရဲ့ လက္ခဏာတဲ့။

# စိုက်ပျိုးရေးပညာသင်ဝန်ထမ်းများ အသိပညာ အတွေ့အကြုံ ရှင်းလင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မြေပြင်အခြေအနေတွင် တောင်သူများ အမှန်တကယ် လိုအပ်နေသည့် လိုအပ်ချက်များကို ဖြည့်ဆည်းဝန်ဆောင်မှုပေးရန် စိုက်ပျိုးထုတ်လုပ်ရေး သုတေသနများအပြင် ဈေးကွက်ဆိုင်ရာစစ်တမ်းကောက်ယူ သုတေသနပြုမှုများ ထည့်သွင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက နေပြည်တော်ရုံးအမှတ် ၄၃ တွင် ပြုလုပ်သည့် စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်တွင်းပြည်ပ ပညာသင်ဝန်ထမ်းများ၏ အသိပညာအတွေ့အကြုံ ရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောကြားသည်။

ဝင်ငွေအကျိုးအမြတ်ပိုမိုရရှိရေးနှင့် ပတ်ဝန်းကျင်အပေါ် အကျိုးပြုနိုင်မှုကို ဦးတည်ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ သုတေသနစာတမ်းများကို ဖတ်ကြားတင်ပြရာတွင် တိကျရှင်းလင်းစွာ တင်ပြနိုင်ရေးနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လိုသည့် နောက်ဆက်တွဲလုပ်ငန်းများကိုပါ ပူးတွဲတင်ပြကြစေလိုကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။

ရှင်းလင်းဆွေးနွေးပွဲ၌ ထိုင်းနိုင်ငံတွင် လေ့လာသင်ယူခဲ့သည့် မဟာသိပ္ပံဘွဲ့ အတွေ့အကြုံများကို သီးနှံကာကွယ်ရေးဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်အေးသန္တာချိုနှင့် အပင်ဇီဝနည်းပညာဗဟိုဌာနမှ လက်ထောက်ဦးစီးမှူး ဒေါ်မေဆန်းသော်တာတို့က လည်းကောင်း၊ ကိုရီးယားနိုင်ငံတွင် မဟာသိပ္ပံဘွဲ့လေ့လာသင်ယူခဲ့သည့် ဒုတိယဦးစီးမှူး ဦးလင်းလင်းထွန်းက လည်းကောင်း၊ ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံမှ လက်ထောက်ကထိက ဒေါ်စုမင်းဆွေက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် မဟာသိပ္ပံဘွဲ့အတွေ့အကြုံများကိုလည်းကောင်း၊ လွန်ကျော်ခြံမှ ဦးစီးအရာရှိ ဒေါက်တာစန်းစန်းအေး နှင့် စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲမှ ဦးစီးအရာရှိ ဒေါက်တာနှင်းသီတာညိုတို့က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါရဂူဘွဲ့အတွေ့အကြုံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**ကြေးမုံ**

# သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း ဂါရဝပြုပွဲအတွက် ငွေလှူဒါန်း



**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၏ အမှုဆောင်အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ စာတည်းမှူးချုပ်(ငြိမ်း-ကြေးမုံ)-ဒေါ်နီနီစံတို့က ဒုတိယအကြိမ်အဖြစ် အလှူငွေကျပ်လေးသိန်းနှင့် ဘဏ္ဍာရေးမှူး ဦးထွန်းလင်းအောင် (မဟောသဓာပုံနှိပ်တိုက်လုပ်ငန်း)-ဒေါ်သိင်္ဂီဦးတို့က ဒုတိယအကြိမ် အလှူငွေကျပ် နှစ်သိန်းကို ပေးအပ်လှူဒါန်းကြသည်။

အလားတူ ဩစတြေးလျနိုင်ငံရောက် ဂါဒီယန်သတင်းစာတိုက်ဝန်ထမ်းဟောင်း ဦးမောင်မောင်နှင့်ဇနီး ဒေါ်ဥမ္မာတို့ကလည်း အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ အသင်းအမှုဆောင်များကိုယ်စား ဂါဒီယန်ဝန်ထမ်းဟောင်းများက လက်ခံရယူပေးခဲ့သည်။ **(ဓါတ်ပုံ)** အသက် ၈၀ အထက် သက်ကြီးအသင်းသားများအား ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲကို မတ် ၂၄ ရက်တွင် အာဇာနည်လမ်း ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားအတွက် ပါဝင်လှူဒါန်းလိုသူများ၊ အသက် ၈၀ နှင့် အထက် အသင်းသားကြီးများနှင့် အသင်းဝင်လိုသူများ၊ နှစ်စဉ်ကြေးပေးသွင်းလိုသူများသည် အသင်းအတွင်းရေးမှူး ဦးဇော်ဝင်း ဖုန်း-၀၉ - ၄၂၀၁၀၁၃၈၉ နှင့် တွဲဖက်အတွင်းရေးမှူး ဦးအေးသန်း ဖုန်း-၀၉ - ၄၄၀၁၇၇၆၁၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ကိုဇော်**

## ညောင်လေးပင် လုဒ်မယ်တော်သခင်မပွဲ စည်ကား

**ညောင်လေးပင် ဖေဖော်ဝါရီ ၁၀**

ကက်သလစ်ခရစ်ယာန်ဘာသာဝင်များ၏ ဆုတောင်းပြည့် လုဒ်မယ်တော်သခင်မပွဲတော်ကြီးကို ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ ဖေဖော်ဝါရီ ၁ ရက်မှ ၁၀ ရက်ထိ ကျင်းပလျက်ရှိရာ နေ့စဉ် တိုင်းရင်းသားပေါင်းစုံ လာရောက်လျက်ရှိပြီး ဖေဖော်ဝါရီ ၉ ရက်တွင် မယ်တော်ဂူရှေ့၌ မစ္ဆားတရားတော်များကို ဘာသာစကားအမျိုးမျိုးဖြင့် ဆုတောင်းဝတ်ပြုသူများ ပွဲဈေးတန်းလျှောက်၍ ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။

ညောင်လေးပင်မြို့ ကက်သလစ်ဘုရားကျောင်းထဲမှာ မယ်တော်လိုဏ်ဂူတော်ရှိနေပြီး မယ်တော်ပွဲကို နှစ်စဉ်ကျင်းပလာသည်မှာ (၁၁၇) ကြိမ်ရှိပြီဖြစ်ကာဂူဗိမာန်သက်တမ်းသည်လည်း နှစ်တစ်ရာကျော်ရှိပြီဖြစ်ကြောင်း သိရသည်။ **ရဲမြန်မာ(ညောင်လေးပင်)**



## လားရှိုး၌ ပထမဆုံးအကြိမ် လမ်းကြမ်းစက်ဘီးစီးပြိုင်ပွဲ ကျင်းပ



**လားရှိုး ဖေဖော်ဝါရီ ၁၀**

လားရှိုးမြို့၌ ပထမအကြိမ် လမ်းကြမ်းစက်ဘီးစီး (Mountain Bike Challenge) ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၆ နာရီခွဲက လားရှိုးမြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသည်။

လားရှိုးမြို့တော်ခန်းမရှေ့မှ ဘူတာလမ်းမကြီး၊ လေယာဉ်ကွင်းလမ်း၊ လားရှိုးကြီးလမ်းဆုံမီးပွိုင့်၊ ထောင်ကြီးရှေ့ ရေပူစမ်းသို့သွားရာလမ်းမှတစ်ဆင့် ဟတ်ကာရွာနှင့် မန်နားကျေးရွာကိုဖြတ်ကာ ဟူးမွန်ဆည်ဘက်သို့ စီးနင်းကြမည်ဖြစ်သည်။ မန်ဆူရှမ်းကျောင်းဘေး အဝေးရာလမ်းမကြီးအတိုင်း မြို့တွင်းပြန်ကွေ့ကာ မန်ဆူကားဝင်းဘေးလမ်းမှ သာသနာ ၂၅၀၀ သို့ တက်ကြ၍ ဦးဂိုအင်ဂါ တရားရိပ်သာ ဘေးလမ်းအတိုင်းဆင်းပြီး သာသနာ ၂၅၀၀ ဘုရားကုန်းပေါ်တွင် ပန်းဝင်ကြသည်။

စီးနင်းသူများ အစုအဖွဲ့အားဖြင့် အလွတ်တန်းအဖွဲ့ အသက် ၂၅ နှစ်အောက်အဖွဲ့ အသက် ၂၅ နှစ်မှ ၄၀ နှစ် အောက်အဖွဲ့နှင့် အသက် ၄၀ နှင့်အထက်ဟူ၍လည်း အတန်းလေးတန်းခွဲခြားထားသည်။ ပြိုင်ပွဲဝင် စက်ဘီးပြိုင်ပွဲအားကစားသမား ၂၅၀ ပါဝင်ယှဉ်ပြိုင်ကြကြောင်းသိရပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုများအပြင် ပန်းဝင်သူများအားလုံးကို ဆုများချီးမြှင့်သည်။

ခရီးအရှည်မိုင်အားဖြင့် ၂၀ ကီလိုမီတာရှိကာ မြန်မာနိုင်ငံအနှံ့အပြားမှ စက်ဘီးစီးဝါသနာရှင်များပါဝင်ကြကြောင်း သိရသည်။ **လားရှိုးခရိုင် (ပြန်/ဆက်)**

## မင်းဘူးခရိုင်၌ ကျေးလက်ကုန်ထုတ်လမ်းလေးလမ်း ဖောက်လုပ်မည်

**မင်းဘူး ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ တောင်သူများ၏ စိုက်ပျိုးမြေ ၉၆၃ ဧကကျော်မှ လယ်ယာထုတ်ကုန်များ ကုန်ကျစရိတ်အနည်းဆုံးဖြင့် ဈေးကွက်သို့ သယ်ပို့ပေးနိုင်ရေး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးလက်ကုန်ထုတ်လမ်းလေးလမ်း ဖောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် လျင်မြန်စွာရောက်ရှိစေရန် သယ်ပို့ပေးနိုင်မည့် ဆိပ်ခံသွားလမ်းအပါအဝင် အထောက်အကူပြုလမ်းများ၊ ခေတ်မီစက်မှုလယ်ယာအတွင်းရှိ လမ်းများ၊ ရေကျော်၊ မြောင်းကူးတံတားနှင့် ဆိပ်ခံတံတားများကို ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်မှစ၍ ကျေးလက်ကုန်ထုတ်လမ်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင့်လွင်ဦးထံမှ သိရသည်။

"ကျွန်တော်တို့ မင်းဘူးခရိုင်အတွင်းမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာတော့ မင်းဘူးမြို့နယ် ကုလားပါးကျေးရွာ ကုန်ထုတ်လမ်း ၂ မိုင် ၅ ဒသမ ၁ ဖာလုံ၊ စလင်းမြို့နယ် လက်မဲကျေးရွာကုန်ထုတ်လမ်း ၁ မိုင် ၄ ဖာလုံ၊ ပွင့်ဖြူမြို့နယ် ရွာသစ်ကြီးကျေးရွာ ကုန်ထုတ်လမ်း ၁ မိုင် ၅ ဒသမ ၈ ဖာလုံ၊ ငဖဲမြို့နယ် သာယာကုန်းကျေးရွာကုန်ထုတ်လမ်း ၁ မိုင် ၃ ဒသမ ၅ ဖာလုံ စုစုပေါင်း ၇ မိုင် ၂ ဒသမ ၄ ဖာလုံကို ကျောက်ရောမြေ နှစ်ပေဒု၊ တစ်ပေဒု၊ မြေနီကျောက်စရစ် ကိုးလက်မဒုခင်းခြင်းကို ငွေကျပ် ၂၁၀ ဒသမ ၉၅ သန်းနဲ့ တင်ဒါခေါ်ယူပြီး လုပ်ငန်းများဆောင်ရွက်နေပါတယ်၊ ဒီနှစ်မိုးရာသီ မရောက်မီ အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ၎င်းကပြောကြားသည်။

အဆိုပါ ကုန်ထုတ်လမ်းများ ဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၂၅၄၈၊ လူဦးရေ ၁၀၃၁၉ ဦး၊ စိုက်ပျိုးမြေ ၉၆၃ ဒသမ ၂၆ ဧက အကျိုးပြုမည်ဖြစ်ပြီး ၎င်းစိုက်ပျိုးမြေများမှ လယ်ယာ ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် ဈေးကွက်သို့ လျင်မြန်စွာရောက်ရှိစေရန် သယ်ပို့ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ မင်းဘူးခရိုင်အတွင်း ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်တွင်လည်း ပွင့်ဖြူမြို့နယ် အုန်းတောကျေးရွာ ကုန်ထုတ်လမ်း ၁ မိုင် ၄ ဒသမ ၇၈ ဖာလုံ မြေသားတစ်ပေခွဲဒု မြေနီကျောက်စရစ် ခြောက်လက်မဒုခင်းခြင်းလုပ်ငန်းကို ငွေကျပ် ၃၅ ဒသမ ၈၇ သန်းဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သန်းလွင်(မကွေး)**



မှော်ဘီမြို့နယ် မြောင်းတကာ စက်မှုဇုန်ရှိ Myanmar Typical Production Co.Ltd တွင် ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက မှော်ဘီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်ဆွေနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြည်သူများကို မှုခင်းပြခန်းယာဉ်ဖြင့် လာရောက် ပညာပေးဟောပြောစဉ်။ **ဟန်စိုး**

## ကျောင်းသား ကျောင်းသူများအား မီးသတ်စွမ်းရည်နှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ လက်တွေ့ပြသ

**သီပေါ ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်မီးသတ်ဦးစီးဌာနနှင့် အမက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမြင့်တို့ ပူးပေါင်း စီစဉ်ဆောင်ရွက်သော မီးသတ်အသိပညာရပ်များ လေ့လာဆည်းပူး လက်တွေ့ပြသခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီက ခရိုင်မီးသတ်ဦးစီးဌာန၌ ကျင်းပသည်။

ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာများ၊ မီးငြိမ်းသတ်ရေးစွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေး စွမ်းရည်များအား သရုပ်ပြခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ လက်တွေ့ပြသဆောင်ရွက်ကြပြီး လေ့လာရေးကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ ခရိုင်မီးသတ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **စိုင်း (သီပေါ)**



တိုတိုထွာထွာဖတ်စရာ

## ဝမ်းတွင်းမြို့တွင် စာပေဟောပြောပွဲကျင်းပမည်

**မန္တလေး**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် သဖန်းစံပြကျေးရွာ စာပေဟောပြောပွဲဖြစ်မြောက်ရေးကော်မတီက ကြီးမှူး၍ ဖေဖော်ဝါရီ ၁၉ ရက် ည ၇ နာရီတွင် သဖန်းစံပြကျေးရွာ၌ စာပေဟောပြောပွဲပြုလုပ်မည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် စာရေးဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)နှင့် စာရေးဆရာ မောင်သာချိုတို့က 'စာတတ်သူတိုင်း စာဖတ်ကြပါစို့' ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး ကုသိုလ်ဒါနအဖြစ် နိဗ္ဗာန်ဈေးပွဲတော်ပါ စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်ထားကြောင်း သိရသည်။ **လှလှမြင့်**

## ကန့်ဘလူတွင် ထန်းကုန်နယ်မြေရဲစခန်းသစ်ဖွင့်

**ကန့်ဘလူ**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ထန်းကုန်နယ်မြေရဲစခန်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

ကန့်ဘလူခရိုင်ရဲတပ်မှူး ဒုတိယရဲမှူးကြီး မြင့်ဆွေ၊ ကန့်ဘလူမြို့နယ် စီမံခန့်ခွဲရေးဉက္ကဋ္ဌ ဦးဇော်ဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး လှကျော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများ စုစုပေါင်း ၁၀၀ ကျော်တက်ရောက်ခဲ့ကြပြီး လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် တည်ဆောက်ရခြင်းဖြစ်ကြောင်း ယာယီရဲမှူး လှကျော်ထံမှ သိရသည်။ **လူအောင်(ကသာ)**

## ရထားအဆင်းခြေချော်ကျသူအား ဆေးဝါးကုသပေး

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီးတွင် ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်က အမှတ် (၇) စင်္ကြံအနောက်ဘက်ခြမ်းသို့ ယမင်း (၅) ရန်ကုန်-ကြည့်မြင်တိုင် မြို့ပတ်လော်ကယ်ရထားဆိုက်ရောက်စဉ် ရထားစီးခရီးသည်တစ်ဦး ရထားပေါ်မှအဆင်းတွင် ခြေချော်လဲကျရာမှ ဒဏ်ရာများရရှိခဲ့သဖြင့် ရထားရဲတပ်ဖွဲ့အမှတ် (၁၃) တပ်ခွဲမှူး ဒုရဲမှူးသန်းဇော်ဦးနှင့်အဖွဲ့က ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးပြီး ဆေးဝါးကုသပေးခဲ့သည်။ **ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

## မီးသတ်စခန်းဆောက်လုပ်ရန် ပန္နက်တင်

**ပန်းတောင်း**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ထုံးဘိုကျေးရွာရှိ နယ်မြေမီးသတ်စခန်းမြေနေရာ၌ မီးသတ်စခန်းအဆောက်အအုံသစ်တည်ဆောက်ရန် ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက ပန္နက်တင်အခမ်းအနားကျင်းပသည်။

အဆိုပါ ထုံးဘိုကျေးရွာ နယ်မြေမီးသတ်စခန်းအဆောက်အအုံမှာ သံကူကွန်ကရစ် ၄၅ ပေ× ပေ ၅၀× ၂၆ ပေ RC အုတ်ညှပ်ဆောင်ဖြစ်ကြောင်း သိရသည်။ **အောင်မြင့် (ပန်းတောင်း)**

NEW MOTION TRAVELS & TOURS

ပုဂံ ခရီးစဉ် - Feb 28, Mar 22
မန္တလေး ခရီးစဉ် - Feb 28, Mar 22
ပဲခူး/ဆောက် ခရီးစဉ် - Feb 28, Mar 22
လှိုင်ခေါက် ခရီးစဉ် - Feb 28, Mar 22
တောင်ကြီး ခရီးစဉ် - Feb 28, Mar 22
ချင်းပြည်နယ် ခရီးစဉ် - Feb 28, Mar 22
ထားဝယ် ခရီးစဉ် - Feb 28, Mar 22
မြစ်ကြီးနား ခရီးစဉ် - Feb 28, Mar 22
မြိတ်ကျွန်းစု ခရီးစဉ် - Mar 1, 22
ကော့သောင်း ခရီးစဉ် - Mar 1, 22
အလောင်းတော်ကဿပ ခရီးစဉ် - Feb 28, Mar 22
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 09 731 489 22, 09 260 792 878, 01 527 922, 01 538 811.

ဒါန ဗုဒ္ဓဂယာအဖွဲ့၏ ဘုရားဖူးခရီးစဉ်များ
အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၁၅ ရက်) 700 USD + ၂၀၀၀၀၀ိ/-
အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၈ ရက်) 600 USD + ၁၅၀၀၀၀ိ/-
သီရိလင်္ကာ / ထိုင်း ဘုရားဖူးခရီးစဉ် (၇ ရက်) 1350 USD

လုံးရာသီ (စမ္ဘူဒါး)
Feb-15,22
09 420144148, 09 421153797

ဖွေးပုံ့ ရွှေလမ်း
09 261222294, 09 261222295

ပျောက်ဆုံးကြောင်း
ဖုန်း-၀၉-၂၅၅၇၀၅၇၅၉

STAR
ဒုံပိုမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

Konica ချော Wedding Dress Photo Studio
မင်္ဂလာ ဓါတ်ပုံ၊ ဝတ်စုံ၊ မိတ်ကပ်
ဘွဲ့ ဓါတ်ပုံ၊ ဝတ်စုံ၊ မိတ်ကပ်
သရုပ်ဆောင် - ဇေရဲထက်
* အမှတ် (၇၀)၊ လမ်းမတော် လှည်းတန်းလမ်း၊ ၁၀ လမ်း နှင့် ၁၁ လမ်းကြား၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- 225084
* အမှတ် (၃၆)၊ လှည်းတန်းဈေးဖွဲ့ပိုင်အနီး၊ ရန်ကုန်အင်းစိန်လမ်းမ၊ ကမာရွတ်။ ဖုန်း- 525314

ဦးညှာလွင်
B.Sc(Phys:), M.Sc(Thesis)
ရူပဗေဒ ငွေ ၃ လ(မတ်၊ဧပြီ၊မေ)သင်ရိုးကုန်သင်တန်း
တစ်နှစ်ကြိုသင်သလိုဖြစ်သွားခြင်းကြောင့်ကျောင်းဖွင့်၍ကျောင်းတက်လျှင် သင်ကြားရ ပိုမိုလွယ်ကူစေမည်။
ယခုမှစ၍ကြိုတင်နေရာယူအပ်နှံနိုင်ပြီ။ မတ်လဆန်းစမည်။
အမှတ်(၁၈၆)၊ဆိပ်ကမ်းသာလမ်း။ 01-253205, 09-976622522, 09-420737118, 09-425372209

## ကရာတေးနည်းပြ၊ မျိုးဆက်သစ်နှင့် အဆင့်တိုးဒိုင် သင်တန်းဖွင့်လှစ်မည်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် ကရာတေးနည်းပြသင်တန်း (Coach Accreditation)နှင့် မျိုးဆက်သစ် အဆင့်တိုး (Referee Upgrading) သင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေထိုင်၊ စားသောက်စရိတ်များအား အဖွဲ့ချုပ်မှကျခံပေးမည်ဖြစ်သည်။

သင်တန်းနေ့ရက် - ၁၇-၂-၂၀၁၉ရက်မှ ၂၁-၂-၂၀၁၉ရက်အထိ

သင်တန်းနေရာ - ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း ကရာတေးလေ့ကျင့်ရေးခန်းမ။

**မှတ်ချက်။**

၁၅-၂-၂၀၁၉ရက်(သောကြာနေ့) ညနေ ၄နာရီနောက်ဆုံးထား၍ အဖွဲ့ချုပ်သို့ဖြစ်စေ၊ Fax:01-379939 (သို့မဟုတ်) E-mail: myanmarkarateoffice@gmail.com, Viber No.09961859768တို့သို့ စာရင်းပေးသွင်းရမည်။

၂၀၁၉ခုနှစ်အတွင်း ကျင်းပမည့် ကရာတေးပြိုင်ပွဲများတွင် နည်းပြနှင့် ဒိုင်များအဖြစ် တာဝန်ထမ်းဆောင်မည့်သူများသည် MKF 2nd DAN Level ကို တက်ရောက်ဖြေဆိုအောင်မြင်ထားရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ကလပ်အသီးသီးမှ သင်တန်းသားများ တက်ရောက်ရမည်ဖြစ်ပြီး နည်းပြတစ်ဦးနှင့်ဒိုင်တစ်ဦးစီအတွက် ခရီးစရိတ်နှင့် နေထိုင်စားသောက်စရိတ်အားလုံးကို အဖွဲ့ချုပ်မှ ကျခံပေးမည်ဖြစ်သည်။

**မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်**

San brotherhood
Air-Con, ရေခဲသေတ္တာ၊အဝတ်လျှော်စက်များကို မြန်ဆန်စွာ Servicing လုပ်ဆောင်ပေးပါသည်။
Air-Con အဟောင်းများကို ဈေးကောင်းပေးဝယ်သည်။
Copper Pipe 10Ft
1HP 320,000Ks
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
ဇဝန (သဃ်န်းကျွန်း) 09-5148138, 09-424222217
သမိုင်း(မရမ်းကုန်း) 01-709373, 09-73116475
နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
FMI City(လှိုင်သာယာ) 01-3681854, 09-5084831
နိုဗ္ဗာန်လမ်း (ကြည့်မြင်တိုင်) 01-703684, 09-43130068
ဒညင်းကုန်း (ရွှေပြည်သာ) 09-5012419, 09-73126244
သုဓမ္မာလမ်း(မ/ဥက္ကလာ) 09-5190383, 09-73251535
အင်းဝအိမ်ရာ (တ/ဒဂုံ) 01-709114, 09-5019316
ရွှေဂုံတိုင်မီးပွိုင့် (ဗဟန်း) 09-43083868, 01-703241
ကျောက်မြောင်း (တာမွေ) 09-73004800, 09-73066836
ဆင်မင်းဈေးအနီး (အလုံ) 01-704101, 09-5002738
Capital အနီး (ဒေါပုံ) 09-5053114, 01-708842
ဘုရင့်နောင်လမ်းမ (လှိုင်) 09-5024365, 09-424222218

ဂရာဇ်ဝင်း
(LL.B.)(WIPO, DL-101Switzerland)

iGREEN PILE ရိုက်သည်
09 54 05 799

iGREEN PAE ဖြင့် ဆောက်လုပ်ပေးမည်

ယာဉ်စင်မှုန်နံ့ပါတ်များဝယ်မည်
ရဲမင်းထွန်း
50/51 - 220000Ks
55/500 - 250000Ks
Ph: 09-5050261
09-5404596

## အများသိစေရန် အသိပေးကြေညာခြင်း

ဦးအိန္ဒူ၏သမီးများဖြစ်သော မနီလာဝတီ(TGA-၁၃၃၂၇၁)၊ မစန်းစန်းမွန်(၁၂/သခန(ပြု)၀၀၀၅၀၅)၊မစန်းစန်းရင်(၁၂/သခန(ပြု)၀၀၀၄၉၈)၊မကေသီဝင်း(၁၂/သခန(ပြု)၀၀၀၄၇၄)တို့၏လွှဲအပ်ညွှန်ကြားချက်အရ-

အထက်ပါမနီလာဝတီ+၃တို့မှာ ဦးအိန္ဒူနှင့် (ဒေါ်စန်းစန်းအေး)တို့၏ သမီးများဖြစ်ပြီး၊ မိခင်ဒေါ်စန်းစန်းအေးကွယ်လွန်ပြီးနောက်ပိုင်းတွင် ဖခင် ဦးအိန္ဒူမှ သုံးခွမြို့နယ်၊သိုက်တားကန်ကျေးရွာ၊ ဦးအိန္ဒူပိုင် လယ်မြေများထဲမှ (၃.၂၀)ဧကကို မနီလာဝတီ+၃ဦးအား ကျေးရွာအုပ်ချုပ်ရေးမှူးရှေ့မှောက်တွင်အပိုင်လွှဲပြောင်းပေးအပ် ထားပြီး ဖြစ်ပါသည်။ ထို့အပြင် ဦးအိန္ဒူလက်ရှိနေထိုင်လျက်ရှိသော သိုက်တားကန် ကျေးရွာရှိ နေအိမ်တဲကို ဖခင်ဦးအိန္ဒူ အသက်ထင်ရှားရှိစဉ်နေထိုင်မည်ဖြစ်ပြီး၊ ကွယ်လွန်သည့်အခါတွင် မနီလာဝတီတို့ ညီအစ်မ (၄)ဦးခွဲဝေယူရန်ဖြစ် ကြောင်း ညှိနှိုင်းသဘောတူထားကြပါသည်။

သို့ဖြစ်ပါ၍ကျွန်ုပ်မိတ်ဆွေညီအစ်မ(၄)ဦးအားလွှဲပြောင်း ပေးအပ်ထားပြီးဖြစ်သောလယ်(၃.၂၀)ဧကနှင့် ဖခင်ဦးအိန္ဒူနေထိုင်လျက်ရှိသော နေအိမ်တဲကို ကျွန်ုပ်မိတ်ဆွေညီအစ်မ(၄)ဦး၏ သဘောတူလက်မှတ်ရေးထိုးခြင်းမပါရှိဘဲရောင်းချခြင်း၊ ပေါင်နှံပေးကမ်းခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ကျွန်ုပ် မိတ်ဆွေ ညီအစ်မ(၄)ဦးတို့၏ ပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍တရားဝင် အတည်ဖြစ်မည် မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မနီလာဝတီ၊မစန်းစန်းမွန်၊ မစန်းစန်းရင်၊ မကေသီဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဒေါ်တင်တင်မြ | ဒေါ်နိုင်မွန်မိုး |
| (LL.B, LL.M, D.B.L) | (LL.B, LL.M, D.B.L) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (၈၀၁၄/၂၁-၁၂-၂၀၁၁) | (စဉ်-၃၇၀၀၈) |

အမှတ်(၅၀)၊ဟ/ထပ်၊အခန်း(အေ-၇)၊ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်။
ဖုန်း-၀၉-၅၀၄၇၃၈၃

အများသိစေရန်ကြေညာခြင်း

ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
နှစ်စဉ်အောင်ချက်မြင့်မား၍ ဂုဏ်ထူးရှင်များ နှင့် Top Ten အဆင့်မှီ ကျောင်းသားများမွေးထုတ်ပေးနေသောကျောင်း
မိဘများ၏တောင်းဆိုချက်အရ ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်းမှ မူလတန်း တန်းခွဲသစ်များကို ထပ်မံတိုးချဲ့ဖွင့်လှစ်လိုက်ပါပြီ။
၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အတွက် ကြိုအပ်လက်ခံနေပါပြီ။
မူလတန်းသင်ကြားရေး
Guide
(Cambridge Primary)
4 skill (English)
၁၀ - တန်း တန်းခွဲများ မတ်လ (၂၁)ရက်နေ့ စမည်။
8:30 AM မှ 3:00 PM အထိ

သင့် သွေး ဖြင့် အ သက် ကယ် ပါ


THE CENTRAL
WHERE THE FINEST MEETS
At the Corner of Kabar Aye Pagoda Road and Kanbe Road,
The Central is designed to be a world-class mixed-use development with
Yangon's first retail walking street, F&B complex, luxury residential units,
complete clubhouse facilities, and Grade-A office space. It is a vision for a
vibrant, sustainable and harmonious Yangon.
ကမ္ဘာ့အေးဘုရားလမ်းနှင့်ကန်ဘဲ့လမ်းထောင့်
The Central သည် ရန်ကုန်၏ပထမဆုံးသော ဈေးဝယ်လျှောက်လမ်း၊ စားသောက်ဆိုင်များ၊ အဆင့်မြင့်လူနေအိမ်များ၊
ပြီးပြည့်စုံသော Clubhouse ဝန်ဆောင်မှုများ၊ Grade-A ရုံးခန်းများ ပါရှိသည့် ကမ္ဘာ့အဆင့်မီ
mixed-use development တစ်ခုဖြစ်လာပါမည်။ The Central သည် ရန်ကုန်မြို့၏ သက်ဝင်စိုလွင်ခြင်း၊
နိုင်မာတည်တံ့ခြင်းနှင့် စည်းလုံးခြင်းတို့၏ ရုပ်ပုံလွှာတစ်ခုဖြစ်ပါသည်။
BY INYA LAKE
HOTLINE
+959 777 773 770
/THECENTRALYANGON
PROJECT LOCATION
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar
GALLERY SHOWROOM
No. 7-8, Kabar Aye Pagoda Road, Yankin Township, Yangon, Myanmar.
www.thecentral.com.mm
All information contained herein, including but not limited to statements, drawings, designs, illustrations, photographs, visual representations, models, renderings, areas, specifications, dimensions, plans, graphic materials, features and amenities, depictions of the fittings, finishes, features and other displays in the project, buildings or units (the "Materials") are conceptual and are for reference only to portray artistic impression of the lifestyle that our project aims to create and achieve. All areas and dimensions are approximate measurements subject to final survey, construction variances, and approval by the relevant authorities. Any part or all of the Materials are subject to modification, revision, change or withdrawal at the sole discretion of Marga Landmark Development Co., Ltd. ("Marga Landmark") without any prior notice to any person, and should not be relied upon as representations or warranties, whether express or implied, as to the final details of the project, buildings or units, and consequently cannot and should not form part of a binding offer or contract in respect of the project, buildings or units. Only Myanmar citizens or persons having the investor status in Myanmar may invest in this project. Marga Landmark recommends that interested or relevant persons should seek professional advice. Marga Landmark proposes that interested persons should perform on-site due diligence to gain a better understanding of the development site, its surroundings and nearby public facilities. All intellectual property rights relating to the Materials are owned by, and shall remain the exclusive property of Marga Landmark. Any unauthorized dissemination, reproduction, display or usage of any part of the Materials shall be deemed to constitute an infringement of Marga Landmark's rights, and is strictly prohibited

# ကုမ္ပဏီအမည်ပြောင်းလဲကြောင်းကြေညာခြင်း

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အမည်အား ၂၀၁၇ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Myanma Economic Holdings Public Company Limited)အမည်သို့ပြောင်းလဲခဲ့ပြီး ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ ၆ရက်တွင် နေပြည်တော်၌ကျင်းပခဲ့သော အထူးကျင်းပသည့် အထွေထွေအစည်းအဝေးကြီးမှ အတည်ပြုခဲ့ပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ကုမ္ပဏီ၏လိပ်စာနှင့် လုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ ပြောင်းလဲမှုမရှိဘဲ ယခင်အတိုင်းဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံငှားနိုင်ပါသည်။
09 - 5059821
09 - 43117680

RUBY ကားစီးလုံးငှားသည်
09-51-77212, 519100, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊၃၃၊၂၄၊၁၈၊၁၄၊၁၂) ယာဉ်စီးနှင့် Saloon,Vanကားမျိုးစုံ ငှားနိုင်ပါသည်။ လေဆိပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်မောင်းရှင်များဆက်သွယ်ပါ)

ကိုချစ်ကို
အိမ်ခြံမြေမှ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိပါမစ်မြေ၊ ဂရန်မြေ၊ ဘိုးဘွားပိုင်မြေများ ရောင်းဝယ်ပေးပါသည်။
အကျိုးဆောင်ခလုံးဝပေးရန်မလိုပါ။
09-5094084
09-423224544
အချိန်မရွေးဆက်သွယ်ပါ။

Columbus မှာလေယာဉ်လက်မှတ်ဝယ်ပြီး
KFC gift voucher များရယူလိုက်ပါ



Columbus TRAVELS & TOURS | KFC
ယခုမှစ၍ ၃၁ရက် မတ်လ ၂၀၁၉ အထိ
COLUMBUS TRAVELS ဦးချစ်မောင်ရုံးခွဲ တွင် ပြည်တွင်း ပြည်ပ လေယာဉ်လက်မှတ်ဝယ်သူတိုင်းကို KFC gift voucher များ လက်ဆောင်ပေးနေပါပြီ။
အမှတ်(၅၇)၊ ဦးချစ်မောင်လမ်း၊(အ.ထ.က ၃ - ဗဟန်းကျောင်းရှေ့)၊ဗဟန်းမြို့နယ်။
01-544361, 09-953060501~04

VAC® VALUE ADDED CONSULTANCY မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း
Visit To: www.vacjobsearch.com ...See More Job Details

| | |
|---|---|
| Trade Marketing Manager - Wine & Spirit - SG Co - USD 3500 | (1) |
| National Sales Manager - Automobile - SG Co - USD 3000 | M/F(1) |
| General Manager - Trading - JV Co - USD 3000 | M/F(1) |
| BDD Manager - Beverage - Local Co - 3,000,000/- | M/F(3) |
| Head Of Sales & Marketing - Freight Forwarding - 2,500,000 | M/F(1) |
| Finance Manager - Law Firm - Korea Co - 2,500,000/-Kyats | F(1) |
| Brand Manager - Beverage - Local Co - 2,000,000/- | M/F(1) |
| Sr Chief Accountant - Manufacturing - Local Co - 1,800,000 | F(1) |
| Leasing Manager - Leasing & Property - Chinese Co - 1,500,000 | F(1) |
| Regional Sales Manager - Fertilizator - Local Co - 1,500,000 | M(1) |
| Sales Manager - FMCG - Local Co - 1,500,000 | M/F(1) |
| Digital Marketing Manager - Media - 1,500,000 | M/F(1) |
| Area Sales Manager - FMCG - Local Co - 1,500,000 | M(3) |
| Project Planning Manager - Water Supply - 1,500,000 | M(2) |
| Operation Manager - FMCG / Consumer - India Co - 1,000,000 | M(1) |
| Project Control Engineer - Building - Korea Co - 1,000,000 | M/F(1) |
| Sr Site Engineer - Building - Korea Co - 1,000,000 | M/F(1) |
| Production Manager - Garment - Japan Co - 1,000,000 | F(1) |
| Vietnam Translator - Manufcturing - 8,000,000 | M(1) |
| Japanese Translator - Education Service - Local Co - 600,000 | F(1) |
| Graphic Designer - Trading - India Co - 500,000 | M/F(1) |

How To Apply: Please email to CV@vacjobsearch.com Or vacjobsearch@gmail.com with your Microsoft Word CV file and job title and job Ref No. in subject line.
Phone: 01-395921, 01-395922, 09-73022727, 09-5102094

KMD Institute Since 1986
University of Greenwish (UK) မှ ပေးအပ်သောဘွဲ့၏ ပထမနှစ် ဒီပလိုမာသင်တန်းများ
တစ်ကမ္ဘာလုံး Top 5% စာရင်းဝင် University of Greenwish (UK) ၏ ကွန်ပျူတာသိပ္ပံဘွဲ့ February တန်းခွဲသစ်များ စတင်ဖွင့်လှစ်နေပါပြီ....
UNIVERSITY of GREENWICH | SQA | NCC | ISO



1st Year Diploma in Business IT
(L4DBIT) NCC UK
17 - Feb - 2019 [ 7:00 am To 2:00 pm] (S - S)
21 - Feb - 2019 [ 7:00 am To 11:00 am] (M To F)
SQA Advanced Diploma in Computing
(HND) SQA, UK
16 - Feb - 2019 [ 7:00 am To 2:00 pm]
(Sat - Sun)
အထူးအစီအစဉ်အနေဖြင့် ပထမနှစ် နှင့် ဒုတိယနှစ် ဒီပလိုမာသင်တန်းတက်ရောက်သူများအတွက် လစဉ်အရစ်ကျ (၃)သိန်းပေးသွင်း၍ တက်ရောက်နိုင်မည်ဖြစ်ပါသည်။
Call Now 09770867903
www.facebook.com/kmdncc
KMD (Myaynigone) : No.331, Pyay Road, Myaynigone, Sanchaung Township.
01- 700895, 381776, 381035, 502233, 527436, 220555

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် စတီးဘလိတ်စားသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁-)အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်။
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗညားဒလလမ်း။
Ph: 09-5425251, 09-73225484
အရောင်းခန်းမ(၃) - အမှတ်(၂၄၈)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရေနံဆောင်ဘဏ်ဘေး၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါက်တာဒေါ်စန်းလွင်

### အသက် (၉၆) နှစ်

**ဆေး-၁၊ မန္တလေးဆေးတက္ကသိုလ်၊ ဆေးဝါးဗေဒဌာန၊ ကထိကဌာနမှူး**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ်(၄၉၁)နေ (ဦးကျင်သိန်း-ဒေါ်မမကြီး)တို့၏ သမီးကြီး၊ (ဒေါ်မြင့်သန်း)၏အစ်မကြီး၊ ဒေါ်မိုးမိုးဝင်း၏ မိခင်ကြီးသည် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း ဒါယကာကြီး

## ဦးအောင်စိန် (လ.ဝ.က-ငြိမ်း)

**ဒေးဒရဲ/ကွမ်းခြံကုန်းမြို့**

### အသက် (၈၇) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နေ (ဦးဘိုးတင်-ဒေါ်အုန်းညွန့်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့ မြို့မရပ်ကွက်၊ မြို့မလမ်း၊ အမှတ်(၅၅)နေ (ဦးလှမောင်-ဒေါ်သန်းစိန်)တို့၏သားသမက်၊ ဒေါ်တင်ရွှေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးလှကြိုင်-ဒေါ်တင်မေ၊ ဦးဇော်ဝင်းမြင့်-(ဒေါ်ဝင်းကြိုင်)တို့၏အစ်ကို၊ တူ/တူမ ၂၀ ယောက်တို့၏ဦးလေး၊ မြေး ၁၇ ယောက်တို့၏အဘိုး ဦးအောင်စိန်သည် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ကွမ်းခြံကုန်းမြို့သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ကွမ်းခြံကုန်းမြို့ မြို့မလမ်း၊ အမှတ်(၅၅)နေ (ဦးအောင်စိန်)-ဒေါ်တင်ရွှေတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်စိန်

**(ငွေကိုင်ချုပ်-ငြိမ်း)၊ ကမ်းနားဟိုတယ်**

### အသက် (၈၃) နှစ်

ရန်ကုန်မြို့ သုဝဏ္ဏ၊ မီးဒုံးလမ်း၊ တိုက်(၁၁၇)၊ အခန်း(၅/၆)နေ (ဦးဝိန်ပေါ-ဒေါ်ကြူငုတ်ကွေး)တို့၏သား၊ ဒေါ်ရင်ကြည်၏ခင်ပွန်း၊ ဒေါ်ခင်သီတာ (ကျောင်းအုပ်ဆရာမကြီး၊ အထက၁ခွဲ၊ အလက-၁၊ သဃ်န်းကျွန်း)၊ ဒေါ်သင်းသင်းအေး(လ/ထ ညွှန်ကြားရေးမှူး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)၊ ဒေါ်အေးအေး အောင်(လဝက-ငြိမ်း)၊ ဒေါ်သူဇာအောင်(MEGA)တို့၏ချစ်လှစွာသောဖခင်သည် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်ဝင်းမောင် (ချောက်)

**မင်္ဂလာဗျူဟာအသင်းချုပ်၊ မင်္ဂလာပရဟိတအဖွဲ့၊**
**ပိဋကတ်ဗျူဟာအဖွဲ့၊**
**လယ်တီအနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်(သန်လျင်)**

### အသက် (၇၃) နှစ်

ရန်ကုန်မြို့ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ်(၆၄)နေ (ဦးတင်မောင်-ဒေါ်တင်အေး)တို့၏တစ်ဦးတည်းသောသား၊ ဒေါ်ရှင်မြ(စား/ထွေ-ငြိမ်း)၏ခင်ပွန်း၊ ဦးမင်းသိုက်-ဒေါ်ဝင်းဝင်းနွယ်၊ [ဦးမြတ်သူဝင်း(ခ)မောင်မောင်ဘွား]၊ ဦးအောင်မင်းနိုင်-ဒေါ်နန်းခင်အေး(ခ)ဒေါ်ဝတ်ရည်ဝင်းတို့၏ မွေးသဖခင်၊ မမြတ်ပွင့်ဖြူ(ဖူးဖူး)၊ မလင်းလက်အောင်(တုန်တုန်)၊ မောင်ကျော်ဇင်ဖြိုး၊ မောင်ကြည်ရှင်မင်း (ရှင်ကို)၊ မောင်ကိုကိုတို့၏ချစ်လှစွာသောအဘိုးသည် ၉-၂-၂၀၁၉ (စနေနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီး သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

၁၀-၂-၂၀၁၉ ရက်နေ့ နံနက် ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားသော ဦးမျိုးသွင် အသက် (၇၄)နှစ်၊ B.E(Mech) (1967)၊ အင်ဂျင်နီယာချုပ်၊ စက်မှု-ငြိမ်း၊ဆည်မြောင်း၊ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့်တကွ**
**ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ**
**ဗဟိုကော်မတီဝင်များ**
**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်**
**လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့**

---

## ဝမ်းနည်းကြေကွဲခြင်း

၁၀-၂-၂၀၁၉ ရက်နေ့ နံနက် ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားသော ဦးမျိုးသွင် အသက် (၇၄)နှစ်၊ B.E(Mech) (1967)၊ အင်ဂျင်နီယာချုပ်၊ စက်မှု-ငြိမ်း၊ ဆည်မြောင်း၊ အကျိုးဆောင်စာရင်းစစ်၊ မြန်မာအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံအင်ဂျင်နီယာများ၊ MICEG အဖွဲ့ဝင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့်တကွ**
**ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ**
**ဗဟိုကော်မတီဝင်များ**
**မြန်မာအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့**
**လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့**

---

## အနိစ္စ

## ဒေါ်စန်းစန်းငွေ

**စာပြုတာဝန်ခံ(ငြိမ်း)**
**လမ်းစဉ်ပါတီဌာနချုပ်**
**လဝကဦးစီးမှူး(ငြိမ်း)**

### အသက်(၆၄)နှစ်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ မုဒိတာ အိမ်ရာတိုက် (D-၄၀၈)နေ ဦးစိုးညွှန့် (ပြန်ဆက်ခရိုင်ဦးစီးအရာရှိ-ငြိမ်း)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးတင်ရွှေ-ဒေါ်ကြင်နုတို့၏ သမီး၊ စလေမြို့နေ ဦးသာထိန်-ဒေါ်လှရှိန် တို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ ဦးအေးကြူ (ဆကာကြီး အေးကြူ)-ဒေါ်ခင်မဝင်း (အထပြ-ငြိမ်း)၊ ဗိုလ်မှူးကြီးတင်လှ (ငြိမ်း)-ဒေါက်တာခင်စောမူတို့၏ ညီမ၊ ဦးခင်မောင်လေး (လ/ထ ညွှန်မှူး-ငြိမ်း၊ အလဆ)-ဒေါ်ချိုချိုငွေ(အလပြ-ငြိမ်း)၊ ဦးမျိုးမြင့်ဝေ(ဘဏ်-ငြိမ်း)-ဒေါ်သက်သက်ဝင်း (ဘဏ်-ငြိမ်း)၊ ဦးအောင်ဇော် (မြန်မာ့စီးပွားရေးဘဏ် မန္တလေးတိုင်း မန်နေဂျာ)-ဒေါ်ကြည်ကြည်ရွှေ (ဘဏ်-ငြိမ်း)၊ ဦးအောင်မြင့်(ဦးစီးအရာရှိ၊ စားသုံးသူရေးရာဦးစီးဌာန)-ဒေါ်စိုးစိုးရွှေ(ဘဏ်-ငြိမ်း)တို့၏အစ်မ ဒေါ်စန်းစန်းငွေသည် ၉-၂-၂၀၁၉ ရက် နံနက် ၈း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၉ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၁၉(သောကြာနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ညွန့်ညွန့်အေး (ခ) ဒေါ်ချောစု

**စာရင်းစစ်(၁)၊**
**မြန်မာနိုင်ငံစာရင်းကောင်စီရုံး၊**
**ရန်ကုန်သင်တန်းကျောင်း**

### အသက် (၃၅) နှစ်

ရွှေညောင်မြို့နယ်၊ စဉ့်ဟယ်ရပ်ကွက်၊ အမှတ်(၆၈-က)၊ နယ်မြေ (၂)နေ ဦးသိန်း ညွန့်-ဒေါ်ခင်ခင်ငွေးတို့၏ တတိယသမီး၊ ဦးအောင်နိုင်ဦး (ပလစ-၃၊ မိတ္ထီလာ)-ဒေါ်မျိုးမျိုးအေး၊ ဒေါ်ခင်စိုးသန့်(လျှပ်စစ် နှင့်စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်)တို့၏ ညီမ၊ ဦးအောင်ကိုမင်း (ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြစ်ကြီးနား)-ဒေါ်အိသိမ့်သိမ့်အောင်တို့၏အစ်မ၊ တူ/တူမ သုံးယောက်တို့၏အဒေါ် ဒေါ်ညွန့်ညွန့်အေးသည် ၉-၂-၂၀၁၉ ရက် ည ၈း၅၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ သဖြင့် ၁၁-၂-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် သန်လျင်၊ အမိုးနီသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

## ဦးလင်ဘွန်ဖန်(ခ)ဦးလင်ဘွန်ဖွတ်(ခ)ဦးဝင်း

### အသက်(၁၀၅)နှစ်

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ ဂန္ဓမာလမ်းနှင့် ကံ့ကော်လမ်းထောင့်၊ ယုဇနပလာဇာ မင်္ဂလာအိမ်ရာ၊ ခြံအမှတ်(၂၅)နေ (ဦးလင်ယုမှိုင်-ဒေါ်ဖန်စုမေ)တို့၏ သား၊ [ဒေါ်ကောင်အချွန်(ခ)ဒေါ်အချွန်]၏ ခင်ပွန်း၊ ဦးခင်မောင်မြင့်-ဒေါ်မြစန်းရင်၊ ဒေါ်စမ်းစမ်းဝင်း(ခ)ဒေါ်လင်ဒီလင်း (ငြိမ်း-အိုးအိမ်)၊ ဒေါ်ဒေါ်ရစ်လင်း၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်ခင်ခင်ဝင်း၊ ဦးမျိုးထွန်း(ခ)မျိုးဝင်း(K.M.T Group Ltd.)-ဒေါ်ကြည်ကြည်ဦး၊ ဒေါ်လင်ကင်ရီ(ခ)ရီရီဝင်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မြေးလေးယောက်တို့၏ အဘိုးသည် ၉-၂-၂၀၁၉ (စနေနေ့) နံနက် ၈း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၈း၃၀ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းရီ (ခ) ဒေါ်သန်းရင် (ရှမ်းတဲကြီးအောက်ရွာ)

### အသက် (၁၀၀)

ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းတဲကြီး၊ အောက်ရွာနေ (ဦးထွန်းပု-ဒေါ်ဝိုင်း)တို့၏ သမီး၊ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရန်ကင်းလမ်း၊ အမှတ်(၂၉၆)၊ ပထမထပ်(ဝဲ)နေ (ဦးသန်းအောင်)၏ဇနီး၊ ဦးမြင့်သိန်း-ဒေါ်လှဦး၊ ဦးအောင်သန်း-ဒေါ်နုနုဝေ၊ ဦးခင်အေး-ဒေါ်စန်းစန်းတို့၏မွေးသမိခင်၊ မြေး ကိုးယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၃း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ စာသင်ကျောင်းဒါယကာကြီး

## ဦးစံရင် (သုံးခွမြို့ ဟေမဇလာကျေးရွာ)

### အသက် (၈၉) နှစ်

(ဦးထွန်းလင်း-ဒေါ်နှင်းကြင်)တို့၏ သား၊ (ဦးကြာသီး-ဒေါ်ကြင်သူ)တို့၏ သားသမက်၊ (ဒေါ်ခင်ကြိုင်)၏ခင်ပွန်း၊ ဦးစိန်လှိုင်၊ ဦးချစ်လွင်-ဒေါ်ထားကြည်၊ ဦးဇော်လင်း-ဒေါ်မြင့်ရီ(ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)၊ ဦးဝင်းတင်-ဒေါ်သီတာသိမ်း၊ ဒေါ်စန်းစန်းရီ(ခေတ္တ-အမေရိက)၊ ဒေါ်ရီရီချို၊ ဦးမျိုးသိန်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၉-၂-၂၀၁၉ ရက် ည ၁၀း၂၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် သုံးခွမြို့နယ် ဟေမဇလာကျေးရွာ၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးအေးကို

**ကြီးကြပ်ရေးမှူး (ငြိမ်း)၊ အိုးအိမ်ဦးစီးဌာန**

### အသက် (၈၆) နှစ်

ရန်ကုန်မြို့နေ [ဦးမောင်မြင့်(ဇလွန်)-ဒေါ်မြသန်း]တို့၏သားကြီး၊ ရန်ကုန်မြို့ အမှတ်(၈၃)၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်နေ [ဒေါ်အေးရီ (ဈေးများဌာန၊ ရုံးအုပ်-ငြိမ်း၊ YCDC)]၏ခင်ပွန်း၊ (ဦးအေးချို)၊ ဒေါ်သန်းရီ၊ ဦးထွန်းသန်း၊ ဒေါ်ညွန့်ရီ၊ [ဒေါ်ဝင်းကြည်(MEIC)]၊ ဒေါ်ဆွေဆွေလှဲ့၊ ဦးမြသောင်း(ဒုညွှန်မှူး၊ ရာပြတ်ဌာန-YCDC)-ဒေါ်စန်းစန်းဝင်း(တရားလွှတ်တော်ရှေ့နေ)၊ ဦးဝင်းလင်းအောင်-ဒေါ်ခင်သန်းမြင့်(စာတိုက်ကြီး)၊ ဦးစိုးလွင်-ဒေါ်သန်းသန်းအေးတို့၏အစ်ကိုကြီး၊ (ဦးအောင်ခိုင်)၊ ဦးအောင်နိုင်၊ (ဦးအောင်နေမျိုး)၊ ဒေါ်သက်သက်ရီ(လျှပ်စစ်-ငြိမ်း)၊ ဦးထင်လတ်(2/E)-ဒေါ်သက်သက်နီတို့၏ ချစ်လှစွာသောဖခင်၊ မခိုင်ဇင်လင်းမွန်(MLA)၊ မောင်ထင်အောင်ခန့်(MLA)တို့၏အဘိုးသည် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၄း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့ အမှတ် ၉၇၊ အရိုးကုန်းလမ်း၊ တာမွေမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဇော်မင်း (Sdyney Mya)

**စိန့်ပေါလ်ကျောင်းသားဟောင်း**

### အသက် (၆၉) နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၀-A)၊ ရွှေတောင်ကြားလမ်းနေ [ဦးဘမြ (IWTC)-ဒေါ်ခင်မြ]တို့၏သား၊ (ဦးချမ်းသာ-ဒေါ်ဝါဝါဝင်း)တို့၏သားသမက်၊ ဒေါ်ခင်မြင့်မော်၏ ခင်ပွန်း၊ (မနိုနိုဇော်မင်း)၊ မောင်မင်းသူခန့်(ဒုနှစ်၊ ရူပဗေဒ)တို့၏ဖခင်၊ ဦးဇော်ထွန်းမြ-ဒေါ်ရည်ရည်ဆွေ၊ Dr.ဦးဥက္ကာမြ-Dr.ဒေါ်ချိုချိုလွင်၊ ဒေါ်စန္ဒာမြ၊ ဦးဝင်းအောင်နီ -Dr. ခေမာမြ၊ ဒေါ်ရူပါမြ၊ (ဦးဇေယျာမြ)၊ (ဦးဇာနီမြ)၊ ဦးသော်တာမြ၊ Dr.ဒေါ်ကေသီမြ၊ ဒေါ်ဥမ္မာမြ၊ ဦးအုန်းမောင်ကျော်-ဒေါ်မြင့်မြင့်ဦး၊ ဦးခင်လတ်-ဒေါ်သန်းသန်း၊ ဒေါ်သီသီမာ၊ ဒေါ်ချောစုလှိုင်တို့၏အစ်ကိုကြီးသည် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## မာရီလင်ဒါ စံတီယာဂိုး (Marie Lynda Santiago)

### အသက်(၆၉)နှစ်

သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ မဂ္ဂင် လမ်း၊ အမှတ် (၆၃)နေ (Mr. Michael Santiago), (Mrs. Teresa)တို့၏ ချစ်လှစွာသော ဒုတိယသမီး၊ Angela ၏ ချစ်လှစွာသော ညီမ၊ Clovis, Francina, Sheila, Margaret, Jennifer တို့၏ ချစ်လှစွာသော အစ်မ၊ တူ/တူမ ၁၀ ယောက်တို့၏ အဒေါ်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၉-၂-၂၀၁၉ (စနေနေ့) နံနက် ၇း၄၆ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၁-၂-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် သန်လျင်မြို့နယ်၊ စိန့်ဖရန်စစ်ဇေးဗီးယား ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး သန်လျင်မြို့နယ်၊ ခရစ်ယာန်သုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်အေးတင့် (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)

**ကျိုက်ထိုမြို့နယ်၊ အငြိမ်းစားဝန်ထမ်းများအသင်းဝင်**

### အသက် (၈၃) နှစ်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့နေ (ဦးအေးကို-ဒေါ်မြမြအေး)၊ (ဦးစိန်နီ-ဒေါ်လှခင်)တို့၏ သမီးချွေးမ၊ နေပြည်တော်နေ ဗိုလ်မှူးအောင်မြင့်ဝင်း-ဒေါ်သီတာ၊ ရန်ကုန်မြို့နေ ဦးဉာဏ်ထွန်း-ဒေါ်ငွေမင်းသိန်း၊ ကျိုက်ထိုမြို့နေ ဦးဉာဏ်မင်း-ဒေါ်ချောချောစု၊ သိမ်ဇရပ်မြို့နေ ဦးစိန်လှမင်း-ဒေါ်သင်းသင်းစိုး(ကျောင်းအုပ်ကြီး၊ အမက-သုံးအိမ်စု)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မမြတ်မွန်မွေး (မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်း)၊ မြေး ၁၀ ယောက်၊ မြစ်ငါးယောက်တို့၏ အဘွား၊ [ဗိုလ်ကြီးအောင်ငွေ(ခ.လ.ရ-၂၊ ငြိမ်း)]၏ဇနီးသည် ၉-၂-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁၂း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲတွင် သိမ်ဇရပ်မြို့ နဝရတ်ရပ်ကွက်၊ သုဝဏ္ဏအိမ်ရာ (၁၇/၁)နေ (ဗိုလ်ကြီးအောင်ငွေ-ဒေါ်အေးတင့်)တို့၏နေအိမ်၌ တရားတော်နာယူပြီး မွန်းလွဲတွင် သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၁၉ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးလှကို

**(ရေကြောင်းဦးစီးဌာန-ငြိမ်း)**

### အသက် (၇၆) နှစ်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၂၉)၊ (8-B)နေ ဒေါ်ခင်ဝင်းကြည်၏ခင်ပွန်း၊ ဦးနန္ဒကိုကို-ဒေါ်အိအိမော်၊ ဦးထွန်းထွန်းဝင်း-ဒေါ်လှိုင်သန္တာအောင်၊ ကိုနိုင်အောင်-မသဇင်နွယ်တို့၏ချစ်လှစွာသောဖခင်၊ မြေး လေးယောက်တို့၏ အဘိုးသည် ၉-၂-၂၀၁၉ (စနေနေ့) ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၁၁-၂-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၂-၂၀၁၉ ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးသွင် (B.E-Mech, 1967 Batch)

**အင်ဂျင်နီယာချုပ် (စက်မှု)၊ ငြိမ်း၊ ဆည်မြောင်း**
**ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်**

### အသက် (၇၄) နှစ်

ရန်ကုန်မြို့ အမှတ်(၂၃)၊ ယုဇနလမ်းနေ [ဦးမြငွေ (တတိယညွှန်ကြားရေးမှူး၊ ကာကွယ်ရေးငွေစာရင်းဌာန)-ဒေါ်မြမြသိန်း(ရုံးအုပ်၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)]တို့၏သားကြီး၊ (ဦးမျိုးလွင်)၏အစ်ကို၊ ဒေါ်ချိုချို(တိုင်းစာရင်းစစ်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၏ခင်ပွန်း၊ ကိုမျိုးသူရိန်-မအိရွှေစင်ထွန်း၊ ကိုရဲသီဟအောင်-မစုထွေးငြိမ်းတို့၏ချစ်လှစွာသောဖခင်၊ မသုရွှန်းလဲ့ထွန်း(TTC)၏ ချစ်လှစွာသောအဘိုးသည် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၀၀း၃၀ နာရီတွင် အမှတ်(63-F)၊ သာယာကုန်းလမ်း၊ အင်းစိန်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးဆက်

**သဘော်ဆက်သွယ်ရေးအရာရှိဟောင်း**

### အသက် (၇၁) နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း၊ အမှတ်(၆၅/ဘီ)၊ မြေညီထပ်နေ (ဦးမြသန်း-ဒေါ်တင်လှ)၊ (ဦးသန်းကျော်-ဒေါ်မြချစ်)တို့၏သား၊ ဦးစိန်အေး-ဒေါ်ယဉ်ယဉ်နုတို့၏မောင်၊ ဒေါက်တာမိုးမြင့်-ဒေါက်တာခင်မြတ်နွယ်၊ ဦးမြင့်လွင်-ဒေါ်တင်တင်မြ၊ ဒေါ်မိုးမိုးရီ(MICB)၊ ဦးရန်နောင်စိုး (အိမ်ကမ္ဘာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)-ဒေါ်ခင်ဥတို့၏အစ်ကို၊ တူမ ခြောက်ယောက်တို့၏ ဦးလေး၊ ဒေါ်ဆန်းဆန်းယု (စီမံကိန်းရေးဆွဲရေး ဦးစီးအရာရှိ-ငြိမ်း)၏ခင်ပွန်းသည် ၁၀-၂-၂၀၁၉ ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးဆက်

**သဘော်ဆက်သွယ်ရေးအရာရှိဟောင်း**

### အသက် (၇၁) နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း၊ အမှတ်(၆၅/ဘီ)၊ မြေညီထပ်နေ (ဦးမြသန်း-ဒေါ်တင်လှ)၊ (ဦးသန်းကျော်-ဒေါ်မြချစ်)တို့၏သား၊ ဦးစိုးစစ်-ဒေါ်သန်းသန်းယု၊ ဦးငွေဦး-ဒေါ်ခင်မြင့်၊ ဒေါ်ခင်ငွေစိုး၊ ဦးအောင်ချမ်းသာ၊ ဒေါ်စန်းမြင့်ထွေး၊ ဦးခင်မောင်ရီ-ဒေါ်စန်းမြင့်အေး၊ ဦးအေးမင်းထွန်း-ဒေါ်သန်းမြင့်ထွေးတို့၏ အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ဦးလေး၊ ဒေါ်ဆန်းဆန်းယု(စီမံကိန်းရေးဆွဲရေး ဦးစီးအရာရှိ-ငြိမ်း)၏ခင်ပွန်းသည် ၁၀-၂-၂၀၁၉ ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးစန်းလွင်

**ရဲအုပ်၊ သတင်းတပ်ဖွဲ့(ငြိမ်း)**

### အသက် (၆၄)နှစ်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်(၅၇-A)နေ ဒုရဲမှူးကြီး ဒေါ်စန်းစန်းရီ (သတင်းတပ်ဖွဲ့)၏ ခင်ပွန်း၊ ဦးနောင်နောင်လင်း-ဒေါ်နိုင်နှင်းဖြူလွင်၊ ဒေါက်တာခိုင်မင်းထက်(လက်ထောက်ဆရာဝန်၊ ရောဂါဗေဒ)တို့၏ဖခင်၊ မလင်းဝဿန်ခိုင်၊ မလင်းဝသုန်ခိုင်တို့၏ အဘိုးသည် ၁၀-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းအခမ်းအနား ကျင်းပပုံများကို နံနက် ၆ နာရီ မိနစ် ၄၀ မှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြား (MRTV)နှင့် မြန်မာ့အသံရေဒီယို အစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာများ ဖော်ပြသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြု ဘာသာရပ်များကို ဖေဖော်ဝါရီ ၁၂ ရက်မှစ၍ ကြေးမုံသတင်းစာတွင် အောက်ပါအတိုင်း ဖော်ပြပေးသွားမည်ဖြစ်သည်။

| စဉ် | ဘာသာရပ် | ဖော်ပြမည့်ရက် |
|---|---|---|
| ၁ | မြန်မာစာ | ၁၂-၂-၂၀၁၉ |
| ၂ | စိတ်ကြိုက်မြန်မာစာ | ၁၃-၂-၂၀၁၉ |
| ၃ | အင်္ဂလိပ်စာ | ၁၄-၂-၂၀၁၉ |
| ၄ | သင်္ချာ | ၁၅-၂-၂၀၁၉ |
| ၅ | ဓာတုဗေဒ | ၁၆-၂-၂၀၁၉ |
| ၆ | ရူပဗေဒ | ၁၇-၂-၂၀၁၉ |
| ၇ | ဇီဝဗေဒ | ၁၈-၂-၂၀၁၉ |
| ၈ | ပထဝီဝင် | ၁၉-၂-၂၀၁၉ |
| ၉ | သမိုင်း | ၂၀-၂-၂၀၁၉ |
| ၁၀ | ဘောဂဗေဒ | ၂၁-၂-၂၀၁၉ |

**သတင်းစဉ်**

# တိုက်ပွဲရှောင်နေရသော ရခိုင်တိုင်းရင်းသားများနှင့် ဒေသခံပြည်သူများအား တတိယအကြိမ် ထောက်ပံ့ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ရခိုင်ပြည်နယ် ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် တိုက်ပွဲရှောင်နေရသော ရခိုင်တိုင်းရင်းသားများနှင့် ဒေသခံပြည်သူများအတွက် ယနေ့နံနက်ပိုင်းက တတိယအကြိမ် ထောက်ပံ့ပေးအပ်သည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တိုက်ပွဲရှောင်ရခိုင်တိုင်းရင်းသားများနှင့် ဒေသခံပြည်သူများအတွက် ဆန်ရိက္ခာ တစ်လစာ ထောက်ပံ့ငွေကျပ် ၄၂၇၆၈၀၀၀ အား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့်အဖွဲ့ထံ ပေးအပ်စဉ်။

## (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်
## ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ စတင်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများဖြစ်ကြသော ထုပ်ဆီးတိုး(အမျိုးသမီး)၊ လွန်ဆွဲ(အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲများကို ယနေ့ နံနက် ၈ နာရီမှစ၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း (၁၊ ၂၊ ၃)တို့၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❍**



(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲတွင် လွန်ဆွဲပြိုင်ပွဲ ကျင်းပစဉ်။

## အိန္ဒိယဖိတ်ခေါ် အမျိုးသမီးပြိုင်ပွဲ မြန်မာနှင့် အီရန် ယနေ့ ယှဉ်ပြိုင်ကစားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

အိန္ဒိယနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၉ Hero Gold Cup အိန္ဒိယဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ဖေဖော်ဝါရီ ၁၁ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် မြန်မာအသင်းနှင့် အီရန်အသင်း၊ မြန်မာစံတော်ချိန် ည ၈ နာရီတွင် အိမ်ရှင်အိန္ဒိယနှင့် နီပေါအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယနေ့ကျင်းပမည့် အုပ်စုဒုတိယနေ့မှာ အသင်းတိုင်းအတွက် အရေးပါနေသည်။ နိုင်ပွဲရထားသည့် မြန်မာနှင့် အိန္ဒိယအသင်းတို့ ထပ်မံအနိုင်ရပါက ဗိုလ်လုပွဲသို့ စောစီးစွာတက်ရောက်နိုင်မည်ဖြစ်ပြီး ရှုံးပွဲကြုံတွေ့ထားသည့် နီပေါနှင့် အီရန်အသင်းမှာလည်း နိုင်ပွဲရယူနိုင်မှသာ ဗိုလ်လုပွဲတက်ရောက်ခွင့် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။

ပထမနေ့တွင် မြန်မာအသင်းက နီပေါအသင်းကို သုံးဂိုးပြတ်အနိုင်ရပြီး အိန္ဒိယအသင်းက အီရန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယင်းပြိုင်ပွဲတွင် မြန်မာ၊ အိန္ဒိယ၊ အီရန်၊ နီပေါအသင်းတို့ ယှဉ်ပြိုင်နေပြီး ပတ်လည်စနစ်ဖြင့်ကျင်းပကာ အမှတ်အများဆုံးနှစ်သင်း ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**


